မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟာဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၀၈၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များ၏ ကြားရက်များကို တစ်ဆက်စပ်တည်းပိတ်ပေးပြီး ပိတ်သောရက်များအတွက် စနေတစ်ရက် ပြန်အစားထိုးရန်သတ်မှတ်

နေပြည်တော် ဒီဇင်ဘာ ၂၁

နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များကြားရှိ အောက်ပါရုံးဖွင့်ရက်များကို တစ်ဆက်တည်း ရုံးပိတ်ရက်အဖြစ်သတ်မှတ်ပေးသွားမည်ဖြစ်သည်-

(က) ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်(စနေနေ့)၊ ၂၉ ရက်(တနင်္ဂနွေနေ့)၊ ၃၀ ရက်(ကရင်နှစ်သစ်ကူးနေ့)နှင့် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တို့ကြားရှိ ၂၀၂၄ ခုနှစ်၊ **ဒီဇင်ဘာလ ၃၁ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ခ) ၂၀၂၅ ခုနှစ်၊ မတ်လ ၁၃ ရက်(တပေါင်းလပြည့်နေ့)၊ ၁၅ ရက်(စနေနေ့)နှင့် ၁၆ ရက်(တနင်္ဂနွေနေ့)တို့ကြားရှိ **မတ်လ ၁၄ ရက်နှင့် တပေါင်းလပြည့်နေ့၏ ရှေ့တစ်ရက်ဖြစ်သည့် မတ်လ ၁၂ ရက်**၊ (ရုံးပိတ်ရက် ၅ ရက်)၊

(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်(စနေနေ့)၊ ၂ ရက်(တနင်္ဂနွေနေ့)နှင့် ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တို့ကြားရှိ **နိုဝင်ဘာလ ၃ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)၊

စာမျက်နှာ ၄ ကော်လံ ၁ ◆

တနင်္သာရီတိုင်းဒေသကြီး၌ နိုင်ငံခြားဈေးကွက်ဝင်သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီကို ယခုနှစ်တွင် ၁၈၇၄ ဧက စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးနိုင်

မြိတ် ဒီဇင်ဘာ ၂၁

တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ နိုင်ငံခြားဈေးကွက်ဝင် သီးနှံတစ်မျိုးဖြစ်သည့် ကော်ဖီကို ယခုနှစ်တွင် ၁၈၇၄ ဧကအထိ စီးပွားဖြစ် တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ကော်ဖီကို ၂၀၂၃ - ၂၀၂၄ ခုနှစ်က ကော်ဖီစိုက်ဧက ၁၁၄၈ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ယခု ၂၀၂၄- ၂၀၂၅ ခုနှစ်တွင် ၃၀၂၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်း ဒေသကြီးသည် မိုးရွာသွန်းမှုများပြီး အီကွေတာရာသီဥတုရှိသဖြင့် *စာမျက်နှာ ၄ ကော်လံ ၃* ❖

ယနေ့ ဖတ်စရာ

ယာဉ်စီးခငွေပေးချေရန် YPS ကတ်အသုံးပြုသူဦးရေ နှစ်သိန်းကျော်ရှိလာပြီး QR Code အသုံးပြုရန် App Download ပြုလုပ်ပြီး အသုံးပြုသူဦးရေ တစ်သိန်းခွဲကျော်ရှိ

ပြည်တွင်းသတင်း | စာ ၆

တက္ကသိုလ် ကျောင်းသား- ပြည်သူ့စစ်သား

ဆောင်းပါး | စာ ၈

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိပါသည်။

အကုသလဟိတ်သုံးပါး ဒုစရိုက်မှုများမှ ရှောင်ကြဉ်

လူတို့၏ ရှင်သန်စဉ်ဘဝတာကာလအတွင်း စိတ်သဘာဝအလျောက် မွေ့လျော်ကျက်စားသည့် အာရုံတို့ကို အကြောင်းပြု၍ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ပြုလုပ်လျက်ရှိကြသည်။ ကုသိုလ်တရားဟူသည် အပြစ်မရှိခြင်း၊ ကောင်းသောအကျိုးပေးခြင်းလက္ခဏာတို့ရှိ၍ အကုသိုလ်တရားတို့ကမူ အပြစ်နှင့်တကွဖြစ်ခြင်း၊ မကောင်းသောအကျိုးပေးခြင်းဟူသည့် လက္ခဏာတို့ရှိကြသည်။

ဟေတုပစ္စယောဟူသော ပဋ္ဌာန်းတရားတော်အရ အလောဘ၊ အဒေါသ၊ အမောဟဟူသော ကုသိုလ်ဟိတ်သုံးပါးတို့သည် ကောင်းမွန်သောစိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်ဖြစ်သည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကို ဖြစ်ပေါ်စေသကဲ့သို့ လောဘ၊ ဒေါသ၊ မောဟဟူသော အကုသိုလ်ဟိတ်သုံးပါးတို့သည် ယုတ်ညံ့သောစိတ်၊ စေတသိက်နှင့် စိတ္တဇရုပ်ဖြစ်သည့် ကိုယ်အမူအရာ၊ နှုတ်အမူအရာတို့ကိုဖြစ်ပေါ်စေသည်။ ကုသိုလ်ဟိတ်သုံးပါးတို့သည် လူ့ဘဝတွင် ကြုံကြရသည့် အပူဓာတ်၊ အလောင်ဓာတ်တို့ကို ငြိမ်းအေးစေပြီး လူနတ်ဗြဟ္မာ စသောသုဂတိဘုံမှသည် နိဗ္ဗာန်သို့ရောက်သည်အထိ သယ်ဆောင်ပို့ပေးနိုင်သည်။ အကုသိုလ်ဟိတ်သုံးပါးတို့မှာမူ သတ္တဝါတို့အား လောင်မြိုက်စေသည့် ကိလေသာမီးများပင်ဖြစ်သည့်အလျောက် လူတို့၏သန္တာန်၌ စွဲထင်နေဆဲအခိုက်မှာပင် စိတ်ကိုညစ်နွမ်းပူလောင်စေသလို ရုပ်ခန္ဓာကိုလည်း ပင်ပန်းဆင်းရဲစေသည်။ အသွင်သဏ္ဌာန် ဟန်ပန်အမူအရာအားဖြင့် ခက်ထန်ကြမ်းကြုတ်သည့်အလျောက် ပတ်ဝန်းကျင်ကိုပါ ချောက်ချားတုန်လှုပ်စေသည်။ ဘဝများစွာသံသရာကို ရှည်လျားစေကာ အပါယ်ဘုံသို့ ဆွဲချစေနိုင်သည့် တရားများပင်ဖြစ်သည်။

ဘဝများစွာက ပြုခဲ့သည့် ကုသိုလ်ဟိတ်တို့၏ ကျေးဇူးပြုမှုကြောင့် ရုပ်တရား၊ နာမ်တရားတို့နှင့် ဖွဲ့စည်းထားသည့် သတ္တဝါများအနက် ယခုဘဝတွင် လူဟူသောအဖြစ်ကို ရရှိလာခြင်းဖြစ်ရာ ရခဲလှသည့် လူ့ဘဝ၊ အရေးတော်လှသည့် လူ့ဘဝကို တန်ဖိုးထားကြရန်လိုသည်။ တန်ဖိုးရှိသည့် လူတစ်ဦးအနေဖြင့် ကမ္ဘာလောကကြီး၏ အကျိုးကိုသယ်ပိုးရန်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အကျိုးကိုသယ်ပိုးရန်၊ မိမိကိုယ်ကို မြှင့်တင်ရန်ဟူသည့် လူသားတာဝန်များကို မိမိတို့စွမ်းနိုင်သမျှ ကျေပွန်ကြရမည်လည်းဖြစ်သည်။ လောဘ၏သဘော၏ လိုချင်တပ်မက်မောခြင်းဖြစ်ပြီး ရလာသည့်အခါတွင်လည်း အလိုပြည့်သည်ဟူ၍ မရှိ။ ငွေသိန်းတစ်ရာပိုင်ဆိုင်သူသည် သိန်းတစ်ထောင်ပိုင်ဆိုင်လို၏။ သိန်းတစ်ထောင်ရလာလျှင်လည်း တင်းတိမ်ဦးမည်မဟုတ်။ နောက်ထပ်သိန်းထောင်ပေါင်းများစွာ၊ သန်းထောင်ပေါင်းများစွာ၊ ဘီလီယံပေါင်းများစွာ စသည်ဖြင့် အဆုံးမရှိပိုင်ဆိုင်လိုကြပြန်သည်။ သို့ဖြစ်ရာ လောင်စာထင်းများ ဘယ်လောက်ထည့်ထည့် အတောမသတ်လောင်ကျွမ်းသည့် မီးဖိုကြီးနှင့်တူသော လောဘ၏သဘောကို စောကြောကာ တရားမဲ့လောဘတို့ကို ထိန်းကွပ်ငြိမ်းသတ်ကြရမည်ဖြစ်သည်။

ဒေါသသည် ခက်ထန်မာန်စောင်ခြင်း၊ ပုတ်ခတ်ညှင်းဆဲလိုခြင်း၊ သည်းခံခွင့်လွှတ်မှု ခေါင်းပါးခြင်း၊ သောကဗျာပါဒနှင့် ပူဆွေးဝမ်းနည်းခြင်းသဘောရှိပြီး၊ မောဟတရားကမူ အသိဉာဏ်ပညာကင်းမဲ့ခြင်း၊ တွေဝေမိုက်မဲခြင်း၊ ကုသိုလ်၊ အကုသိုလ်ဟူ၍ ခွဲခြားနိုင်စွမ်းမရှိခြင်း၊ လောဘနှင့် ဒေါသတို့ကို ဦးစီးခေါင်းဆောင်ခြင်းဟူသည့် သဘောများရှိသည်။ မောဟက ဦးဆောင်ကာ လောဘနှင့် ဒေါသတို့က အကောင်အထည်ဖော်သည့် မကောင်းမှုဒုစရိုက်အမှုများကိုလည်းကောင်း၊ မကောင်းမှုဒုစရိုက်ပြုသူတို့၏ ပျက်စီးမှုတို့ကိုလည်းကောင်း ပြီးခဲ့သည့် ရက်ပိုင်းအတွင်း သတင်းများ၌ မိမိတို့မျက်ဝါးထင်ထင် တွေ့မြင်ကြရပြီးဖြစ်သည်။

ဥပဒေသဘောအရ မကောင်းမှုဟူသည် စိတ်ကွယ်ရာမရှိသကဲ့သို့ တရားသဘောအရလည်း မကောင်းမှုအကုသိုလ်တို့၏ တန်ပြန်အကျိုးပေးမှုမှာ ယခုဘဝတွင်ရော၊ နောင်သံသရာ၌ပါ အရိပ်ပမာလိုက်ပါလျက် ရှောင်လွှဲမရ ခံစားကြရမည်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟတို့၏ အပြစ်သဘောကို ဆင်ခြင်ကြကာ အကုသိုလ်၊ ဒုစရိုက်အမှုတို့ကို အနည်းငယ်မျှပင်မပြုဘဲ ရှောင်ကြဉ်နိုင်ကြပါစေကြောင်း။ ။

၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

၂၁ - ၁၂ - ၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၅,၂၅၀,၀၀၀ ကျပ် ဖြစ်သည်။

(ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ)

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၁

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ချင်းပြည်နယ်တွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂ - ၁၂ - ၂၀၂၄

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၃၀၁၀	၃၂၂၅	၃၀၉၀	၃၀၂၅	၃၂၄၀	၃၂၄၅	၃၂၆၅	၃၀၈၀	၄၅၀၅	၃၄၇၅	၃၂၀၀	၃၂၀၀	၃၂၇၀	၃၂၃၅	၃၂၅၅	၃၅၁၅	၃၉၅၀
95 Ron	၃၂၂၀	၃၃၃၅	၃၃၀၀	၃၂၃၅	၃၃၄၀	၃၃၅၅	၃၃၇၅	၃၂၈၅	၄၅၆၀	၃၅၈၅	၃၃၁၀	၃၃၁၀	၃၃၈၀	၃၃၄၅	၃၃၇၀	၃၆၂၅	၄၁၀၀
HSD (500 ppm)	၂၆၅၅	၂၇၇၀	၂၇၃၅	၂၆၇၀	၂၇၇၅	၂၇၉၀	၂၈၁၀	၂၇၂၅	-	၃၀၂၀	၂၇၆၅	၂၇၆၅	၂၈၁၅	၂၇၈၀	၂၈၀၀	၃၀၆၀	၃၉၅၀
HSD (50 ppm)	၃၂၉၀	၃၄၀၅	၃၃၇၀	၃၃၀၅	၃၄၁၀	၃၄၂၅	၃၄၄၀	၃၃၆၀	၄၈၃၀	၃၆၅၅	၃၃၇၅	၃၃၈၀	၃၄၅၀	၃၄၁၅	၃၄၃၅	၃၆၉၀	-
HSD (10 ppm)	၃၂၉၀	၃၄၀၅	၃၃၇၀	၃၃၀၅	၃၄၁၀	၃၄၂၅	၃၄၄၀	၃၃၆၀	-	၃၆၅၅	၃၃၇၅	၃၃၈၀	၃၄၅၀	၃၄၁၅	၃၄၃၅	၃၆၉၀	-

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၉၃၈	၃၀၃၁
95 Ron	၃၀၄၆	၃၁၄၀
HSD (500 ppm)	၂၄၉၇	၂၅၇၇
HSD (50 ppm)	၃၁၁၁	၃၂၀၃
HSD (10 ppm)	၃၁၁၁	၃၂၀၃

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၃၁၁၃၇၇၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၃၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - စိုးစိုးနိုင်
စာတည်းမှူး - မြင့်စိုး
စာတည်းများ - ဝင်းကျော်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့
သတင်းထောက်မှူး - ခင်ရတနာ
အကြီးတန်း - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ - ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ
ဓာတ်ပုံသတင်းထောက် - တင်စိုး
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

ရန်ကုန်မြို့၏ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် CHID Bank ၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၁

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်-CHID Bank(အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်)၏ (၁၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ CHID Bank (ရုံးချုပ်) ၌ ကျင်းပသည်။

အစည်းအဝေးသို့ CHID ဘဏ်နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘဏ်အစုရှယ်ယာရှင်များ၊ စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က CHID Bank ကို နိုင်ငံတော်၏ ဆောက်လုပ်ရေးနှင့် အိမ်ရာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေရန် ၂၀၁၃ ခုနှစ် မေတွင် တည်ထောင်ခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီတွင် ဘဏ်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ဆယ်နှစ်ကျော်ရှိခဲ့ပြီဖြစ်ကြောင်း၊ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်၏လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ စဉ်ဆက်မပြတ် စနစ်တကျ လိုက်နာဆောင်ရွက်နေသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူများ စိတ်ချယုံကြည်အားကိုးရသော ဘဏ်အဖြစ် ဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်လုပ်ငန်းစဉ်များ၊ စည်းမျဉ်း/စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာများနှင့်အညီ Digital Banking စနစ်ဖြင့် လုပ်ဆောင်နိုင်ရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ်အမှုဆောင်အရာရှိချုပ်နှင့် စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဘဏ်၏ ပြင်ပစာရင်းစစ် အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များအား အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်ခြင်းနှင့် အမည်စာရင်း အတည်ပြုကြေညာခြင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်ခြင်း၊ အခကြေးငွေ သတ်မှတ်ခြင်း၊ အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသော မေးခွန်းများနှင့် အကြံပြုချက်များ ပြန်လည်ဖြေကြားခြင်း၊ စာရင်းစစ်ကော်မတီဝင်များ ခန့်အပ်ခြင်း၊ အတည်ပြုချက် ရယူခြင်းနှင့် အမည်စာရင်း ကြေညာခြင်းတို့ ဆောင်ရွက်ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ငါးထပ်အဆောက်အဦကို မူလရှေးပုံစံမပျက် အကြီးစားပြင်ဆင်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

(၃၂) ကြိမ်မြောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်း၊ ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသူအသင်းသားများနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ဦးစွာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ ဆောင်ရွက်ခဲ့မှုသမိုင်းကြောင်းမှတ်တမ်းဗီဒီယိုကို ပြသပြီး မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက စားသုံးသူပြည်သူများ စားသုံးဆီမပြတ်လပ်ရေး၊ အရည်အသွေး ကောင်းမွန်ပြီး ဈေးနှုန်းသက်သာသည့် စားသုံးဆီများ ဖြန့်ဖြူးနိုင်ရေးကို အသင်းမှ ဦးတည်ဆောင်ရွက်ခဲ့ပါကြောင်း၊ အသင်းအနေဖြင့် နိုင်ငံတော်အစိုးရ၊ စားသုံးသူများနှင့် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအကြား ပေါင်းကူးတံတားသဖွယ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မျိုးစေ့ဆိုင်ရာ ထုတ်လုပ်မှုတို့တွင် အသင်းမှ ဝိုင်းဝန်းကူညီပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အသင်းသည် အသင်းသူ အသင်းသားတို့၏ အကျိုးစီးပွားကို အစဉ်ပံ့ပိုးပေးလျက်ရှိပြီး ကုန်ဈေးနှုန်းတည်ငြိမ်ရေးကိုလည်း နိုင်ငံတော်အဖွဲ့အစည်းများနှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးအေးဝင်းတို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြပြီး ၂၀၂၃-၂၀၂၄ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေ စာရင်းရှင်းတမ်း၊ စာရင်းစစ်အစီရင်ခံစာ၊ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေ စာရင်းရှင်းတမ်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်ခြင်းတို့ကို တာဝန်ရှိသူများက တင်ပြကြကာ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဇော်က ကျေးဇူးတင်စကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

(၃၂)ကြိမ်မြောက် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ပြခန်းပေါင်း ၁၅ ခန်း ပါဝင်ပြသခဲ့ရာ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းကို ၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယနေ့အထိ အသင်းဝင်ပေါင်း ၉၀၀၀ ကျော်ရှိကာ အသင်း၏ အဓိကမျှော်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ဆီထွက်သီးနှံနှင့် စားသုံးဆီကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ၂၀၂၄ ခုနှစ် ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများဂုဏ်ပြု

နေပြည်တော် ဒီဇင်ဘာ ၂၁

ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများနှင့် ကျန်းမာရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများ ဂုဏ်ပြုအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီက ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ကျန်းမာရေး စောင့်ရှောက်မှုတွင် ပါဝင်ဆောင်ရွက်သည့် အထူးကု ဆရာဝန်များ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ကျွမ်းကျင်ဝန်ထမ်းများ၊ အထောက်အကူပြု ကျန်းမာရေးဝန်ထမ်းများ၊ ပွဲပိုးအုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသား အားကစားပွဲတော် ကျန်းမာရေးစောင့်ရှောက်မှုတွင် ဆေးကုသရေးလုပ်ငန်းအတွက် နေပြည်တော်ရှိ ကျန်းမာရေးဝန်ထမ်းများသာမက တိုင်းဒေသကြီး/ ပြည်နယ်များရှိ ကျန်းမာရေးဝန်ထမ်းများပါစုစည်း ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ပြင်ကျန်းမာရေးဝန်ကြီး ဌာနသာမက တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ဆေးဘက် ဆိုင်ရာဝန်ထမ်းများပါ စုဖွဲ့၍ လူအင်အား ၃၀၀ နီးပါး ဆေးအဖွဲ့များဖွဲ့စည်းကာ ပါဝင်ဆောင်ရွက် ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟာမှုမရှိအောင် စီမံအုပ်ချုပ်မှု ဆောင်ရွက်ပေး သော တာဝန်ရှိသူများအားလုံးကို ကျေးဇူးအထူး တင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် ညွှန်ကြားရေးမှူးချုပ်များက ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပ နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အားကစားပြိုင်ပွဲများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူ များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင် ပစ္စည်းများ ပေးအပ်ချီးမြှင့်ကာ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အမျိုးသား အားကစားပြိုင်ပွဲကာလတစ်လျှောက်လုံးတွင် လူနာ ၅၈၀၀ ကျော် ကြည့်ရှုကုသပေးနိုင်ခဲ့ပြီး အားကစား ပြိုင်ပွဲများတွင် ထိခိုက်မှုလူနာပေါင်း ၁၃၇၁ ဦး၊ တိုင်းရင်းဆေးခန်းတွင် လူနာ ၁၄၈၇ ဦး၊ အထူးကု ဆေးခန်းများတွင် လူနာ ၉၂ ဦး၊ တည်းခိုနေထိုင်သည့် နေရာများတွင် ၂၃၁၄ ဦး၊ ဖျော်ဖြေရေးအဖွဲ့များ လေ့ကျင့်ခြင်းနှင့် ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားများ တွင် ၅၅၇ ဦး၊ ဆေးရုံတက်ရောက်ကုသသူပေါင်း ၄၂ ဦးတို့ကို ကုသမှုများပေးနိုင်ခဲ့ကြောင်း သိရ သည်။

သတင်းစဉ်

ကော့သောင်းမြို့၌ Grade-11 နှင့် Grade-12 ဆရာများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

ကော့သောင်း ဒီဇင်ဘာ ၂၁

ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန တို့ပူးပေါင်းကျင်းပသည့် Grade–11 နှင့် Grade–12 ဆရာများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေး ဆရာဖြစ်သင်တန်း အမှတ်စဉ် (၄/၂၀၂၄) သင်တန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက်က ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အခြေခံပညာ Grade–11 နှင့် Grade–12 အဆင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးပါက အရွယ်ရောက်ပြီးသူ နိုင်ငံသား တစ်ဦး၏ ရရှိမည့်အခွင့်အရေးများနှင့် ထမ်းဆောင် ရမည့်တာဝန်များကို ကြိုတင်သိရှိထားရန် လိုအပ် ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကျောင်းများတွင် ဥပဒေပညာ သင်ကြားနိုင်ရေးနှင့်စပ်လျဉ်း၍ Grade–11 နှင့် Grade –12 အဆင့် ကျောင်းသား ကျောင်းသူများ နှင့် သင့်လျော်မည့် သင်ရိုးညွှန်းတမ်းကို ရေးသား ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေ ချုပ်ရုံးများက ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းဖွင့်လှစ်ဆောင်ရွက်ခြင်းများကို တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သင်တန်းဆင်း ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျောင်းတွင် ဆင့်ပွားသင်တန်းများ ဆက်လက်ဖွင့်လှစ်ဆောင် ရွက်ရန်နှင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ ဆရာမများက ညွှန်ကြားချက်နှင့်အညီ Grade–11 နှင့် Grade–12 တွင် ပညာသင်နှစ်တစ်နှစ်လျှင် ၂၄ ချိန် ဥပဒေအသိပညာကို သင်ကြားပေးသွားရန် ပြောကြားသည်။

အဆိုပါ သင်တန်းကို အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးညွှန့်လွင်က ဖွဲ့စည်းပုံအခြေခံဥပဒေဘာသာရပ်နှင့် စပ်လျဉ်းသည့် ဥပဒေအချက်အလက်များကို ဆွေးနွေးပို့ချသည်။

သင်တန်းကို ဒီဇင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းနည်းပြများအဖြစ် ကော့သောင်းခရိုင်နှင့် မြို့နယ်ဥပဒေရုံးမှ ဥပဒေ အရာရှိများက ရာဇသတ်ကြီး၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေ၊ လောင်းကစားဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ စသည့်ဘာသာ ရပ်များကို ဆွေးနွေးပို့ချမည်ဖြစ်ကြောင်း သိရ သည်။

ခရိုင်(ပြန်/ဆက်)

◆ *ရှေ့ဖုံးမှ*

(ဃ) ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်(ခရစ္စမတ်နေ့)၊ ၂၇ ရက် (စနေနေ့)နှင့် ၂၈ ရက် (တနင်္ဂနွေနေ့)တို့ကြားရှိ **ဒီဇင်ဘာလ ၂၆ ရက်**၊ (ရုံးပိတ်ရက် ၄ ရက်)။

အထက်ပါ ပိတ်ရက်ရှည်အဖြစ် သတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် အနီးဆုံး စနေနေ့တစ်ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် သတ်မှတ်မည်ဖြစ်သည်။ ပထမ ရုံးပိတ်ရက် ၅ ရက်အတွက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်၊ စနေနေ့သည် အစားထိုးရုံးတက်ရက် ဖြစ်သော်လည်း ယင်းနေ့သည် လွတ်လပ်ရေးနေ့ဖြစ်၍ **ဇန်နဝါရီလ ၁၁ ရက်(စနေနေ့)**၊ ဒုတိယ ရုံးပိတ်ရက်ရှည်အတွက် **မတ်လ ၂၂ ရက် (စနေနေ့)နှင့် မတ်လ ၂၉ ရက်(စနေနေ့)**၊ တတိယရုံးပိတ်ရက်ရှည်အတွက် **နိုဝင်ဘာလ ၈ ရက်(စနေနေ့)**၊ စတုတ္ထရုံးပိတ်ရက်ရှည်အတွက် **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက် (စနေနေ့)တို့ကို အစားထိုး ရုံးတက်ရက်များ အဖြစ်သတ်မှတ်**မည်ဖြစ်ကြောင်း သိရှိရသည်။

စာပေမြင့်မှ လူမျိုးတင့်မည်

❖ *ရှေ့ဖုံးမှ*

ပင်လယ်ရေမျက်နှာပြင်မှ ပေ ၂၅၀၀ အတွင်း စိုက်ပျိုးဖြစ်ထွန်း သည့် မြေပြန့်ကော်ဖီ Robusta (ရိုဘတ်စတာ) ကော်ဖီမျိုးကွဲ ကောင်းမွန်စွာ စိုက်ပျိုးဖြစ်ထွန်း သည့် တိုင်းဒေသကြီးဖြစ်သည်။

နိုင်ငံခြားဈေးကွက်ဝင် သီးနှံ ဖြစ်သော ကော်ဖီပင်များကို တနင်္သာရီ တိုင်းဒေသကြီးအတွင်း ရှိ မြိတ်ခရိုင်တွင် တနင်္သာရီ မြို့နယ်၊ မောတောင်မြို့နှင့် ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ် တို့တွင် ကော်ဖီပျိုးပင်များကို ဧကရာချီ၍စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခရိုင်အလိုက် ကော်ဖီစိုက်ပျိုး မှုမှာ ထားဝယ်ခရိုင်တွင် ကော်ဖီ ဧက ၄၇၀ ၊ မြိတ်ခရိုင်တွင် ဧက ၁၂၀၀၊ ဘုတ်ပြင်းခရိုင်တွင် ၈၄၅ ဧကနှင့် ကော့သောင်းခရိုင်တွင် ၅၀၇ ဧကစိုက်ပျိုးထားကြောင်း သိရသည်။

ပိဿာ ၆၇၆၀ ထွက်ရှိခဲ့

တနင်္သာရီတိုင်းဒေသကြီးတွင် ကော်ဖီအသီးခူးဧကနှင့် ထွက်ရှိမှာ အသီးခူးဧကအနေဖြင့် ယခင် နှစ် ၂၀၂၃ – ၂၀၂၄ ခုနှစ် မတ်လ ကုန်အထိ အသီးခူးဧက ၂၉၀ ရှိပြီး တစ်ဧကကော်ဖီထွက်ရှိမှုမှာ ၁၄၉ ဒသမ ၆၁ ပိဿာ စုစုပေါင်း ၄၃၃၈၆ ပိဿာထွက်ရှိခဲ့သည်။ ယခုနှစ် ၂၀၂၄–၂၀၂၅ ခုနှစ် နိုဝင် ဘာလကုန်အထိ အသီးခူးဧက ၅၃ ဧကရှိပြီး ကော်ဖီထွက်ရှိမှုအနေ ဖြင့် တစ်ဧက ၁၂၇ ပိဿာ စုစု ပေါင်း ပိဿာ ၆၇၆၀ ထွက်ရှိခဲ့ ကြောင်း သိရသည်။

"ကော်ဖီပင်တွေကို မိုးဦး ကာလဖြစ်တဲ့ ဇွန်လမှာ စတင် စိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး ၄– ၅ နှစ်သားအရွယ်မှာ စတင် အသီးသီးပါတယ်။ ကော်ဖီသီးတွေ ကို ဒီဇင်ဘာလနဲ့ ဇန်နဝါရီလတွေ မှာ အသီးခူးရပါတယ်။ ပြည်တွင်း ကထွက်ရှိလာတဲ့ ကော်ဖီတွေကို ပြည်ပတင်ပို့တာ ရှိပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုး ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး က ပြောကြားသည်။

ထို့အပြင် နှစ်ရှည်သီးနှံအဖြစ် ရော်ဘာနှင့် ကွမ်းသီးပင်များကို အဓိကထား စိုက်ပျိုးလျက်ရှိပြီး နှစ်ရှည်သီးနှံပင်များ ဖြစ်သည့် ရော်ဘာပင်နှင့် ကွမ်းသီးပင်များ ကြား၌ ကြားသီးနှံအဖြစ် ကော်ဖီ ပင်များကို တိုးချဲ့စိုက်ပျိုးခြင်းဖြင့် မြေတစ်ယူနစ်အသုံးချမှု တိုးတက် လာစေရန်၊ တောင်သူများ၏ ဝင်ငွေတိုးပွား၍ လူနေမှုဘဝ မြင့်မားလာစေရန်၊ ဒေသအတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင် ရန် စသည့်ရည်ရွယ်ချက်ဖြင့် ဒေသခံတောင်သူများအား နည်း ပညာပေးခြင်း၊ ပျိုးပင်များကို အခမဲ့ ပေးအပ်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကေရာချီ၍စိုက်ပျိုးထား

နိုင်ငံခြားဈေးကွက်ဝင်သီးနှံ တစ်မျိုးဖြစ်သည့် ကော်ဖီပင်များ ကို တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ မြိတ်ခရိုင်တွင် တနင်္သာ ရီမြို့နယ်၊ မောတောင်မြို့နှင့် ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ် တို့တွင် ကော်ဖီပျိုးပင်များကို ဧကရာချီ၍စိုက်ပျိုးထားကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ် ခရစ်တော်မွေးဖွားခြင်း အထိမ်းအမှတ်ဂုဏ်ပြု ဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်ဆုံစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ဟားခါး ဒီဇင်ဘာ ၂၁

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄ ခုနှစ် ခရစ်တော်မွေးဖွားခြင်းအထိမ်းအမှတ် ဂုဏ်ပြုဝတ်ပြုဆုတောင်းခြင်းနှင့် မိတ်ဆုံစားပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ သိက္ခာတော်ရ ဆရာမငဲမ်ခေါမ်ညောင်က ပဏာမကျမ်းစာဖတ်ကြားပြီး သိက္ခာတော်ရ ဆရာ ငိုဇာခုပ်က ဝတ်ပြုဆုတောင်းခြင်း အစပြုဆုတောင်းကာ "ယေရှုကြွလာတော်မူကျူး" ဓမ္မသီချင်းဖြင့် ဂုဏ်တော်ချီးမွမ်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ယုံကြည်သူတစ်ဦးက တပင်တိုင်ဂုဏ်တော် ချီးမွမ်း၍ Pastor ဇနှင်းထန်က ခရစ္စမတ် အထူး ဆုတောင်းပေးပြီး ယုံကြည်သူတစ်ဦးက တပင်တိုင် ဂုဏ်တော်ချီးမွမ်းသည်။

ထို့နောက် သိက္ခာတော်ရ ဆရာရိုဂျင်လိန်းက ခရစ္စမတ်သတင်းကောင်းဝေငှပြီး ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက သံစုံသီချင်းဖြင့် ဂုဏ်တော်ချီးမွမ်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့်ဇနီး၊ အနောက်မြောက်တိုင်းစစ် ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မိုးဟိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် လူမှုရေးရာဝန်ကြီး ဦးဝင်းဇော်ဦး တို့က သိက္ခာတော်ရဆရာဗန်သီယမ်၊ သိက္ခာတော်ရ ဆရာမငဲမ်ခေါမ်ညောင်၊ သိက္ခာတော်ရဆရာ ပေါလ်ရမ်ကျုံး၊ သိက္ခာတော်ရ ဆရာရိုဂျင်လိန်းနှင့် Pastor ဇနှင်းထန်တို့အားလည်းကောင်း၊ ပြည်နယ်ဝန်ကြီး ချုပ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ သယံဇာတ ရေးရာဝန်ကြီး၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်တို့က ဟားခါးမြို့မိမြို့ဖများဖြစ်ကြသည့် ဦးထလာဘိခ့်၊ ဦးထောင်ကီယန်း၊ ဦးမောင်မောင်၊ ဦးထလာကီးယိုနှင့် ဦးဆံအဲလ်တို့အားလည်းကောင်း ခရစ္စမတ်လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ "တိတ်ဆိတ်ည၊ သန့်ရှင်းညကျူး" ဓမ္မသီချင်းဖြင့် ဂုဏ်တော်ချီးမွမ်းကြပြီး သိက္ခာတော်ရ ဆရာပေါလ်ရမ်ကျုံးက ခရစ္စမတ်ညနေစာအတွက် ကျေးဇူးတော်ချီးမွမ်း၍ ပရိသတ်အားလုံး ထောမနာ သီချင်းသီဆိုကာ သိက္ခာတော်ရ ဆရာဗန်သီယမ်၏ ကောင်းချီးမင်္ဂလာပေးခြင်းဖြင့် ဝတ်ပြုဆုတောင်းခြင်း အစီအစဉ်ရုပ်သိမ်းကာ ခရစ္စမတ်ညနေစာ အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

အရည်အသွေးပြည့်ဝသော သင်္ဘောသားများ လိုအပ်သည့် သင်္ဘောကုမ္ပဏီများဘက်က အင်တာဗျူးခေါ်ယူကြရာတွင် အောင်မြင်သူပမာဏနည်းပါးနေ

ရန်ကုန် ဒီဇင်ဘာ ၂၁

အရည်အသွေးပြည့်ဝသော သင်္ဘောသားများလိုအပ်သည့် သင်္ဘောကုမ္ပဏီများဘက်က အင်တာဗျူး ခေါ်ယူကြရာတွင် အောင်မြင်သူ ပမာဏ နည်းပါးနေကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘော သားများအဖွဲ့ချုပ် (MSF) ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်ထံမှ သိရသည်။

လုပ်ငန်းခွင်အတွင်းတွေ့ရသည့် မြန်မာသင်္ဘောသားအချို့။

"သင်္ဘောသားဘဝကို ခံယူမယ့် အသက်မွေးဝမ်းကျောင်းကို ရွေးမယ်ဆိုရင် တတ်သင့် တတ်ထိုက်တဲ့၊ တက်ရမယ့် သင်တန်းတွေနဲ့ပတ်သက်ပြီး ပြဋ္ဌာန်းထားတာတွေရှိတယ်။ အဲဒါတွေအတွက် ကုန်ကျစရိတ်နဲ့ အချိန်ပေးရမယ်။ အခုလောလောဆယ်မှာ ဘာတွေကြားနေရလဲဆိုတော့ အလုပ်တွေသွားလျှောက်ကြတဲ့အခါမှာ အင်တာဗျူး တိတိပပလုပ်တဲ့ အရည်အသွေးပြည့်ဝတဲ့ သင်္ဘောသားကို လိုချင်တဲ့ကုမ္ပဏီတွေဆိုရင် သူတို့ပြောတာ ပြန်ကြားနေတာ လူ ၁၀၀ အင်တာဗျူး လာဖြေရင် ၁၅ ယောက်၊ အယောက် ၂၀ ယောက်လောက်ပဲ အင်တာဗျူးအောင်တယ်။ ကျန်တဲ့ ၈၀ က အင်တာဗျူးမဖြေနိုင်ကြဘူးလို့ အလုပ်ခေါ်တဲ့သူတွေက ပြောတာတွေကြားနေရတယ်။ လက်တွေ့လည်း တွေ့နေရတယ်" ဟု ကပ္ပတိန်စိုးမင်းအောင်က ပြောသည်။

သင်တန်းတက်ထားပြီး သင်တန်းဆင်းလက်မှတ် ကိုင်ထားသော်လည်း အလုပ်ရှင်ဖြစ်သူက အင်တာဗျူးမေးရာတွင် ၎င်းတို့ လိုချင်သည့် အရည်အသွေး မပြည့်ဝလျှင် အလုပ်မခန့်ခြင်းများ တွေ့ရ၍ လူငယ်များအနေဖြင့် ကျွမ်းကျင်မှု လက်မှတ်ရရုံနှင့် တင်မပြီးဘဲ ရေကြောင်းလောကတွင် အင်္ဂလိပ်စာကိုအဓိကဘာသာစကားအဖြစ် အသုံးပြုသည့်အတွက် လေ့လာထားရန် လိုအပ်ကြောင်း ဆိုသည်။

"ရေကြောင်း လောကမှာ အင်္ဂလိပ်စာကို အဓိကဘာသာစကားအဖြစ် အသုံးပြုတဲ့အတွက် Professional မဟုတ်ရင်တောင် သူများပြောတဲ့စကားကို နားလည်နိုင်ရမယ်။ ကိုယ်ပြောတဲ့ဟာကိုလည်း သူများနားလည်နိုင်အောင် လုပ်ယူရမယ်။အလားတူပဲ သူများရေးထားတဲ့စာကိုလည်း ကိုယ်ဖတ်ပြီးတော့ အဓိပ္ပာယ်ဖော်နိုင်ရမယ်။ သူများကိုလည်း ကိုယ်က စာပေးမယ်ဆိုရင် ကိုယ်ပေးလိုက်တဲ့စာက သူများနားလည်နိုင်အောင် ရေးတတ်တဲ့သူဖြစ်ဖို့ လိုတယ်လို့မြင်တယ်။ ဒါကြောင့် တစ်ဖက်ကလည်း အင်္ဂလိပ်စာကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တဲ့ အထိမဟုတ်ရင်လည်း နားလည် ရေးသား ပြောဆိုနိုင်တဲ့အထိ လေ့လာဖို့လည်း တိုက်တွန်းချင်တယ်"ဟု ၎င်းကဆိုသည်။ **MT**

ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၁

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ယနေ့ညနေ ၅ နာရီခွဲ အချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အရှေ့-အရှေ့ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်ဘက် ရေမိုင် ၅၁၀ ခန့် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင် - အရှေ့တောင်ဘက် ရေမိုင် ၂၃၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

ကယားပြည်နယ်ဝန်ကြီးချုပ် စံပြသီးနှံစိုက်ခင်းများဆောင်ရွက်မှုနှင့် ခရစ်ယာန်ဘုရားကျောင်းများ သန့်ရှင်းသာယာလှပရေးဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဒီဇင်ဘာ ၂၁

ကယားပြည်နယ် အစိုးရအဖွဲ့ အနေဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ စံပြစိုက်ခင်းများ စိုက်ပျိုးထားရှိမှုနှင့် ခရစ်ယာန်ဘုရားကျောင်းများ၌ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နောင်ယား(က) ရပ်ကွက်တွင် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရာသီသီးနှံစံပြစိုက်ခင်း ၃ ဒသမ ၅ ဧကကို ဆိုလာရေတင်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေအား ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဦးသန်းလှိုင်နှင့် တာဝန်ရှိသူများက ဂေါ်ရခါး၊ ရွှေဖရုံ၊ မုန်ညင်း၊ ဆလတ်၊ ကြက်သွန်ဖြူ၊ ကြက်ဟင်းခါး၊ ကြက်သွန်မိတ်၊ ကန်စွန်း၊ သခွား၊ တိုင်ထောင်ပဲ၊ ငွေနှင်းမှို စသည့် စားဖိုဆောင်သီးနှံများနှင့် မာလကာ၊ ကိုင်းဆက်သဘော်ပင်များ စိုက်ပျိုးထားမှုများကို လိုက်လံရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဆောင်းနေကြာ ရေဆင်း (၁) စပ်မျိုး စံပြစိုက်ခင်းသို့ရောက်ရှိကာ ပန်းတိုင်အထွက်နှုန်း ရရှိစေရန်နှင့် အစေ့အဆန် အောင်မြင်စေရန်အတွက် ပျားများဖြင့် ဝတ်မှုန်ကူးခြင်း ဆောင်ရွက်စိုက်ပျိုးထားရှိမှုအားကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က စံပြစိုက်ခင်းမှ သီးပင်စားပင်များနှင့် ဆီထွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် စိုက်ပျိုးနည်းပညာများကို တောင်သူများသို့ စနစ်တကျ လက်တွေ့ပြသ ဆောင်ရွက်ပြီး စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်ရေး အလေးထား ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မကြာမီကျရောက်မည့် ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘာသာဝင်များအားလုံး သက်ဆိုင်ရာ ဘုရားကျောင်းများ၌ စိတ်အေးချမ်းသာစွာ ဝတ်ပြုဆုတောင်းနိုင်ရန်အတွက် ဒေါ်ဥခူရပ်ကွက်နှစ်ခြင်း ဘုရားရှိခိုးကျောင်းတွင် ခရစ်ယာန်ဘာသာဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက ကုသိုလ်ပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး **(အပေါ်ပုံ)** နောင်ယား (ခ) ရပ်ကွက်ရှိ ခရစ်တော်ဘုရင် ဘုရားကျောင်းတော်၌ ခရစ္စမတ်နေ့တွင် စိတ်အေးချမ်းသာစွာ ဝတ်ပြု ဆုတောင်းနိုင်ရန်အတွက် ခရစ်ယာန်ဘာသာဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကုသိုလ်ပြုစုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

နှစ်(၅၀) ပြည့် ရွှေရတု အာခါအမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၁

နှစ်(၅၀)ပြည့် ရွှေရတုအာခါ အမျိုးသားနေ့အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့နယ် ကျိုင်းလိတ်ကျေးရွာ ဖူဆယ်ဘောလုံးကွင်း၌ ကျင်းပရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားအသင်းများ တက်ရောက်ကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားအသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။ ထို့နောက် နှစ် (၅၀) ပြည့် ရွှေရတုအာခါ အမျိုးသားနေ့ အထိမ်းအမှတ် အင်္ကျီများကို အာခါအမျိုးသား အကြီးအကဲက ပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြကာ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်ကစားမည်

အဆိုပါ နှစ်(၅၀)ပြည့် ရွှေရတု အာခါအမျိုးသားနေ့ အထိမ်းအမှတ် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၆ သင်းဖြင့် ဒီဇင်ဘာ ၂၃ ရက်အထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ယာဉ်စီးခငွေပေးချေရန် YPS ကတ်အသုံးပြုသူဦးရေ နှစ်သိန်းကျော်ရှိလာပြီး QR Code အသုံးပြုရန် App Download ပြုလုပ်ပြီး အသုံးပြုသူဦးရေ တစ်သိန်းခွဲကျော်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၁

YBS ယာဉ်စီးခငွေပေးချေရန် YPS ကတ်အသုံးပြုသူဦးရေ နှစ်သိန်းကျော်ရှိလာပြီး QR Code အသုံးပြုရန် App Download ပြုလုပ်ပြီးအသုံးပြုသူဦးရေ တစ်သိန်းခွဲကျော်ရှိကြောင်း Asia Starmar Transport Intelligent မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

YPS ကတ်ကို စတင်ဖြန့်သည့်အချိန်မှ လက်ရှိအချိန်အထိ %အရ ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းခန့်အထိ တိုးလာကြောင်းလည်း သိရသည်။

"လက်ရှိကတော့ YPS ကတ်အသုံးပြုမှုနှုန်းကတော့ နှစ်သိန်းကျော်သွားပါပြီ။ QR Code MPyps ဆိုရင် Download ဆွဲပြီးတော့ အသုံးပြုသူဦးရေ တစ်သိန်းခွဲကျော်သွားပါပြီ။ စဖြန့်တဲ့အချိန်ကနေ လက်ရှိအချိန်အထိဆိုရင် ရာခိုင်နှုန်းအနေနဲ့ပြောမယ်ဆိုရင် ၅၀ ရာခိုင်နှုန်း၊ ၆၀ ရာခိုင်နှုန်းလောက်အထိ တိုးလာပါတယ်။ အခုလက်ရှိ ခရီးသွားပြည်သူတွေအကုန်လုံးက ကတ်စနစ်ကိုပိုပြီးတော့ သဘောကျလာတယ်၊ ငွေအကြွေဆောင်ရတာကို ရှောင်နိုင်တယ်။ ပြီးတော့ ကတ်စနစ်နဲ့ပေးရတာက သူတို့အတွက် ပိုအဆင်ပြေပါတယ်၊ အဲဒါကြောင့် YPS ကတ်အသုံးပြုမှုတွေ ပိုပြီးတော့တိုးပွားလာပါတယ်" ဟု Asia Starmar Transport Intelligent မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

YBS ယာဉ်တစ်စီးပေါ်၌ YPS ကတ်ဖြင့် ယာဉ်စီးခပေးချေနေသူ တစ်ဦးကိုတွေ့ရစဉ်။

YPS ကတ်ကိုအသုံးပြု၍ ယာဉ်စီးခပေးချေနိုင်သည့် ယာဉ်လိုင်းပေါင်း ၉၈ လိုင်းရှိပြီး ယာဉ်အစီးရေပေါင်း ၃၉၅၁ ခန့်ရှိကြောင်း သိရသည်။ YPS ကတ်သုံးစွဲနေသူခရီးသည်တစ်ဦးက "YPS ကတ် လုပ်ထားတာ အဆင်ပြေသွားတယ်။ ငွေအကြွေရှာနေစရာမလိုတော့ဘူး။ အရင်ကဆို အကြွေမရှိလို့ ထောင်တန်ထည့်မယ်ဆိုရင် ပြန်အမ်းငွေကို နောက်ခရီးသည်အတက် ရပ်စောင့်နေရတယ်။ အခုကတော့ YPS ကတ်သုံးလိုက်တော့ အကြွေပြဿနာလည်းမရှိတော့ဘူး။ အဆင်ပြေသွားပြီ" ဟု ပြောသည်။

YPS ကတ် နှင့် YPS QR ငွေဖြည့်ခြင်းများကိုYPS အရောင်းကောင်တာများ၊ G&G Convenience Store များ၊ Capital Supermarket များ၊ ငြိမ်းချမ်းရေးစတိုး (စံပြဈေးအနီး)၊ သမာဓိ Mini Mart (အင်းစိန်ပန်းခြံအနီး)၊YBS 21 (Power 11) ကားဂိတ်၊ YBS 57 ကားဂိတ် (သခင်မြပန်းခြံ)၊ YBS 81 ကားဂိတ် (သုခဒဂုံအိမ်ရာ)၊အမြင်သစ်စတိုး (မော်ဘီလျှပ်စစ်ရုံးအနီး)၊ သစ္စာရှင်ထီဆိုင် (ဘောလီမှတ်တိုင်အနီး)၊ Rangoon Minimart (ကမ်းနားလမ်း နှင့် နတ်စင်လမ်းထောင့်) တွင် ပြုလုပ်နိုင်ကြောင်းလည်း Yangon Payment Services –YPS က အသိပေးထားသည်။

လက်ရှိတွင် ရန်ကုန်မြို့၌ YBS ယာဉ်အစီးရေ ၃၆၀၀မှ ၃၈၀၀ကြား ပြေးဆွဲလျက်ရှိပြီး လိုက်ပါစီးနင်းသည့် ခရီးသည်အရေအတွက် ၁၅ သိန်းရှိကြောင်း သိရသည်။

MT

မြို့နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၁

၂၀၂၄ – ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ်(၁၈) မြို့နယ်တို့ရှိ စာသင်ကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တောင်ကြီးမြို့၌ ဒီဇင်ဘာတတိယအပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲ

တောင်ကြီး ဒီဇင်ဘာ ၂၁

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ တတိယအပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၅နာရီခွဲက တောင်ကြီးမြို့ မြို့မဈေးကြီးရှေ့၌ စုရပ်နေရာယူပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က တာလွှတ်ပေးကာ ဗိုလ်ချုပ်အောင်ဆန်းလမ်းအတိုင်း လျှောက်လာကြပြီး ရှမ်းပြည်နယ်လွှတ်တော်ရုံးရှေ့ ကွေ့၍ ရုံးကြီးလမ်းဟောင်းအတိုင်း လျှောက်ကာ ပြည်နယ်အားကစားကွင်း၌ ကိုယ်လက်လေ့ကျင့်ခန်းအတွဲ(၁)၊ အမှတ်(၂) လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

ဒီဇင်ဘာလူထုစုပေါင်း လမ်းလျှောက်ပွဲတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်ကြီးပညာရေးဒီဂရီကောလိပ်မှ ဆရာ ဆရာမများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား ကျောင်းသူများ ၁၄၀၇၅ ဦးခန့် တပျော်တပါးပါဝင် လမ်းလျှောက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများ၏ ဘင်ခရာတပ်ဖွဲ့ပါဝင်ယှဉ်ပြိုင်နေမှုနှင့် အလယ်တန်းအဆင့်ပန်းဖွားအက ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ အဆိုပါ လမ်းလျှောက်ပွဲသို့ တက်ရောက်လာကြသူများသည် ကြက်တောင်ရိုက်ကစားခြင်း၊ ဘော်လီဘောကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် ခြင်းလုံးစုပေါင်းဝိုင်းဖွဲ့ကစားကြကြောင်း သိရသည်။

မောင်မောင်သန်း
(တောင်ကြီး)

သံဖြူဇရပ် နှစ်(၁၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

သံဖြူဇရပ် ဒီဇင်ဘာ ၂၁

မွန်ပြည်နယ် သံဖြူဇရပ်မြို့၌ သံဖြူဇရပ် နှစ် (၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်မှ စတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သံဖြူဇရပ် နှစ် (၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ဇရပ်တည်ရှိရာ ရန်ကုန်-မော်လမြိုင်-မြိတ် လမ်းပေါ်ရှိ မြို့လယ် ပန်းခြံဝင်းအတွင်း ကျင်းပမည်ဖြစ်ရာ နံနက်ပိုင်းတွင် မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီး ငါးပါးအား ဆွမ်း ဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ် တရားတော်နာယူခြင်း၊ ကမ္ပည်းမော်ကွန်းကျောက်စာတိုင် စိုက်ထူခြင်း၊ သံဃာအပါး ၁၅၀ အား ဆွမ်းဆန်စိမ်း လောင်းလှူခြင်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်မည်။

ထို့ပြင် အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေခြင်း၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲမျိုးစုံ၊ ပျော်ပွဲရွှင်ပွဲများဖြစ်သည့် မွန်ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အငြိမ့်သဘင်၊ ကျောင်းသား ကျောင်းသူများ၏ အကပဒေသာများ၊ စင်တင်တေးဂီတများဖြင့် ဖျော်ဖြေပြီး ကာယဗလနှင့် ကာယအလှမယ် ပြိုင်ပွဲများဖြင့် ကျင်းပသွားမည်သည်။

သံဖြူဇရပ် နှစ် (၁၅၀) ပြည့် အခမ်းအနားကို သံဖြူဇရပ် အထိမ်းအမှတ်ဖြစ်သည့် အဆိုပါဇရပ်စတင်တည်ရှိသည့် ၁၈၇၄ ခုနှစ်မှ ယခု၂၀၂၄ ခုနှစ်အထိ နှစ် (၁၅၀) ပြည့် မြောက်ခဲ့ပြီဖြစ်၍ ကျင်းပရခြင်း ဖြစ်ကြောင်းနှင့် အခမ်းအနားကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ငါးရက်တိုင်တိုင် စတုဒိသာနှင့် နိဗ္ဗာန်ဈေးများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

မြန်မာနိုင်ငံ သစ်တောကျောင်းဆင်းအဖွဲ့ ဒုတိယအကြိမ်တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၁

မြန်မာနိုင်ငံ သစ်တောကျောင်းဆင်းအဖွဲ့၏ ဒုတိယအကြိမ် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၁ ရက်က အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း ကြို့ကုန်းဝင်း သစ်တောဗမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ကျောင်းဆင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလွင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးဇော်မြင့်ထွန်းက တစ်နှစ်တာအတွင်း ဆောင်ရွက်မှုကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးတွဲဖက်အတွင်းရေးမှူး ဦးတင်စိုးက မိတ်ဆက်စကားပြောကြားပြီး ဘဏ္ဍာရေးမှူး ဦးကြည်စိုးက လစဉ်ကြေးကောက်ခံရရှိထားမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသူများက အဖွဲ့ရေရှည်တိုးတက်ရေးအတွက် တင်ပြဆွေးနွေးကြကြောင်း သိရသည်။

တင်ဝင်းတင်

မန်းမြို့ဈေးအား မီးဘေးလုံခြုံရေး တာဝန်ရှိသူများ လိုက်လံစစ်ဆေး

မန္တလေး ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေ မြို့နယ်အတွင်းရှိ မန်းမြို့ဈေးအား မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအတွက် ဈေးရှိဈေးဆိုင်ခန်းများ၏ ပစ္စည်းသိုလှောင်ထားရှိမှု၊ လျှပ်စစ်မီးကြိုးသွယ်တန်းထားရှိမှု၊ မီးသုံးစွဲမှုတို့ကို မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ ခရိုင်/မြို့နယ် မီးသတ်ဦးစီးမှူးများ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ ပူးပေါင်း၍ ဒီဇင်ဘာ ၂၁ ရက်က လိုက်လံ စစ်ဆေးသည်။

ယင်းနောက် မီးလန့်မှု၊ မီးလောင်မှုများ ဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေး လုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်နိုင်ရေးအတွက် မီးသတ်ရေကန်နှင့် မီးသတ်ရေငုတ်များကို ထပ်မံစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက မီးသတ်ရေငုတ်များ လိုအပ်သည့် ရေဖိအားရရှိအောင် ဆောင်ရွက်ထားရန် ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

ဖြူးမြို့နယ်၌ လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့် ထုတ်ပေး

ဖြူး ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လူမှုဖူလုံရေးရုံး၏ အကျုံးဝင်မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားတစ်ဦး၏ လုပ်ငန်းခွင်ထိခိုက်သေဆုံးမှုအတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၁ ရက်က မြို့နယ်လူမှုဖူလုံရေးရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့၊ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ဇေယျဝတီမြို့ အရက်ချက်စက်ရုံမှ အာမခံအလုပ်သမား ဦးဇန်းဒေါင်းလျှန်၏ ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေကျပ် ၁၆၅၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်တင်တင်ဌေးထံသို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

နေမျိုးလွင်(ပြန်/ဆက်)

မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်လက်မှတ် လျှောက်ထားမှုများ ကွင်းဆင်းစစ်ဆေး

ဝမ်းတွင်း ဒီဇင်ဘာ ၂၁

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ အထပ်မြင့်အဆောက်အအုံများ၊ စက်သုံးဆီဆိုင်များ၊ စက်ရုံ အလုပ်ရုံများနှင့် မီးဘေးစိုးရိမ်ရသောလုပ်ငန်းများမှ မီးဘေးလုံခြုံရေးစစ်ဆေးထောက်ခံချက်လက်မှတ် Fire Safety Certificate လျှောက်ထားလာမှုများကို မြို့နယ်မီးသတ်ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်က ရွှေတောင်ကျေးရွာအုပ်စု ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ ဝင်းထက်စက်သုံးဆီဆိုင်မှ မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်လက်မှတ် လျှောက်ထားမှုအား သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိမရှိကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးထွန်းနှင့် တပ်ဖွဲ့ဝင်များက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

တက္ကသိုလ်ကျောင်းသား - ပြည်သူ့စစ်သား

မောင်သံငြိမ်း

နိုင်ငံ၏ ပိုင်နက်နယ်နိမိတ်၊ အချုပ်အခြာအာဏာနှင့် လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတိုင်းတွင် အင်အားတောင့်တင်းခိုင်မာ၍ ခေတ်မီသော တပ်မတော်တစ်ရပ် ရှိရန်လိုသည်။ မိမိတို့နိုင်ငံ၏ သမိုင်းတွင် နယ်ချဲ့တို့၏ ကျူးကျော်စစ်ကို သုံးကြိမ်တိုင်တိုင် အရေးနိမ့်ခဲ့ရပြီး တစ်မျိုးသားလုံး သူ့ကျွန်ဘဝရောက်ခဲ့ရခြင်းမှာ ခေတ်မီ၍ တောင့်တင်းခိုင်မာသော ကာကွယ်ရေးအင်အား မရှိခဲ့ခြင်းကြောင့်ဟူသည့် သမိုင်းသင်ခန်းစာကို ရရှိခဲ့ပြီးလည်းဖြစ်သည်။ သို့ဖြစ်၍ လွတ်လပ်သည့်နိုင်ငံဘဝသို့ ရောက်ရှိလာသည့်အခါ နိုင်ငံ၏ တစ်ခုတည်းသော တပ်မတော်ကို ခေတ်မီရေးနှင့် အင်အားတောင့်တင်းခိုင်မာရေးတို့အတွက် ခေတ်အဆက်ဆက်တွင် မိမိတို့ပိုင်ဆိုင်သည့် အရင်းအမြစ်များဖြင့် တတ်စွမ်းနိုင်သမျှ တစိုက်မတ်မတ် တည်ဆောက်ခဲ့ကြသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် စတင် အာဏာတည်စေခဲ့သည့် အချိန်မှစ၍ ဥပဒေနှင့် အကျုံးဝင်သော နိုင်ငံသားများအတွက် စစ်ပညာသင်ကြားရေး လှုပ်ရှားမှုများကို ရုပ်မြင်သံကြား၊ သတင်းစာများတွင် တွေ့ရှိရပါသည်။ များစွာဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

ယခင်က တက္ကသိုလ်ကျောင်းသားများအတွက် တက္ကသိုလ်တပ်ရင်းများ ဖွဲ့စည်းရန် စစ်ပညာများ လေ့ကျင့်သင်ကြားပေးနေရာမှ ယခုအခါ တက္ကသိုလ်ကျောင်းသားများသာမက တက္ကသိုလ်ကျောင်းသူများ၊ မိမိ၏ စိတ်ဆန္ဒဖြင့် စစ်ပညာသင်ကြား၍ စစ်မှုထမ်းဥပဒေအရ စစ်မှုထမ်းလိုသော နိုင်ငံသားမျိုးချစ်လူငယ်များကိုပါ စနစ်တကျ သင်တန်းများဖွင့်လျက် စစ်ပညာသင်ကြားပေးနေပြီဖြစ်ပါသည်။ ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၆)၊ (၇) ကိုပင် တပ်မတော်လေ့ကျင့်ရေး သင်တန်းကျောင်း အသီးသီးတွင် ဖွင့်လှစ်နေပြီဟု ကြားသိရပါသည်။

တက္ကသိုလ်ကျောင်းသားများအား စစ်ပညာသင်ကြားပေးရာတွင် ကျွန်တော်တို့ တက္ကသိုလ်အရန် တပ်ရင်းသို့ ဝင်ရောက်စဉ်ကာလနှင့် မတူသော ထူးခြားချက်များရှိကြောင်း တွေ့ရှိရပါသည်။ ယခုအခါ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ တိုးချဲ့ဖွင့်လှစ်ပြီး သင်တန်းများကိုလည်း နှစ်မျိုးနှစ်စား ခွဲခြားလေ့ကျင့်ပေးကြောင်း၊ တက္ကသိုလ်လေ့ကျင့်ရေးတပ် အခြေခံသင်တန်း နှစ်နှစ်နှင့် တန်းမြင့်သင်တန်း နှစ်နှစ် ခွဲခြား၍ သင်ကြားပေးကြောင်း၊ အခြေခံသင်တန်း အောင်မြင်ပြီးမှ တန်းမြင့်သင်တန်း ဆက်တက်ရကြောင်း သိရှိရပါသည်။

ကျွန်တော် ကိုယ်တိုင်လည်း တက္ကသိုလ်အရန်တပ်ရင်းသို့ ၁၉၅၈ ခုနှစ်က ဝင်ရောက်သင်တန်းတက်ခဲ့သူဖြစ်ပါသည်။ (ယခုအရန်ကို ယခင်က အရံဟု စာလုံးပေါင်းကြောင်း သတိပြုမိပါသည်။) ၁၉၅၈ ခုနှစ် ဇွန်လတွင် ၁၉၅၈–၅၉ စာသင်နှစ်အတွက် သင်တန်းများဖွင့်ရာ စစ်ပညာသင်ကြားရန် စိတ်ဝင်စားသဖြင့် တက္ကသိုလ် အရန်တပ်ရင်းသို့ ဝင်ခဲ့ပါသည်။

ကျွန်တော်တို့ တက္ကသိုလ်ရောက်ချိန်က ကမာရွတ်ရှိ ပင်မတက္ကသိုလ်ကြီးတွင် ကျောင်းသားအဆောင်၊ စာသင်ခန်းများ မမျှတ၍ ဝိဇ္ဇာဘာသာရပ် သင်ကြားသူများအတွက် ကြည့်မြင်တိုင်(ဟုန်း)လမ်း (ယခုပန်းလှိုင်လမ်း)တွင် ထီးတန်းကောလိပ် ဖွင့်လှစ်ခဲ့ပြီး သိပ္ပံဘာသာကို သင်ကြားသူများအတွက် ရန်ကင်း (မြို့သစ်)တွင် ရန်ကင်းကောလိပ်ကို ဖွင့်လှစ်သင်ကြားခဲ့ပါသည်။ ကြည့်မြင်တိုင် ထီးတန်းတွင် ကျောင်းသားနေအဆောင်များ အလုံအလောက်မရှိ၍ အဆောင်နေ ကျောင်းသားအချို့မှာ ရန်ကင်းကောလိပ်အတွက် ဆောက်ထားသည့် အဆောင်များတွင် နေထိုင်ပြီး ကျောင်းကားဖြင့် ထီးတန်းသို့လာရောက် သင်တန်းတက်ရပါသည်။

အမျိုးသမီး ကျောင်းသူများမှာ ကံကောင်းသဖြင့် ပင်မတက္ကသိုလ်ရှိ အမျိုးသမီးအဆောင်များတွင် နေရပြီး ထီးတန်းနှင့် ရန်ကင်း (ကောလိပ်)တို့သို့ ကျောင်းကားဖြင့် လာရောက်စာသင်ရပါသည်။ ကျွန်တော်တို့ ထီးတန်းကောလိပ်တွင် မူလတိုက်တစ်လုံးကို အဆောင်လုပ်ထားသည့်တစ်ခုနှင့် မြေစိုက်သစ်သားကြမ်းခင်း၊ ထရံကာ၊ သွပ်မိုး၊ အဆောင်ခြောက်ဆောင်ရှိပါသည်။ တစ်ဆောင်လျှင် ကျောင်းသား ၁၀ ဦးနေ အခန်းကြီးနှစ်ခန်းရှိပြီး (အေ/ဘီ) ခွဲ၍ လူ ၂၀ အတွက် နေရာချထားပေးပါသည်။ အဆောင်များအကြောင်း ကျွန်တော် စာရေးပြနေရခြင်းမှာ အဆောင်များမှ ကျောင်းသားများ တက္ကသိုလ်အရန် တပ်ရင်းသို့ ဝင်ရောက်ခြင်း၊ စစ်မှုထမ်းခြင်းအကြောင်းကို ဆက်ရေးရန်ရှိ၍ ဖြစ်ပါသည်။

ကျွန်တော်တို့ ထီးတန်းကောလိပ်မှာ အင်္ဂလိပ်အက္ခရာ “အီး” ပုံသဏ္ဍာန်အုတ်ညှပ်နှစ်ထပ် အဆောက်အအုံဖြစ်ပြီး အင်္ဂလိပ်စာ၊ မြန်မာစာအပြင် ဝိဇ္ဇာပညာရပ်များဖြစ်သော စိတ်ကြိုက်မြန်မာစာ၊ တက္ကဗေဒခေါ် လောဂျစ်၊ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ မနုဿဗေဒ၊ သမိုင်း စသည့်ဘာသာရပ်များအပြင် ပြင်သစ်ဘာသာကိုပါ သင်ပေးပါသည်။ မယူမနေရ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာအပြင် စိတ်ကြိုက် သုံးဘာသာယူကြရာ စိတ်ကြိုက်မြန်မာစာ၊ သမိုင်းနှင့် လောဂျစ်ဘာသာယူသူက အများဆုံးဖြစ်မည် ထင်ပါသည်။

ကျွန်တော်က နိုင်ငံခြားဘာသာ စိတ်ဝင်စားသဖြင့် သမိုင်း၊ လောဂျစ်နှင့် ပြင်သစ်ဘာသာ တွဲသင်ယူပါသည်။ ကျွန်တော့်အဆောင်က (၇/ဘီ) ဖြစ်၍ စာသင်တန်းများနှင့် အနီးဆုံးဖြစ်ပြီး အခန်းထဲမှ ၁၀ ဦးအနက် ငါးဦးက တက္ကသိုလ် အရန်တပ်ရင်းသို့ ဝင်ကြပါသည်။ လေးဦးတပ်မတော်သို့ဝင်ရောက် တာဝန်ထမ်းဆောင်ခဲ့ရာ နှစ်ဦးက ဗိုလ်မှူးရာထူးဖြင့် အငြိမ်းစားယူပြီး သက်ရှိထင်ရှားရှိပါသည်။

ကျန်နှစ်ဦးမှာ ဗိုလ်ကြီးအဆင့်ဖြင့် ကွယ်လွန်သွားကြပြီ ဖြစ်ပါသည်။ ထီးတန်းကောလိပ်၌ ပထမနှစ်သာနေရပြီး ဒုတိယနှစ်တွင် ကမာရွတ်ရှိ ပင်မတက္ကသိုလ်သို့ ပြောင်းရွှေ့ရ၍ စတွေ့ခဲ့သည့် သူငယ်ချင်းအများစု ကွဲကွာသွားကြပါသည်။

ဖခင်ကြီးပြောဖူး၍ အမျိုးသားစစ်မှုထမ်းအစီအစဉ် (National Service) တစ်နေ့ပေါ်လာမည်ဆိုသည့် မှတ်ချက်ကို အလေးအနက်ထားပြီး အမျိုးသားစစ်မှုထမ်းဥပဒေအရ စစ်ရေးတာဝန်ထမ်းဆောင်ရချိန် အသင့်ဖြစ်ရန် တက္ကသိုလ် ရောက်ပြီးပြီးချင်း တက္ကသိုလ်အရန်တပ်ရင်းသို့ဝင်ခြင်း ဖြစ်ပါသည်။ အခင်မင်ဆုံး သူငယ်ချင်း ကိုထွန်းအေးနှင့် တိုင်ပင်၍ ယူတီစီခေါ် တက္ကသိုလ်တပ်ရင်းသို့ ဝင်ရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ နှစ်ဦးမှာ ထုတ်ပေးသည့် စစ်ဝတ်ပစ္စည်းများအပြင် ထိုစဉ်က သံဈေးတွင် အလွတ်ရောင်းသည့် စစ်ပစ္စည်းများ ဝယ်ယူသုံးစွဲခဲ့ပါသည်။ သံပရာခွံဆိုက်ကက်နှင့် ဘယ်ရီကက်ဦးထုပ်များလည်း ပါဝင်ခဲ့ပါသည်။ အနော်ရထာလမ်းပေါ်တွင်ရှိသော လူထုမေတ္တာစတိုးမှ ပခုံးတံဆိပ်၊ လက်မောင်းတံဆိပ်များလည်း ဝယ်ယူအသုံးပြုကြပါသည်။ ဝါသနာ၏ စေစားရာ ထုတ်ပေးစစ်ပစ္စည်းအပြင် သပ်သပ်ရပ်ရပ်ဝတ်စားရသည်ကို ကျေနပ်နေမိပါသည်။

သမိုင်းကြောင်းအရ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်ပြီး တစ်နှစ်ခွဲအကြာ ၁၉၂၂ ခုနှစ် ဇွန်လတွင် တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ရင်း(ယူတီစီ) (University Training Corps) ဖွင့်လှစ်ခဲ့ကြောင်း၊ ထိုစဉ်က ဗြိတိသျှတို့က ကိုလိုနီအဖြစ် သိမ်းပိုက်၍ ၎င်းတို့အုပ်ချုပ်နေသော ကိုလိုနီတစ်ခုဖြစ်သည့် အိန္ဒိယအောက်ထားရှိရာ ၁၉၂၂ ခုနှစ် ဇွန်လတွင်ပင် အိန္ဒိယနယ်မြေတပ်ဖွဲ့ဥပဒေအရ အမှတ်(၆) မြန်မာပြည်တပ်ရင်း၊ တက္ကသိုလ်လေ့ကျင့်ရေး အရန်တပ်ဖွဲ့အဖြစ် စတင်ဖွဲ့စည်းခဲ့ကြောင်း သတင်းစာပါ သတင်းအဖွဲ့တွေ့ဆုံမေးမြန်းခန်းတွင် ဖတ်ရှုရပါသည်။

ပါမောက္ခချုပ်ကြီး ဒေါက်တာတင်မောင်ထွန်းနှင့် ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ ပြောကြားချက်များကိုလည်း ဖတ်ရ၍ ကျေးဇူးတင်ပါသည်။ *စာမျက်နှာ ၉ သို့*

အထက်ပါပုံအား ဦးတင်ထွန်း၊ တိုင်းပညာ(ငြိမ်း)မှ ကျေးဇူးပြုပါသည်။

> **“တက္ကသိုလ်ကျောင်းသားများအား စစ်ပညာသင်ကြားပေးရာတွင် ကျွန်တော်တို့ တက္ကသိုလ်အရန်တပ်ရင်းသို့ ဝင်ရောက်စဉ်ကာလနှင့် မတူသော ထူးခြားချက်များရှိကြောင်း တွေ့ရှိရပါသည်။ ယခုအခါ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ တိုးချဲ့ဖွင့်လှစ်ပြီး သင်တန်းများကိုလည်း နှစ်မျိုးနှစ်စား ခွဲခြားလေ့ကျင့်ပေးကြောင်း၊ တက္ကသိုလ်လေ့ကျင့်ရေးတပ် အခြေခံသင်တန်း နှစ်နှစ်နှင့် တန်းမြင့်သင်တန်း နှစ်နှစ် ခွဲခြား၍ သင်ကြားပေးကြောင်း၊ အခြေခံသင်တန်း အောင်မြင်ပြီးမှ တန်းမြင့်သင်တန်း ဆက်တက်ရကြောင်း သိရှိရ**

စာမျက်နှာ ၈ မှ

ကျွန်တော်တို့ ခေတ်နှင့်တော့ တခြားစီ ဖြစ်နေပါသည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံး၍ နိုင်ငံလွတ်လပ်ရေးရပြီး ၁၉၅၂ ခုနှစ်တွင် တက္ကသိုလ် အရန်တပ်ရင်းများ ပြန်လည်ဖွဲ့စည်းချိန်အတွင်း ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မော်လမြိုင် ကောလိပ်တို့တွင် တက္ကသိုလ်တပ်များ ဖွဲ့စည်းလေ့ကျင့်ပေးခဲ့ကြောင်းကိုလည်း ဖတ်ရှုရပါသည်။ ထိုစဉ်က သုံးနေရာသာ ရှိပါသည်။

၁၉၅၈ ခုနှစ် ဇွန်လတွင် ကျွန်တော် တက္ကသိုလ်၊ ထီးတန်းကောလိပ်သို့ ရောက်ပြီး တက္ကသိုလ်အရန်တပ်ရင်းသို့ သူငယ်ချင်း ကိုထွန်းအေးနှင့်အတူ ဝင်ခဲ့ပါသည်။ သင်တန်းများ မှန်မှန်တက်ခဲ့ပါသည်။ ကျွန်တော်တို့ကို ထုတ်ပေးသည့် စစ်ပစ္စည်းများမှာ တစ်ပဲဒုရှိ သက္ကလပ်စ အထူကို နှစ်ထပ်ထပ်၍ **(ပုံပါအတိုင်း)** ပုံသွင်းထားပြီး သားရေမေးသိုင်းကြိုးပါ ဦးထုပ်တစ်လုံး (ဂေါ်ရခါးဟက်)၊ (OG= Olive Green) သံလွင်စိမ်းရောင် စစ်အင်္ကျီလက်ရှည်၊ စစ်ဘောင်းဘီရှည် နှစ်ထည်၊ သားရေစစ်ဖိနပ်လည်တိုတစ်ရန်၊ ခြေအိတ်၊ ဖိနပ်နှင့် ဘောင်းဘီရှည် အနားဆက်ရန် သက္ကလပ်စရှော့ပတ်တီးတစ်စုံ၊ ကြေးကွင်းရှေ့နှစ်ကွင်း၊ နောက်ကွင်းသေးနှစ်ခုပါ ဖြက်လေးလက်မခန့်ရှိ ပတ္တူခါးပတ်ကြီးတစ်ခု ဖြစ်ပါသည်။ (ရှော့ပတ်တီးဆိုသည်မှာ ယခင်က အသုဘယာဉ်တွင် ရပ်၍ လိုက်ပါလေ့ရှိသည့် လူမျိုးခြားလေးဦး ခြေမျက်စိမှ ခြေသလုံးကြားပတ်လေ့ရှိသော သက္ကလပ်စမျိုးဖြစ်ပါသည်။)

> ❖ **ကျွန်တော်တို့မှ ယူတီစီသင်တန်း တက်ရသည့်နေ့တွင် များစွာပျော်ရွှင်မိသည်။ စစ်ဝတ်စုံကို အချိန်စော၍ ဝတ်ထားကြသည်။ မြို့တွင်းမှာနေသည့် နေ့ကျောင်းသားများလည်း ရှိ၍ သူတို့လည်း စစ်ဝတ်စုံကို ကြိုတင်ဝတ်လာ တတ်ကြပါသည်။ အဆောင်နေကျောင်းသားများသာမက နေ့ကျောင်းသားများနှင့် ယူတီစီကြောင့် ခင်မင်သူမိတ်ဆွေ များ ပေါ်များလာ**

ပတ်တီးအဆုံး ကြိုးစသိမ်းသည့်အခါ လေးထောင့်ဖြစ်ရပါသည်။ ဤမျှ ရှုပ်၍ ပတ်တီး မဝတ်တော့ပါ။ သံဈေးမှ ပတ္တူစခြေပတ် ဝယ်ဝတ်ပါသည်။ Anklet ဟု ခေါ်ပါသည်။ ခါးပတ်နှင့် ခြေပိတ် ပတ္တူစများကို ဆေးအဝါရောင်နှင့် ဖိနပ်ဆေးရောထားသော ဘလင်ကို အတု သုတ်လိမ်းရပါသည်။ စက်မင်ဘီးနှင့် တိုက်ရပါသည်။ ကြေးပစ္စည်းကို ဘရာဇို (Brasoo) ဝယ်၍ ကြေးတိုက်ရပါသည်။ ရှေ့တွင်ဖော်ပြခဲ့သော ဂေါ်ရခါးဟက် ခေါ် သက္ကလပ် နှစ်ထပ်ဦးထုပ်ကို ထမင်းရည်နှင့် ကော်တင်ရပါသည်။ ၁၉၅၉-၆၀ နှစ်တွင်မှ ဖိုက်ဘာ ခမောက်ဆောင်းရပါသည်။ ခြေပတ်မပတ်ရသော လည်ရှည် သားရေဖိနပ် ရပါသည်။ ကျွန်တော်တို့တော့ အပြင်သွားလျှင် ဘယ်ရီကက်ကိုသာ ဆောင်းသွားပါသည်။**(ပုံပါအတိုင်း)**

ကျွန်တော်တို့မှ ယူတီစီ သင်တန်း တက်ရသည့်နေ့တွင် များစွာပျော်ရွှင်မိသည်။ စစ်ဝတ်စုံကို အချိန်စော၍ ဝတ်ထားကြသည်။ မြို့တွင်းမှာနေသည့် နေ့ကျောင်းသားများလည်းရှိ၍ သူတို့လည်း စစ်ဝတ်စုံကိုကြိုတင် ဝတ်လာတတ်ကြပါသည်။ အဆောင်နေကျောင်းသား များ သာမက နေ့ကျောင်းသားများနှင့် ယူတီစီကြောင့် ခင်မင်သူမိတ်ဆွေများ ပေါ်များလာသည်။ တပ်ရင်းမှူးက ပါမောက္ခကြီး၊ ယူတီစီတာဝန်ခံ ဗိုလ်ကြီးက ဗိုလ်ကြီး မြသောင်း ဖြစ်ပါသည်။

ထီးတန်းကျောင်းသားဟောင်းကြီး၊ ဦးတင်ထွန်း အထက(၁)လမ်းမတော်ကျောင်း၊ ကျောင်းအုပ်ကြီးဟောင်း၊ တိုင်းပညာရေးမှူး (စီမံ)(ငြိမ်း)က သူစုဆောင်းသိမ်းထားသည့် ထီးတန်းကောလိပ်၊ တက္ကသိုလ်တပ်ရင်း စုပေါင်းဓာတ်ပုံကို ပေးပို့သဖြင့် ကျေးဇူးတင်ရပါသည်။ ကျွန်တော်တို့ သိထားသည်က ရန်ကုန်တက္ကသိုလ်၊ ထီးတန်းကောလိပ်၊ တက္ကသိုလ်တပ်ရင်းဟု ဆိုထားသော်လည်း ဓာတ်ပုံတွင် **“မြန်မာပြည်အရံနယ်စောင့်တပ်၊ ရန်ကုန်တက္ကသိုလ်၊ ထီးတန်းတပ်ရင်း (လူ ၁၀၀ ပင် မရှိ၍ တပ်ရင်းမဟုတ်နိုင်ပါ)။ ပထမနှစ်သင်တန်းသားများ(၁၉၅၈)”** ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါဓာတ်ပုံတွင် အရာရှိများနှင့် တပ်ကဆရာများမှ လွဲ၍ တက္ကသိုလ်အရန်တပ်ရင်းဝင် ကျောင်းသား ၉၅ ဦးခန့် တွေ့ရှိရပါသည်။

မှတ်မိသရွေ့ ရာထူးအမြင့်ဆုံးရရှိခဲ့သူ တက္ကသိုလ်အရန်တပ်ရင်းဝင် ကျောင်းသားဟောင်းမှာ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်/ဝန်ကြီး(ငြိမ်း) သီရိပျံချီ ဗိုလ်ချုပ်စောလွင်ပင် ဖြစ်ပါသည်။ ပြောရလျှင် ယူတီစီကျောင်းသားဟောင်းကြီး ဝန်ကြီး/ဗိုလ်ချုပ်(ငြိမ်း) စောလွင်ကြောင့် ၁၉၅၈ ထီးတန်းကောလိပ်ကျောင်းသားဟောင်းများ အစုအဖွဲ့ ပေါ်လာပြီး ကိုဗစ်မတိုင်မီအထိ လစဉ်တွေ့ဆုံစားသောက်ပြီး ရှေးဟောင်းနှောင်းဖြစ်များ ပြောရသည်မှာ အလွန်ပျော်စရာကောင်းပါသည်။

ဆုံတွေ့သူအားလုံးလိုလိုမှာ ယူတီစီဟောင်းများ ဖြစ်ကြပါသည်။ ဗိုလ်မှူးအဆင့်ဖြင့် တပ်မတော်မှ အငြိမ်းစားယူခဲ့ကြသူ ကျွန်တော်နှင့် ကိုထွန်းအေး နှစ်ဦးမှာ နောက်ဆုံးတန်း၏ ရှေ့တန်းဝဲဘက်မှ စရေတွက်လျှင် အမှတ်စဉ်(၈)နှင့်(၉) ဖြစ်ပါသည်။ ကျွန်တော်ကြားသိရသရွေ့ ၉၅ ဦးထဲမှ ၃၀ ခန့် တပ်မတော်ထဲ ဝင်ရောက်တာဝန် ထမ်းကြသည်ဟု သိရပါသည်။ ထိုနှစ်တွင် စစ်စည်းကမ်း၊ စစ်ရေးပြတွင် ထီးတန်းက ရန်ကင်းကို ကျော်ဖြတ်ပြီး ပထမဒိုင်းဆုရခဲ့ပါသည်။

ယူတီစီမှ တက္ကသိုလ်ဘွဲ့ရပြီးနှင့် ဘွဲ့မရမီ ခင်မင်သော သူငယ်ချင်း၊ အချို့တပ်ထဲသို့ ဝင်ရောက်ကြရာ အရာရှိဖြစ်ပြီး တိုင်းပြည်အတွက် အသက်ပေးသွားသူ သူငယ်ချင်းများလည်း ရှိပါသည်။ ကိုတင်မောင်မြင့်၊ ကိုတင်ဦးမောင်၊ ကိုဝင်းကြည်၊ ကိုအေးခိုင်၊ ကိုသိန်းအောင်တို့နှင့် ဗိုလ်မှူးကြီး သူရကျော်ကျော်ချိုတို့ ရှိသကဲ့သို့ သာမန်ကွယ်လွန်သွားသည့် ကိုစိန်လွင်ဦး၊ ကိုထွန်းမောင်၊ ကိုအေးမင်း၊ ဗိုလ်ချုပ် စိုးမြင့်၊ မှူးကြီး အောင်ကြည်၊ ဒုမှူးကြီးလှအေး၊ ကိုစိုင်းခွန်အုန်ဝိုင်း တို့လည်း ရှိကြပါသည်။ အားလုံးကို လေးစား ဂုဏ်ပြုအပ်ပါသည်။

ကျွန်တော်တို့ တက္ကသိုလ်အရန်တပ်ရင်းက သီတင်းကျွတ်နှင့် နွေကျောင်းပိတ်ရက်များတွင် စခန်းချလေ့ကျင့်ကြလေ့ရှိရာ သာမန်စခန်းချရာသို့ လိုက်လိုသူ လိုက်နိုင်သော်လည်း သီးခြားသင်တန်းက လူရွေးတက်ရပါသည်။ အချို့တပ်ဖွဲ့ဝင်များမှာ ယူတီစီကျောင်းသားကို ရုပ်ရှင်၊ အင်္ဂလိပ်ကား ၁ ကျပ်ခွဲတန်း ပြား ၉၀၊ မြန်မာကား တစ်ကျပ်ပြား ၂၀ လျှော့ရ၍ ဝင်ခြင်းဖြစ်ပါသည်။ ကျွန်တော် ၁၉၅၈-၅၉ ပညာသင်နှစ်၊ ၁၉၅၉ ခုနှစ်နွေ၌ တက်ရသည့် သင်တန်းက သင်တန်းတက်ရက် အများဆုံး ကျောင်းသားများသာ တက်ရသည့် သင်တန်းဖြစ်ပါသည်။

ထိုသင်တန်းမှာ ပြင်ဦးလွင် (မေမြို့) ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အင်အားဖြည့်တင်းရေးတပ်(အဖရ) တွင် ဖွင့်လှစ်သော နွေရာသီ တစ်လကြာ **“တက္ကသိုလ်အရန် တပ်ရင်းအကြပ်သင်တန်း”** ဖြစ်ပါသည်။ တက္ကသိုလ်မှာ စစ်သင်တန်း တက်ရက် အများဆုံး ကျောင်းသား ၂၀၀ ကိုသာ ရွေးတက်စေခြင်းဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် (ထီးတန်း/ရန်ကင်း) မှ တပ်သား ၁၀၀၊ မန္တလေးတက္ကသိုလ် ၇၀၊ မော်လမြိုင်မှ ၃၀ စုစုပေါင်း ၂၀၀၊ တပ်ခွဲ နှစ်ခွဲဖြစ်ပါသည်။ တစ်လကြာ တက်ရပါသည်။ တက္ကသိုလ်ကွင်းမှာ စစ်ပညာကို သဘောလောက်သာ သင်ရပြီး ယခုအကြပ်သင်တန်းတွင် တပ်ကြပ်ကြီး/ တပ်စုမှူးတစ်ဦး တတ်သိအပ်သည့် ပညာများ၊ နေ့ရောညပါ သင်ကြားပေးသည်။ တပ်မှူးမှာ ဒုတိယဗိုလ်မှူးကြီး လှရွှေ၊ ဒုတိယတပ်ရင်းမှူးမှာ ဒုတိယဗိုလ်မှူးကြီး ထွန်းရင်လေးတို့ဖြစ်ပြီး ကျောင်းသားများ သတိထားရမည့်သူမှာ တပ်ရင်း အရာခံဗိုလ် ကိုကိုကြီး ဖြစ်ပါသည်။

ရုပ်ရှင်ဇာတ်လိုက် ဝင်းဦး ဗိုလ်ကြီးဘဝက ဤတပ်တွင် တာဝန်ထမ်းဆောင်ဖူးကြောင်း သိရပါသည်။ အရာခံဗိုလ် ကိုကိုကြီးက တုတ်တစ်ချောင်း ချိုင်း(ဂျိုင်း) ကြား ညှပ်၍ စမတ်ကျကျ ဝတ်ဆင်ကာ ပြတ်ပြတ်ပြောတတ်သူ၊ တစ်ခါတစ်ရံ ဘောင်းဘီအတို၊ ခြေအိတ်ရှည်ဖြင့် အသံဩဇာကလည်း ကောင်းသည်။ ဟောလိဝုဒ်မင်းသားကြီး အန်ထော်နီကွင်း ပုံစံ ဖြစ်ပါသည်။ တက္ကသိုလ် ကျောင်းသားများကို ထိုက်သင့်သည့် အလေးထားမှုပြသော်လည်း စည်းကမ်းနှင့် စကားပြောတတ်သူ ဖြစ်ပါသည်။ သဘောတော့ ကောင်းပုံရပါသည်။

စစ်ဝတ်စုံ ဝတ်ထားသူတိုင်း တတ်သင့်သည့် ပညာအများအပြားသင်ပေး၍ လွန်စွာ အကျိုးရှိသည့် သင်တန်းဖြစ်ပါသည်။ တပ်စုပစ်အား၊ ညအချိန်အိမ်မြှောင်ဖြင့် ချီတက်ခြင်း၊ အခက်အခဲ အတားအဆီး ဖြတ်ကျော်ခြင်းမှစ၍ ကိုယ်လက်ကြံ့ခိုင်ရေးအဆုံး အားလုံးသင်ပေးပါသည်။ အမှန်ရေးရလျှင် ကျွန်တော် ဤသင်တန်းတက်ပြီး တပ်မတော်ထဲဝင်ရန် ဆုံးဖြတ်လိုက်သည်ဟု ဆိုနိုင်ပါသည်။ သာမန်အချိန်တွင် ဈေးထဲ မုန့်တီသွားစား၊ မြို့ထဲလမ်းလျှောက်၊ ဘီတီဘရားသားကန်မှာ ရေသွားကူးပါသည်။ သင်တန်းကာလတွင် တက္ကသိုလ်တန်းလိုက် အောင်စာရင်းထွက်ရာ စာမေးပွဲကျသူများ နောက်ဆက်တွဲ စာမေးပွဲဖြေရန်၊ စာကျက်ရန် ညပိုင်းသတ်မှတ်နေရာသို့ တန်းစီသွားရသည်။ အခြားပျော်ရွှင်စရာတစ်ခုမှာ ပြင်ဦးလွင်၌ ရေချိုးရန် ရေမရှိ၍ အနီးစခန်းဘူတာ အနီး စမ်းချောင်းသို့ ယာဉ်တန်းဖြင့် သွားရပါသည်။ ကျောင်းသားစုံအောင် စောင့်ရင်း အတက်အဆင်း ခရီးသွားကားများထဲမှ အချောအလှများပါလျှင် ရစ်သီရစ်သီ လုပ်ကြသည်။

အကြပ်သင်တန်းအပြီး ၁၈ နှစ်ပြည့်သူမှ ဗိုလ်လောင်းခေါ်ရာ ယူတီစီ လုပ်သက် တစ်နှစ်ပြည့်လျှင် လျှောက်၍ရသည်ဆို၍ တပ်မတော်(ကြည်း) ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၇) သို့ ကျွန်တော်လျှောက်ခဲ့ပါသည်။ ဗိုလ်ရွေးတပ်ဖွဲ့မှာ အလေးချိန်ပေါင် ၁၀၀၊ လူကသေးသေး၊ အသက်က လေးလလိုသေး၊ ပြင်ဆင်မှုအားနည်း၍မရပါ။ စာမေးပွဲ ကျပါသည်။ မှူးကြီးမျိုးမြင့် (ကရင်ပြည်နယ်)(ကွယ်လွန်)၊ ဗိုလ်ချုပ်သိန်းဟန်(သံကြီး)နှင့် ဗိုလ်မှူးလှဦး (ကွယ်လွန်) တို့ အောင်သွားကြသည်။ လူတွေ့စစ်မေးသူများက မင်းငယ်သေးတာပဲ၊ ဘွဲ့ရပြီး ဝင်ပေါ့ကွာဟု ပြောပါသည်။ နောင်မကြာခင်ခေါ်သည့်ဗိုလ်သင်တန်း(၂၈)သို့လည်း လျှောက်ခွင့်မရ၊ ဗိုလ်သင်တန်းကျောင်းကလည်း ဗထူးမှ မှော်ဘီသို့ပြောင်းနေ၍ကျောင်းပိတ်ထားသည်။ သို့ဖြင့် ကျောင်းဆက်တက်ရင်း သင်တန်းခေါ်၍ လျှောက်လိုက်ရာ ရေတပ်ဗိုလ်ဖြစ်သွားပါသည်။ ဘွဲ့ရပြီးဖြစ်၍ တိုက်ရိုက်ပြန်တမ်းဝင် အရာရှိ “ဗိုလ်” အဖြစ် ခန့်အပ်ခြင်း ခံရပါသည်။ တက္ကသိုလ်ကျောင်းသား - ပြည်သူ့စစ်သား ဖြစ်သွားပါပြီ။

သတင်းစာပါ၊ ပုံစံသစ် တက္ကသိုလ်တပ်ရင်းများ၊ အမျိုးသား စစ်မှုထမ်းဥပဒေအရ သင်တန်းများ ဖွင့်လှစ်လေ့ကျင့်သင်ကြားပေးသည့် သတင်းများကို ဖတ်ရှုပြီး များစွာဝမ်းမြောက်ပီတိဖြစ်ရကြောင်း၊ အားရမိပါကြောင်း ထပ်မံဖော်ပြပါရစေ။

၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတစ်ဦးအတွက် ကျရာ တာဝန်ထမ်းရွက်နိုင်ရန် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့စစ်မဟာဗျူဟာကို အားဖြည့်မည့် နိုင်ငံသားများ ဖြစ်ပါစေကြောင်း ၂၀၂၅ ခုနှစ် လွတ်လပ်ရေးနေ့ အခါသမယတွင် ဆုတောင်းလိုက်ရပါသည်။ ။

သာကေတမိကျောင်းမွေးမြူရေးစခန်းသို့ အလည်တစ်ခေါက် ဖိတ်ခေါ်ပါရစေ

မိကျောင်းမွေးမြူရေးစခန်း၊ ငါးလုပ်ငန်းဦးစီးဌာန

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏မိကျောင်းမွေးမြူရေးစခန်းမှာ ရန်ကုန်မြို့ သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် မြခွာညိုလမ်း၌ တည်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားသည့်အချိန် ၁၀-၄-၂၀၂၀ ရက်နေ့မှစ၍ ယာယီခေတ္တပိတ်ထားခဲ့ပြီးနောက် ၂၉-၁၀-၂၀၂၄ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။

မိကျောင်းမျိုးစိတ်များ

ကမ္ဘာပေါ်တွင် မိကျောင်း (၁) မျိုးရင်း Alligatoridae (Alligators နှင့် Caimans)၊ (၂) မျိုးရင်း Crocodylidae (မိကျောင်းအစစ်)နှင့် (၃) မျိုးရင်း Gavialidae (Gharial-ဂါရီရယ်)နှင့် false gharial (ရေချို မိကျောင်း)တို့ရှိပါသည်။

မိကျောင်းမျိုးစု ကိုးမျိုးရှိပြီး မျိုးစိတ်ပေါင်း ၂၈ မျိုးရှိပါသည်။ ၎င်းတွင် မျိုးစပ်မျိုးစိတ်များသို့မဟုတ် မျိုးသုဉ်းသွားသော သမိုင်းမတင်မီ မျိုးစိတ်များ မပါဝင်ပါ။ မြန်မာနိုင်ငံတွင် မျိုးစိတ် လေးမျိုးရှိရာ Crocodylus porosus၊ Crocodylus palustris၊ Crocodylus siamensis နှင့် Gavialis gangeticus တို့ဖြစ်ပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် နိုင်ငံတော်သမ္မတကြီး ဦးနေဝင်း၏ ထိုစဉ်က ကမ်ပူးချားနိုင်ငံ (ယခုကမ္ဘောဒီးယားနိုင်ငံ) ချစ်ကြည်ရေးခရီးစဉ်တွင် လက်ဆောင်အဖြစ် Crocodylus siamensis မိကျောင်းမျိုး သုံးကောင်ကို လက်ဆောင်ရရှိခြင်းမှ အစပြုကာ မိကျောင်းမွေးမြူရေး ဌာနစိတ်ဖြစ်လာပါသည်။

၁၁-၆-၂၀၂၃ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မိကျောင်းမွေးမြူရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ Crocodylus siamensis မျိုးစိတ်သည် ကမ်ပူးချားနိုင်ငံ (ယခုကမ္ဘောဒီးယားနိုင်ငံ) မှ သယ်ဆောင်လာခဲ့သည့် မိကျောင်းမျိုးဖြစ်ခြင်း၊ ခရီးစဉ်တစ်လျှောက် Stress ရရှိခြင်း၊ နိုင်ငံအသစ် ပတ်ဝန်းကျင်အသစ်တွင် နေထိုင်မှုသဟဇာတဖြစ်စေရန် ခက်ခဲခြင်းတို့ကြောင့် မျိုးစိတ်မှာ ရှင်သန်ရန် အားနည်းခဲ့သဖြင့် သဘာဝမှ Crocodylus porosus မျိုးစိတ်ကို စုဆောင်းမွေးမြူထားရှိခဲ့ပါသည်။ ယခုအခါ မျိုးစိတ် ၃ မှာ ပျောက်ကွယ်လုနီးပါးဖြစ်နေကာ သာကေတမိကျောင်း မွေးမြူရေးစခန်း၌ မွေးမြူထားသော ငမိုးရိပ်မိကျောင်းဟု ခေါ်တွင်သည့် Crocodylus porosus ရေငန်မိကျောင်းတစ်မျိုးသာ ကျန်ရှိပါသည်။

၂၉-၁၀-၂၀၂၄ ရက်က မိကျောင်းမွေးမြူရေးစခန်း ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပစဉ်။

မိကျောင်းမွေးမြူရေးစခန်း

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ မြန်မာ့ရေလုပ်ငန်း၊ ပြည်သူ့ပုလဲနှင့် ငါးလုပ်ငန်းကော်ပိုရေးရှင်းက ၁၉၇၈ ခုနှစ် မေလ ၂ ရက်နေ့တွင် မိကျောင်းမွေးမြူရေးစခန်းကို စတင်အကောင်အထည်ဖော်ခဲ့ပြီး ၁၉၉၄-၁၉၉၅ ခုနှစ်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက လွှဲပြောင်းရယူခဲ့ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲလက်အောက်ရှိ သာကေတမိကျောင်းမွေးမြူရေးစခန်းကို မြန်မာနိုင်ငံရှိ မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော မိကျောင်းမျိုးစိတ်များကို ထိန်းသိမ်းရန်နှင့် သုတေသနပြုလေ့လာရန်၊ ပြည်တွင်း ပြည်ပအများပြည်သူများ ဗဟုသုတရစေရန်နှင့် အပန်းဖြေလေ့လာနိုင်ရန်၊ သဘာဝတောရိုင်း တိရစ္ဆာန်နှင့် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ဒေသမျိုးရင်း၊ မျိုးစိတ်များထိန်းသိမ်းရန်အတွက် ပညာပေးရန်၊ ကျောင်းသား ကျောင်းသူများ ဗဟုသုတအဖြစ်လေ့လာနိုင်ရန်နှင့် တက္ကသိုလ်များရှိ မဟာဘွဲ့ယူ၊ ပါရဂူဘွဲ့ယူ ကျောင်းသား ကျောင်းသူများ သုတေသနပြု လေ့လာနိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် အများပြည်သူများ လည်ပတ်အပန်းဖြေရာစခန်းအဖြစ် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။

၁၉၈၂ ခုနှစ်တွင် သဘာဝအလျောက် မိတ်လိုက်ဥချ၊ အသိုက်ဖွဲ့ခြင်းနှင့် ပထမဆုံး သားဖောက်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ မိကျောင်းမွေးမြူရေးစခန်း၏ ဧရိယာအကျယ်အဝန်းမှာ စုစုပေါင်းဧကေ ၄၀၊ စတုရန်းပေ ၁၇၄၂၄၀၀ ခန့် ကျယ်ဝန်းပြီး ပုဇွန်တောင်ချောင်းနံဘေး၌ တည်ရှိပါသည်။

အပူချိန်၊ စိုထိုင်းဆနှင့် လေဝင်လေထွက်တို့သည် မိကျောင်းဥမှ အကောင်ပေါက်ရန်အတွက် အရေးကြီးသည့် ဓာတု/ရူပဆိုင်ရာအချက်အလက်များပင်ဖြစ်ပါသည်။ မိကျောင်းဥများသည် အပူချိန်ပေါ် မူတည်၍ အထီး/အမအဖြစ် ပြောင်းလဲတတ်သည့်သဘာဝရှိပါသည်။ Royal Society of London. Biological Sciences ဂျာနယ်တွင် ဖော်ပြချက်အရ ရာသီဥတုနှင့် ပတ်ဝန်းကျင်အပေါ် အခြေခံ၍ အပူချိန်အနည်းငယ်အေးသည့် Cool temperature ၃၀ ဒီဂရီစင်တီဂရိတ်တွင် အများအားဖြင့် အမအဖြစ်ပေါက်ပွားပြီး ပူနွေးသောအပူချိန် Warmer temperature ၃၄ ဒီဂရီစင်တီဂရိတ်ပတ်လည်ခန့်တွင် အထီးအဖြစ် ပေါက်ပွားလေ့ရှိကြောင်း သိရသည်။

ဥမှပေါက်-ပေါက်ခြင်း အကောင်ငယ်လေးများ(Hatchlings)၏ဝမ်းဗိုက်သည် ဥနှစ်များ တစ်ပိုင်းတစ်စအပြင်ထွက်ကာ ပွင့်လျက်ရှိသည်။ ယင်းဥနှစ်များ ကုန်ဆုံးချိန်နှစ်ပတ်ခန့်တွင် ဝမ်းဗိုက်အရေပြား Scar-line ပိတ်လေ့ရှိသည်။ ဥမှပေါက်ကာစ အကောင်ငယ်လေးများကို ရေနှင့် မထိတွေ့စေရန် ထားရှိမှသာ ပွင့်နေသော ဝမ်းဗိုက်အရေပြားမှ ရောဂါပိုးများ ဝင်ရောက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။ မိကျောင်းသားပေါက်ငယ်လေးများသည် ဥမှ ပေါက်စအရွယ်မှ ရက်ပေါင်း ၉၀ အတွင်းတွင် ရောဂါများကျရောက်လွယ်တတ်ပါသည်။ မိကျောင်းသားပေါက်ကလေးများ ထားရှိသောအခန်းကို အပူချိန် (၃၀ ဒီဂရီစင်တီဂရိတ်မှ ၃၄ ဒီဂရီစင်တီဂရိတ်) အတွင်း ရှိနေစေရေး ထိန်းသိမ်းထားရှိရန် လိုအပ်ပါသည်။

မိကျောင်းသားပေါက်ငယ်လေးများကို ဥမှပေါက်စအရွယ် ရက်အနည်းငယ်အတွင်း အစာကျွေးရန် မလိုအပ်သေးဘဲ ဥနှစ်များကို စားသုံး၍ အသက်ရှင်နိုင်ပါသည်။ မိကျောင်း သားပေါက်ကလေးများဥမှပေါက်သောအရွယ် ၂၀ စင်တီမီတာမှ ၄၅ စင်တီမီတာရောက်သည်အထိ (၈ လ မှ ၁၀လ ခန့်အထိ) သားပေါက်ပြုစုခန်းတွင် ပြုစုမွေးမြူလျက်ရှိပါသည်။ တစ်ပေအရွယ် တစ်နှစ်သား မှ သုံးပေအရွယ်အထိကို မိကျောင်းမွေးမြူရေးစခန်း၏ ပြုစုကန်(၁) တွင် ပုစွန်ကျော့နှင့် ငါးကြီးဆီကို ရောစပ်၍ နေ့စဉ်ကျွေးမွေးပြုစုလျက်ရှိပါသည်။

စာမျက်နှာ ၁၁ သို့

❝ Crocodylus siamensis မျိုးစိတ်သည် ကမ်ပူးချားနိုင်ငံ (ယခုကမ္ဘောဒီးယားနိုင်ငံ) မှ သယ်ဆောင်လာခဲ့သည့် မိကျောင်းမျိုးဖြစ်ခြင်း၊ ခရီးစဉ်တစ်လျှောက် Stress ရရှိခြင်း၊ နိုင်ငံအသစ် ပတ်ဝန်းကျင်အသစ်တွင် နေထိုင်မှုသဟဇာတဖြစ်စေရန် ခက်ခဲခြင်းတို့ကြောင့် မျိုးစိတ်မှာရှင်သန်ရန် အားနည်းခဲ့သဖြင့် သဘာဝမှ Crocodylus porosus မျိုးစိတ်ကို စုဆောင်းမွေးမြူထားရှိခဲ့ပါသည်။ ယခုအခါ မျိုးစိတ် ၃ မှာ ပျောက်ကွယ်လုနီးပါးဖြစ်နေကာ သာကေတမိကျောင်းမွေးမြူရေးစခန်း၌ မွေးမြူထားသော ငမိုးရိပ်မိကျောင်းဟု ခေါ်တွင်သည့် Crocodylus porosus ရေငန်မိကျောင်းတစ်မျိုးသာ ကျန်ရှိ ❞

သာကေတမိကျောင်းမွေးမြူရေးစခန်း၌ မွေးမြူထားသည့်မိကျောင်းများ

စာမျက်နှာ ၁၀ မှ

သုံးပေမှ ငါးပေအထိ မိကျောင်းငယ်လေးများကို ပြုစုကန်(၃)သို့ စနစ်တကျခွဲ၍ ပြောင်းရွှေ့မွေးမြူကာ ငါးပေအထက် မိကျောင်းများကို သောက်ရေကန်၊ ကွန်ကရစ်ကန်နှင့် သဘာဝကန်များသို့ပြောင်းရွှေ့ပြီး သဘာဝအနေအထား အတိုင်း မိကျောင်းများ နေထိုင်ကျက်စားနိုင်ရန် ပြုစုမွေးမြူထားလျက်ရှိပါသည်။

သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် မွေးမြူထားရှိသည့် Crocodylus porosus ရေငန်မိကျောင်းသည် သက်တမ်းနှစ် ၇၀ မှ နှစ် ၁၀၀ အထိ လူ့သက်တမ်းတမျှ နေထိုင်နိုင်ပြီး အထီးသည် အမထက် အရွယ်အစား ပို၍ကြီးမားပါသည်။ ပျမ်းမျှအားဖြင့် ရှစ်ပေအရွယ်ခန့်တွင် အရွယ်ရောက်ပြီး နှစ်စဉ် ဖေဖော်ဝါရီလမှစ၍ မိကျောင်းများ စတင်မိတ်လိုက်တတ်သည့် သဘောရှိပါသည်။ ဧပြီ၊ မေ၊ ဇွန် ကာလများတွင် ဥ ဥချတတ်ပါသည်။ မိကျောင်းမွေးမြူရေးစခန်းရှိ သဘာဝကန်တွင် မိကျောင်းမများ ဥအသိုက်ပြုလုပ်နိုင်ရန် သဘာဝအတိုင်းဖြစ်စေရေး ဖန်တီး ပေးထားပါသည်။ မိကျောင်းမ တစ်ကောင်လျှင် ဥလုံးရေ ၂၀ မှ ၇၀ အထိ ဥ ဥချလေ့ရှိပါသည်။

တစ်ပေမှသုံးပေအထိ မိကျောင်းငယ်များကို ရေချိုပုစွန်ဆိတ်နှင့် ငါးကြီးဆီရောနယ်၍ နေ့စဉ်ကျွေးမွေးလျက်ရှိပြီး သုံးပေနှင့်အထက် မိကျောင်းကြီးများကို တစ်ပတ်လျှင် ပင်လယ်ငါးစုံ ငါးပိဿာချိန် ၁၅၀ ဝယ်ယူကျွေးမွေးလျက်ရှိပါသည်။ ငါးချဆိပ်ကမ်းများမှလည်း မိကျောင်းများကို တစ်ပတ်လျှင် ငါးပိဿာချိန် ၂၀၀ လာရောက်အစာလှူဒါန်းပါသည်။ မိကျောင်းကြီးများကို ကျန်းမာသန်စွမ်းစေရန် တစ်ပတ်လျှင် ငါး ပိဿာ ၃၅၀ ခန့် ဂရုတစိုက်ကျွေးမွေးလျက်ရှိပါသည်။ ယခုလက်ရှိ သာကေတ မိကျောင်းမွေးမြူရေးစခန်းတွင် အရွယ်စုံမိကျောင်းကောင်ရေ ၆၂ ကောင် ပြုစုမွေးမြူထားလျက်ရှိပါသည်။

မိကျောင်းသည် သားရဲတိရစ္ဆာန်မျိုးနွယ်ဖြစ်ပြီး မျိုးသုဉ်းလုနီးပါး တောရိုင်းတိရစ္ဆာန်နှင့် သစ်ပင်ပန်းမန်မျိုးစိတ်များ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု(Convention on International Trade in Endangered Species of Wild Fauna and Flora(CITES) Appendix I ၏ ကုန်သွယ်မှုတားမြစ်စာရင်းတွင် ပါဝင်သဖြင့် မိမိတို့ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မျိုးသုဉ်းရှားပါးကွယ်ပျောက်လုနီးပါးဖြစ်သည့် မိကျောင်းများကို မျိုးထိန်းထားရှိခြင်းပင် ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းသည် ၄-၁၂-၂၀၂၄ ရက်နေ့က သာကေတ မိကျောင်းမွေးမြူရေးစခန်းသို့ ရောက်ရှိခဲ့ပြီး မိကျောင်းပြုစုကန်(၁)တွင် မိကျောင်းငယ်လေးများ ပြုစုမွေးမြူထားရှိမှု၊ နေ့စဉ်အစာကျွေးနည်းစနစ်၊ အာဟာရဓာတ် ပြည့်ဝစေရန် ငါးကြီးဆီနှင့် ရေချိုပုစွန်ငယ်များ ရော၍ ကျွေးမွေးနေမှု၊ သဘာဝကန်အတွင်း မိကျောင်းကြီးများကို သဘာဝအလျောက်မွေးမြူထားရှိမှုနှင့် ပတ်သက်၍ ကြည့်ရှုစစ်ဆေးခဲ့ပြီး **"မိမိအတွေ့အကြုံအရ မိကျောင်းများအတွက် အစာသန့်ရှင်းလတ်ဆတ်မှုသည် များစွာအရေးကြီးသည်ဟု ယူဆကြောင်း၊ မိကျောင်းငယ်များကို နေ့စဉ် ဂရုတစိုက် စနစ်တကျ အစာကျွေးမွေးနေမှုကို သိရှိရ၍ ကျေနပ်ကြောင်း၊ ရေရရှိရေးသည်လည်း အဓိက လိုအပ်ချက်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အစာလုံလောက်စွာ ရရှိရေးနှင့် မိကျောင်းကန်များအတွင်း ရေအမြဲမပြတ်ရှိနေရန် ဝန်ထမ်းများအနေဖြင့် အထူးဂရုပြုဆောင်ရွက်သင့်ကြောင်း"** မှာကြားပြီး မိကျောင်းအစာကုသိုလ်အဖြစ် ငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ပါသည်။

၄-၁၂-၂၀၂၄ရက်က ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း မိကျောင်းငယ်လေးများ ပြုစုထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

တက္ကသိုလ်အသီးသီးမှ သုတေသနပြုမည်ဆိုပါက ဥပေါက်သည့်အချိန်မှစ၍ ကြီးထွားသည်အထိ Life cycle အဆင့်ဆင့်နှင့် ကုန်းနေ/ရေနေ မိကျောင်းများ၏ အလေ့အထဖြစ်သည့် ကုန်းပေါ်တွင်လည်းကောင်း၊ ရေထဲတွင်လည်းကောင်း လျင်မြန်စွာ လှုပ်ရှားနိုင်ပြီး ရေအောက်ထဲတွင် အချိန်ကြာမြင့်စွာ ငုပ်လျှိုးနေနိုင်ကြောင်းကို တစ်နေရာတည်းတွင် လက်တွေ့လေ့လာနိုင်မည်ဖြစ်ပြီး ရဟန်းရှင်လူပြည်သူများအနေဖြင့် မိကျောင်းငယ်လေးများနှင့် အမှတ်တရဓာတ်ပုံရိုက်ကူးနိုင်သလို အပန်းဖြေလေ့လာနိုင်စေရန်နှင့် ကုသိုလ်ဖြစ် မိကျောင်းအစာကျွေးမွေးနိုင်စေရန် စီစဉ်ထားရှိပြီးဖြစ်သဖြင့် မိကျောင်းမွေးမြူရေးစခန်းသို့ အလည်တစ်ခေါက်လာရောက်လေ့လာကြပါလို့ ဖိတ်ခေါ်အပ်ပါသည်။ ။

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

ပဲခူး ဒီဇင်ဘာ ၂၁

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဒီဇင်ဘာ ၁၉ ရက်က တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကဝမြို့နယ်နှင့် ပဲခူးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်လျက်ရှိသော ကဝမြို့နယ် ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်လမ်း မိုင်တိုင်(၁၉/၂)-(၁၉/၃)ကြားရှိ တံတားအမှတ်(၁/၂၀) ရစ်ဝတံတား အရှည်ပေ ၁၀၀ သံကူကွန်ကရစ်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တံတားကမ်းကပ်ခုံများ ရေတိုက်စားမှုမရှိစေရေး ကမ်းထိန်းနံရံများ စနစ်တကျဆောင်ရွက်ရန်နှင့် စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကဝမြို့နယ် နိဗ္ဗာန်ကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း အကွက်ကျယ် နွေစပါးဧက ၃၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုကို ကွင်းဆင်းကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများက နွေစပါးစိုက်တောင်သူများအတွက် သွင်းအားစု ဓာတ်မြေဩဇာများ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကဝမြို့နယ်ရှိ မွေးမြူရေးလုပ်ငန်းရှင် ဒေါက်တာဆွေမြင့်ဦး၏ အသားတိုးကြက်ကောင်ရေ ၆၀၀၀ စတင် မွေးမြူထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဇီဝလုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်သွားနိုင်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့နယ် အင်းတကော်မြို့ရှိ မွေးမြူရေးလုပ်ငန်းရှင် ဦးအောင်မြင့်၏ ဥစားကြက်ကောင်ရေ ၄၀၀၀၀ မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးပြီး မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ကိုယ်တိုင် မွေးမြူထားသည့် ဥများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က နေ့စဉ်ဖွင့်လှစ်လျက်ရှိသည့် ကိုယ်တိုင်စိုက်ပျိုးမွေးမြူသူများ တိုက်ရိုက်အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဟွမ်းဟွမ်းကြက်စာစပ်လုပ်ငန်းသို့ သွားရောက်၍ ဥစားကြက်အစာ ထုတ်လုပ်နေမှုကို လေ့လာကြည့်ရှုပြီး ဒေသထွက်ကုန်ကြမ်းပစ္စည်းများကို အခြေခံကာ သက်သာသောနှုန်းထားဖြင့် တိရစ္ဆာန်အစာထုတ်လုပ်ရန်နှင့် မွေးမြူရေးအစာစပ်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံသူ တိုးတက်လာစေရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ညွန့်မေတ္တာရောင်းဝယ်ရေးသမ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ပုသိမ်ညွန့်ရပ်ကွက် ညွန့်မေတ္တာရောင်းဝယ်ရေးသမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၂၀ ရက်က အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးငွေမြင့်က ဆောင်ရွက်ပြီး မြို့နယ် သမဦးစီးအရာရှိ ဦးသက်ပြင်းက သမဝါယမအဆင့်ဆင့်၏ ညွှန်ကြားချက်များ၊ သမအသင်းဥပဒေ၊ နည်းဥပဒေများ လိုက်နာဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။ ယင်းနောက် အစည်းအဝေး တက်ရောက်သူ အသင်းသားများအား အစုပေါ်အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၌ ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပထမနှစ်ဝက် ဘာသာရပ်ပေါင်းစုံ အားကစားပြိုင်ပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၂၀ ရက်က ထန်းတပင်မြို့နယ်ရှိ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းဇော်ဦးက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ပြိုင်ပွဲသို့ ဘာသာရပ်ပေါင်းစုံ ၁၄ ဌာနတို့မှ ဘောလုံးပြိုင်ပွဲဝင်အသင်း ၁၁ သင်း ယှဉ်ပြိုင်ခဲ့ကြပြီး ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ဒီဇင်ဘာ ၃၁ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မြစ်ကြီးနားမြို့၌ ဒီဇင်ဘာအားကစားလတတိယပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ခရစ္စမတ်ဝတ်ပြုဆုတောင်းပွဲတော်ကျင်းပ

မြစ်ကြီးနား ဒီဇင်ဘာ ၂၁

ကချင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ဒီဇင်ဘာအားကစားလ တတိယပတ် လူထုစုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက် ၅ နာရီခွဲက ပြည်သူ့အားကစားကွင်းရှေ့စုရပ်မှ မြို့တွင်းလမ်းများအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ခဲ့ကြသည်။

အဆိုပါ လမ်းလျှောက်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပညာရေးကောလိပ်နှင့် သူနာပြုကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများက ပြည်သူ့အားကစားကွင်း အထူးတန်းပွဲကြည့်ရှေ့စုရပ်မှ ရုံးကြီးလမ်း၊ သခင်နက်ဖေလမ်း၊ ထိုမှတစ်ဆင့် ပြည်ထောင်စုလမ်းမကြီး၊ ဆွမ်ပရာဘွမ်လမ်းမှတစ်ဆင့် ရုံးကြီးလမ်းမအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ပြည်နယ်ဘောလုံးကွင်းအတွင်းသို့ ပြန်လည်ဝင်ရောက်ကာ ကိုယ်ကာယကြံ့ခိုင်မှု အတွဲအမှတ်(၁)၊ (၂)နှင့် Fitness Dance တို့ကို အတူတကွစုပေါင်းလေ့ကျင့်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းမှ ကျောင်းသူလေးများ၏ Fitness Dance အကဖြင့် သရုပ်ဖော်ကပြမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နံနက် ၉ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ မိသားစုခရစ္စမတ်ဝတ်ပြုဆုတောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

မုံရွာ ဒီဇင်ဘာ ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် အနီးဝန်းကျင်ရှိကျေးရွာများမှ ဒေသခံပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရန်အတွက် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ခြင်များပေါက်ပွားနိုင်သည့် ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများကစုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်နေသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်နေပြည်သူများနှင့် ကျန်းမာရေးများအား တန်ဖိုးသင့်စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနေမှုများကို ကြည့်ရှုအားပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၀ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၁၃၀၀ ကျော်ဖြင့် ပြည်သူ့ဆေးရုံများနှင့် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

❖ *ကျောဖုံးမှ*

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဘားအံတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ဘားအံမြို့ပေါ်ရပ်ကွက်များရှိ ဒေသခံတိုင်းရင်းသားပြည်သူများ စုစုပေါင်းအင်အား ၂၃၉၀ တို့သည် စုရပ်ဖြစ်သော သီရိလမ်း၊ ဝန်ကြီးများအိမ်ရာရှေ့မှ သီရိလမ်းအတိုင်း ဆေးရုံလမ်း၊ ကျော်ဇေယျလမ်း၊ မာန်းနဲစန်လမ်း၊ အထက(၄)ကျောင်းလမ်းမှတစ်ဆင့် သီရိလမ်းအတိုင်း သီရိကွင်းအတွင်းသို့ ပျော်ရွှင်စွာစုပေါင်းလမ်းလျှောက်ခဲ့ကြပြီး သီရိကွင်းအတွင်း၌ အကြောလျှော့ လေ့ကျင့်ခန်းများစုပေါင်းဆောင်ရွက်၍ ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းအစီအစဉ် အတွဲအမှတ်(၁)နှင့် အမှတ်(၂) တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ပါဝင်ယှဉ်နွှဲကြသူများအား နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနတို့က နံနက်စာကြာဆံကြော်ဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အမျိုးသား၊ အမျိုးသမီး သံလုံးပစ်ပြိုင်ပွဲ၊ ဂိုးကျဉ်းသွင်းပြိုင်ပွဲတို့ကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများကကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

❋ *ကျောဖုံးမှ*

ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ဗဟိုချက်လေဖိအား ၁၀၀၃ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်နှုန်းခန့် ဖြစ်သည်။ မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် နောက် (၆)နာရီအတွင်း အရှေ့-အရှေ့မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်သည်။ ထို့နောက် ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

အဆိုပါ မုန်တိုင်းငယ်၏ အရှိန်ကြောင့် ယနေ့ညမှ ၂၃-၁၂-၂၀၂၄ ရက်အတွင်း ချင်းပြည်နယ်တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။



ယနေ့ညမှ ၂၃-၁၂-၂၀၂၄ ရက်နေ့အတွင်း မိုးလေဝသ သင်္ချာပုံစံပြုမော်ဒယ်လ်မှ ခန့်မှန်းထားသည့် မိုးရွာသွန်းမှုအခြေအနေ ခန့်မှန်းချက်ပြပုံ

ရခိုင်ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်း သွားလာရေးနှင့် လေကြောင်း ပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

အီးယူက အမေရိကန်၏ ရေနံနှင့်သဘာဝဓာတ်ငွေ့များ မတင်သွင်းလျှင် အခွန်စည်းကြပ်မည်ဟု ထရမ့် ခြိမ်းခြောက်

ဝါရှင်တန် ဒီဇင်ဘာ ၂၁

အီးယူက အမေရိကန်၏ရေနံနှင့် သဘာဝဓာတ်ငွေ့များ တင်သွင်းခြင်းမပြုလျှင် အီးယူမှ တင်သွင်းသည့်ပစ္စည်းများကို အခွန်စည်းကြပ်မည်ဟု အမေရိကန်သမ္မတအဖြစ် ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်က ခြိမ်းခြောက်လိုက်သည်။

ဒီဇင်ဘာ ၂၀ ရက်တွင် လူမှုကွန်ရက်မီဒီယာပေါ်၌ ထရမ့်က ယခုလို မှတ်ချက်ချပြောဆိုခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလအတွင်း ထရမ့်သည် အမေရိကန်သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်ရာ ၎င်း၏ ကျမ်းသစ္စာကျိန်ဆိုပွဲမတိုင်မီ ဥရောပသမဂ္ဂအတွက် ဖိအားတစ်ခုဖြစ်လာသည်။ ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်က ၎င်းသည် နိုဝင်ဘာလအတွင်းက ထရမ့်နှင့်ဖုန်းပြောခဲ့ပြီး အမေရိကန်မှ သဘာဝဓာတ်ငွေ့တင်သွင်းရန် ဆွေးနွေးခဲ့သည်ကြောင်း ပြောသည်။

ထရမ့်၏ သတင်းစကားသည်အမေရိကန်နှင့် ကုန်သွယ်မှုလိုငွေပြနေသောနိုင်ငံများကို လွှမ်းမိုးရန် အမေရိကန်စွမ်းအင်အရင်းအမြစ်များကို အသုံးပြုရန် ရည်ရွယ်ထားသည့်အချက်ပြမှုတစ်ခုဖြစ်ကြောင်း သိရသည်။

အင်န်အိတ်ချ်ကေ

အမေရိကန် သမ္မတအဖြစ်ရွေးကောက်ခံထားရသည့် ဒေါ်နယ်ထရမ့်။

အစ္စရေးနိုင်ငံ တဲလ်အဗစ်မြို့သို့ ဟူသီသူပုန်များက ဒုံးကျည်ဖြင့်ပစ်ခတ်ရာ ၁၆ ဦး ဒဏ်ရာရ

ဂျေရုဆလင် ဒီဇင်ဘာ ၂၁

ဒီဇင်ဘာ ၂၁ ရက်က ယီမင်နိုင်ငံရှိ ဟူသီသူပုန်တို့ ပစ်ခတ်လိုက်သည့် ဒုံးကျည်တစ်စင်းသည် အစ္စရေးနိုင်ငံအလယ်ပိုင်းမြို့ဖြစ်သည့် တဲလ်အဗစ်မြို့ အဆောက်အအုံတစ်လုံးနှင့် ကစားကွင်းတစ်ခုတို့ကို ထိမှန်ခဲ့ရာ ၁၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ကစားကွင်းသို့ ဒုံးကျည်ထိမှန်ခဲ့ပြီး လူနေအဆောက်အအုံတစ်လုံးလည်း ပျက်စီးခဲ့သည်။ ဒုံးကျည်ပစ်ခတ်ခံရပြီးနောက် အစ္စရေးနိုင်ငံအလယ်ပိုင်းဒေသတွင် အချက်ပေးသံများဆူညံစွာ ထွက်ပေါ်လာခဲ့သည်။

ဒုံးကျည်ပစ်ခတ်မှုကို သိရှိသော်လည်း ကြားဖြတ်ဟန့်တားနိုင်ခဲ့ခြင်း မရှိကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ကပြောသည်။

ဒီဇင်ဘာ ၂၁ ရက် အစောပိုင်းတွင် ဟူသီသူပုန်တို့က ထိုသို့ ပစ်ခတ်မှုပြုလုပ်သူမှာ ၎င်းတို့အဖွဲ့ဖြစ်ကြောင်း ပြောကြားသည်။

ဆင်ဟွာ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ တုပ်ကွေးရောဂါနှင့် ဆက်စပ်နိုင်သည့် လူသေစေတတ်သော အမည်မသိရောဂါတွေ့ရှိ

ကင်ရှာဆာ ဒီဇင်ဘာ ၂၁

ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ပျံ့နှံ့နေသည့် လူသေစေတတ်သော အမည်မသိရောဂါမှာ တုပ်ကွေးရောဂါနှင့် ဆက်စပ်မှုရှိနိုင်ကြောင်း အစိုးရအရာရှိများက ထုတ်ပြန်ထားသည်။

ကွန်ဂိုနိုင်ငံ ခွမ်ဂိုပြည်နယ်၌ လူ ၅၉၂ ဦး ဖျားနာခဲ့သောကြောင့် ဓာတ်ခွဲစမ်းသပ်မှု ပြုလုပ်ခဲ့ရာ နမူနာများ၏ ၂၈ ရာခိုင်နှုန်းမှာ တုပ်ကွေးရောဂါပိုး တွေ့ရှိသည့်အပြင် rhinovirus နှင့် SARS-CoV-2ရောဂါလက္ခဏာများလည်း တွေ့ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး ရောဂါကမ်ဘာက ပြောကြားသည်။

ကွန်ဂိုပြည်သူ့ ကျန်းမာရေးဝန်ကြီးဌာနက အဆိုပါရောဂါနှင့် ပတ်သက်ပြီး နောက်ထပ်အသေးစိတ် အချက်အလက်များကို ထုတ်ပြန်ထားခြင်း မရှိသေးပေ။

ဆင်ဟွာ

ဂါဇာ၌ အစ္စရေးတို့၏ တိုက်ခိုက်မှု ၁၈ ဦးထက်မနည်းသေဆုံး

ဂါဇာ ဒီဇင်ဘာ ၂၁

ဂါဇာကမ်းမြောင်ဒေသ အလယ်ပိုင်းနှင့် မြောက်ပိုင်းတို့၌ အစ္စရေးလေကြောင်း တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၈ ဦးထက်မနည်း သေဆုံးကြောင်း ပါလက်စတိုင်းသတင်းရင်းမြစ်များက ဒီဇင်ဘာ ၂၀ ရက်တွင် ဖော်ပြထားသည်။

ဂါဇာအလယ်ပိုင်းတွင် ရှိသည့် အယ်နျူဆီရက်ရှိ ယက်ဖာတာဝါ၏ တိုက်ခန်းတစ်ခုကို ပစ်မှတ်ထားကာ အစ္စရေးတိုက်လေယာဉ်က တိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်းသတင်းရင်းမြစ်များနှင့် မျက်မြင်သက်သေများက ပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုအတွင်း ရှစ်ဦးသေဆုံးပြီး အခြား ၁၄ ဦးမှာ ဒဏ်ရာရရှိကြောင်း သိရသည်။ အလားတူ ဂါဇာမြောက်ပိုင်း ဂျာဘာလီယာအယ်ဘလက်ရှိ နေအိမ်တစ်လုံးကို အစ္စရေးက အမြောက်များဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ၁၀ ဦး သေဆုံးပြီး အခြားအများအပြားဒဏ်ရာရရှိကြောင်း ဂါဇာကမ်းမြောင်ဒေသ အရပ်ဘက်ကာကွယ်ရေးအဖွဲ့က ထုတ်ပြန်ထားသည်။

အဆိုပါတိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး အစ္စရေးတပ်မတော်က မည်သည့်မှတ်ချက်မှ မပေးသေးချေ။

ထို့ပြင် ဂါဇာမြောက်ပိုင်း ဂျာဘာလီယာဒုက္ခသည်စခန်း၌ ဟားမားစ်တပ်ဖွဲ့ဝင်တစ်ဦးက အစ္စရေးတပ်ဖွဲ့ဝင်ခြောက်ဦးကို ပစ်မှတ်ထားကာ အသေခံတိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အယ်လ်ကဆမ်တပ်မဟာမှ ဟားမားစ်၏ စစ်ဘက်ဆိုင်ရာအဖွဲ့က ကြေညာထားသည်။ ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေးတို့၏ ဆက်လက်တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူပေါင်း ၄၅၂၀၆ ဦးရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဒီဇင်ဘာ ၂၀ ရက်တွင် ထုတ်ပြန်ထားသည်။

ဆင်ဟွာ

အီရန်နိုင်ငံအနောက်ပိုင်း၌ ဘတ်စ်ကားတစ်စီး ချောက်အတွင်း ထိုးကျ ခရီးသည် ၁၀ ဦး သေဆုံး၊ ၁၇ ဦး ဒဏ်ရာရရှိ

တီဟီရန် ဒီဇင်ဘာ ၂၁

အီရန်နိုင်ငံအနောက်ပိုင်း လိုရက်စတန်ပြည်နယ်၌ ဒီဇင်ဘာ ၂၁ ရက်တွင် ဘတ်စ်ကားတစ်စီးချောက်အတွင်း ထိုးကျမှုဖြစ်ပွားသဖြင့် ၁၀ ဦး သေဆုံးပြီး အခြား ၁၇ ဦး ဒဏ်ရာရရှိကြောင်း ဖားစ်သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

အီရန်နိုင်ငံ ပေါ့ဒွေါခ်ထာဒေသရှိ အဝေးပြေးလမ်းမတစ်ခု၌ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း ပြည်နယ်အရေးပေါ် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအဖွဲ့(အီးအမ်အက်စ်)၏ ပြည်သူ့ဆက်ဆံရေး ဒါရိုက်တာ အလီ မိုဟာမာဒီ၏ ပြောကြားချက်ကို ကိုးကားပြီး ဖားစ် သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

ဒဏ်ရာရရှိသူအားလုံးကို ဆေးကုသရေးဌာနသို့ ပို့ဆောင်

ယာဉ်မတော်တဆမှုကြောင့် အခင်းဖြစ်ပွားရာနေရာ၌ ကိုးဦးသေဆုံးပြီး အခြားတစ်ဦးမှာ ဆေးရုံတွင် သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသူအားလုံးကိုလည်း ဆေးကုသရေးဌာနသို့ ပို့ဆောင်ထားကြောင်း မိုဟာမာဒီက ပြောသည်။ ခရီးသည် ၂၇ ဦး တင်ဆောင်လာသည့် ဘတ်စ်ကားမှာ အရှိန်လွန်ပြီး ချောက်အတွင်းသို့ ထိုးကျခြင်းဖြစ်ကြောင်း လိုရက်စတန်ပြည်နယ် ယာဉ်ထိန်းရဲချုပ်က သတ်မှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ

ပျောက်ဆုံးနေသည့် အမ်အိတ်ချ် ၃၇၀ လေယာဉ်ကို ရှာဖွေမှုများပြန်လည်စတင်ရန် မလေးရှားသဘောတူ

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၁

လွန်ခဲ့သော ၁၀ နှစ်က ခရီးသည် ၂၃၉ ဦးနှင့်အတူ ပျောက်ဆုံးသွားခဲ့သော လေယာဉ်ကို ရှာဖွေမှုများ ပြန်လည်စတင်ရန် မလေးရှားနိုင်ငံက သဘောတူညီခဲ့ကြောင်း သိရသည်။

မလေးရှားလေကြောင်းလိုင်း၏ အမ်အိတ်ချ် ၃၇၀ လေယာဉ်သည် ၂၀၁၄ ခုနှစ်က ပျောက်ဆုံးသွားခဲ့ပြီး လေကြောင်းပျံသန်းမှုသမိုင်းတွင် အထူးဆန်းဆုံးဖြစ်ရပ်ဖြစ်လာခဲ့သည်။

၂၀၁၇ ခုနှစ်တွင် အဆိုပါ လေယာဉ်ကို ရှာဖွေမှုများ ရပ်နားခဲ့သည်။ အမေရိကန် ရေကြောင်းရှာဖွေရေး ကုမ္ပဏီတစ်ခုသည် အဆိုပါလေယာဉ်ကို ကြိုးစားရှာဖွေခဲ့သော်လည်း တိုးတက်မှုအနည်းငယ်သာ ရရှိခဲ့သည်။ ရှာဖွေမှုများ ပြန်လည်စတင်ရန် ကုမ္ပဏီ၏ ကမ်းလှမ်းချက်ကို လက်ခံကြောင်း မလေးရှား သယ်ယူပို့ဆောင်ရေးဝန်ကြီးက ဒီဇင်ဘာ ၂၀ ရက်တွင် ပြောသည်။

အချက်အလက်အသစ်များကို အခြေခံ၍ အိန္ဒိယသမုဒ္ဒရာ တောင်ဘက်ပိုင်းဒေသ စတုရန်းကီလိုမီတာ ၁၅၀၀၀ အကျယ်တွင် ရှာဖွေမှုများ ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း၊ အပျက်အစီးများ ရှာဖွေတွေ့ရှိပါက ကုမ္ပဏီကို ပေးဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အင်န်အိတ်ချ်ကေ

မက်မန်းမြို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မက်မန်း ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့၌ မြို့နယ်အတွင်းရှိ ပြည်သူများ ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရေးအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၅ နာရီခွဲက ကျင်းပသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သောင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စီအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းဆရာ ဆရာမများ၊

ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ခရိုင်အထွေထွေအုပ်ရေးဦးစီးဌာနရှေ့၌ စုရပ်အဖြစ် သတ်မှတ်ကာ ဗိုလ်ချုပ်လမ်းမကြီးအတိုင်း We Love Matman ရှုခင်းသာအထိ တပျော်တပါး စုပေါင်း လမ်းလျှောက်ခဲ့ကြသည်။

ထို့နောက် We Love Matman ရှုခင်းသာ၌ ကိုယ်လက်လေ့ကျင့်ခန်းများနှင့် သွေးပူလေ့ကျင့်ခန်းများကို စုပေါင်းပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အေဇက်ထွန်း(မက်မန်း)

မြို့သစ်မြို့နယ်၌ လမ်းလုပ်ငန်းဆောင်ရွက်

မြို့သစ် ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ဆားတဲ- တောင်တွင်းကြီး- မြို့သစ်- နတ်မောက် လမ်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၆ ရက်တွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ မကွေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးဆလိုင်းနေအောင်ဆန်းတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကိုဇော်(ပြန်/ဆက်)

မန္တလေးမြို့အမှတ်(၂)မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမှတ်(၂)မူလတန်းကြိုကျောင်း မန္တလေးမြို့၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံး ကြီးကြပ်မှုအောက်ရှိ အမှတ်(၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးကြွယ်က အမှာစကားပြောကြားပြီး (က.ခ.ဂ.ဃ.င.စ) တန်းများရှိ သားငယ် သမီးငယ်လေး ၃၅၀ ကို အကြီးဆင့်၊ အငယ်ဆင့်ခွဲ၍ ပွဲစဉ်ပေါင်း ၅၄ ဖွဲ့ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ဆုချီးမြှင့်ပေးသည်။

အဆိုပါ ပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းရီ၊ အမှတ် (၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မျိုးကြွယ်နှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

မြို့နယ်(ပြန်/ဆက်)

▢ *ကျောဖုံးမှ*

ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပခဲ့သည့် Ying Yang swond form female ပြိုင်ပွဲတွင် မေဟန်နီအောင်လွင်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ four Element staff form male ပြိုင်ပွဲတွင် တင်ထူးဇော်က ပထမရွှေတံဆိပ်ဆုကိုလည်းကောင်း၊ Dual form 3 ပြိုင်ပွဲတွင် အိုက်စိုးလင်းနှင့် တင်ထူးဇော်တို့အတွဲက ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Ying Yang swond form male ပြိုင်ပွဲတွင် အိုက်စိုးလင်းက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ 1 female defense against 3 male with weapon ပြိုင်ပွဲတွင် အိုက်စိုးလင်း၊ တင်ထူးဇော်၊ ရဲရင့်အောင်နှင့် အိန္ဒြေဖူးတို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့ကြသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပသည့် Cross form female ပြိုင်ပွဲတွင် အိန္ဒြေဖူး က ဒုတိယငွေတံဆိပ်ဆုကိုလည်းကောင်း၊ Pair sword form male ပြိုင်ပွဲတွင် အိုက်စိုးလင်းနှင့် တင်ထူးဇော်တို့အတွဲက တတိယကြေးတံဆိပ်ဆုကို လည်းကောင်း၊ ယနေ့ကျင်းပသည့် 50–55kg အတိုက်ပြိုင်ပွဲတွင် ရဲရင့်အောင်က ဒုတိယငွေတံဆိပ်ဆုကို လည်းကောင်း၊ Dual form 3 female ပြိုင်ပွဲတွင် အိန္ဒြေဖူးနှင့် မေဟန်နီအောင်လွင်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Five – gate form male ပြိုင်ပွဲတွင် ရဲရင့်အောင်က တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း၊ Pair sword form female ပြိုင်ပွဲတွင် အိန္ဒြေဖူးနှင့် မေဟန်နီအောင်လွင်တို့အတွဲက တတိယကြေးတံဆိပ်ဆုကိုလည်းကောင်း ရရှိကြသည်။

အဆိုပါ 5th AVF ASIAN Vovinam Championships 2024 ပြိုင်ပွဲတွင် မြန်မာ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အီရန်၊ ကာဂျစ္စတန်၊ တီမောနှင့် နီပေါနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၃ နိုင်ငံ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အုပ်ချုပ်/နည်းပြအဖြစ် ဦးလွှမ်းအောင်နှင့် ဒိုင်လူကြီးသုံးဦး၊ အားကစားသမား အမျိုးသားသုံးဦးနှင့် အမျိုးသမီး နှစ်ဦး စုစုပေါင်း ကိုးဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းအနေဖြင့် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်ခြောက်ခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခု ဆွတ်ခူးရရှိကြောင်း သိရသည်။ **သတင်းစဉ်**

ပန်းခင်းအဆင့်(၃)စီမံချက်ဖြင့် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကွမ်းခြံကုန်းကျေးရွာပြည်သူများကို ဒီဇင်ဘာ ၂၁ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများက ပန်းခင်းအဆင့်(၃) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးစဉ်။

သန်းဝင်း(သန်လျင်)

ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ မန္တလေးမြို့ စာရေးဆရာဖူလုံ (ပုသိမ်ကြီး) နှင့်အဖွဲ့က ရေဘေးသင့်ပြည်သူ ၁၀၈ ဦးကို ဆန် ၁၈ အိတ် တစ်ဦးလေးပြည်နှုန်းဖြင့် ဒီဇင်ဘာ ၂၁ ရက်တွင် လှူဒါန်းစဉ်။ ၂၁၄

မွန်ပြည်နယ်၌ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး အရည်အသွေးမြင့် ရော်ဘာထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်

မော်လမြိုင် ဒီဇင်ဘာ ၂၁

မွန်ပြည်နယ်၌ ရော်ဘာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊ အထွက်နှုန်းနှင့် အရည်အသွေးမြင့်မားစေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် တာဝန်ရှိသူများက ကြိုးစား ဆောင်ရွက်လျက်ရှိသည်။ မွန်ပြည်နယ်၌ ရော်ဘာစိုက်ပျိုးဧကငါးသိန်းကျော်မှ ၉၀ ရာခိုင်နှုန်းသည် လုပ်ကွက်ငယ် ခြံငယ်ရှင်များဖြစ်ပြီး ခြံကြီး၊ ခြံလတ်များနှင့် ကုမ္ပဏီစိုက်ခင်းများမှာ ၁၀ ရာခိုင်နှုန်းအောက် စိုက်ပျိုးထားရှိ၍ ရော်ဘာအစေးခြစ်ဧကသုံးသိန်းကျော်ရှိသည်။

ထို့အပြင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများ ဖွံ့ဖြိုးစေရန် ရော်ဘာပင်အိုများကို ခုတ်လှဲပြီး တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ရော်ဘာသစ်၊ ပရိဘောဂ၊ သစ်ပါးလွှာ၊ အထပ်သားလုပ်ငန်းများ ထုတ်လုပ်လျက်ရှိသည်။ မွန်ပြည်နယ်အတွင်း ရော်ဘာသစ်ခွဲသား၊ သစ်ပါးလွှာစက်ရုံ ၂၃ ရုံရှိပြီး ၂၀၂၃ – ၂၀၂၄ ခုနှစ်တွင် ရော်ဘာသစ်ခွဲသား၊ သစ်ပါးလွှာ ၂၂၉၀၆၁ တန် ထုတ်လုပ်နိုင်ခဲ့သည်။ ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ငွေဖြင့် ရော်ဘာစိုက်တောင်သူ ၇၁၇ ဦးအား တစ်ဧကလျှင် နှစ်သိန်းကျပ်နှုန်းဖြင့် ၄၃၆၄ ဧက၊ အရည်အသွေး ကောင်းမွန်သည့် ရော်ဘာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန် မိုင်းရုံလုပ်ငန်းရှင် တစ်ဦးလျှင် ကျပ်သိန်း ၁၀၀ နှုန်းဖြင့် မိုင်းရုံလုပ်ငန်းရှင် ၁၁ ဦးအား ကျပ် ၁၀၃၅ သိန်း ချေးငွေ ထုတ်ချေးပေးနိုင်ခဲ့သည်။

မွန်ပြည်နယ်၌ ထုတ်လုပ်ရောင်းဝယ်နေကြသည့် ရော်ဘာအမျိုးအစားများမှာ RSS ၊ MSR စသည့် အမျိုးအစားများဖြစ်ပြီး ပြည်နယ်အတွင်း ရော်ဘာလုပ်ငန်း

လုပ်ကိုင်နေသည့် မိုင်းရုံ၊ ခရမ့်ရော်ဘာစက်ရုံ၊ တာယာစက်ရုံ၊ သရေကွင်း၊ ပူဖောင်း၊ ဘောလုံး၊ ဖိနပ်လုပ်ငန်းများမှ တန်ချိန် ၁၅၀၀၀ ခန့်သုံးစွဲရာ ပြည်တွင်းသုံးစွဲမှုမှ ပိုလျှံသောရော်ဘာများကို ပုဂ္ဂလိက ဝယ်လက်များမှတစ်ဆင့် ရော်ဘာအဝယ်ဒိုင်များကစုစည်းကာ ရန်ကုန်၊ မန္တလေး ကုမ္ပဏီကြီးများထံသို့တင်ပို့ပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချကြကြောင်း သိရသည်။ **အောင်မျိုးသူ (ပြန်/ဆက်)**

မိတ္ထီလာမြို့၌ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် ၂၀၂၄ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆရာတော်ကြီးများအား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲနှင့် စာအောင်သံဃာတော်များအား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ၂၀၂၄ ခုနှစ်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးလေးပါးနှင့် သာသနဓဇနွယ်ဝင် သီလရှင်ဆရာကြီး နှစ်ပါးတို့အား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲနှင့် အစိုးရဓမ္မာစရိယစာမေးပွဲ၊ နိကာယ်ငါးရပ်စာမေးပွဲနှင့် ပါဠိပထမပြန်စာမေးပွဲတို့တွင် ဖြေဆိုအောင်မြင်တော်မူခဲ့ကြသော စာအောင်သံဃာတော် ၃၀၃ ပါးတို့အား စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး မိတ္ထီလာမြို့ ပါဠိတက္ကသိုလ်ဥယျာဉ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင်၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသူရိယဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြသည်။

ထို့နောက် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်တင်မိုးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်မြတ် လေးပါးနှင့် သာသနဓဇနွယ်ဝင် သီလရှင်ဆရာကြီး နှစ်ပါးတို့၏ ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြားလျှောက်ထားခဲ့သည်။

ယင်းနောက် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား ဘွဲ့တံဆိပ်တော်အဆောင်အယောင်များနှင့် လှူဖွယ်များ ဆက်ကပ်လှူဒါန်းကြပြီး မိတ္ထီလာမြို့ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ၊ သိမ်တောင်နိကာယမိပတိ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ သက်တော်ရှည်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ

လာဘာဝတထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့ကြသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ဘုတ်ပြင်းမြို့ အတုလာအဓိပတိမဟာမုနိ ရွှေသာလျှောင်းဘုရား၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ဘုတ်ပြင်း ဒီဇင်ဘာ ၂၁

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်၌ အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်က အောင်မင်္ဂလာရပ်ကွက်ရှိ အတုလာအဓိပတိ မဟာမုနိ ရွှေသာလျောင်းဘုရား၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဘုတ်ပြင်းမြို့ ဘုတ်ပြင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်း၍ ဘုရားရင်ပြင်နှင့်ဓမ္မာရုံတို့တွင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ဘုရားပန်းအိုးများ ဆေးကြောသန့်စင်ခြင်း၊ ဘုရားအတက်အဆင်း စောင်းတန်းနှင့်

တောင်ပတ်လမ်းတို့တွင် သစ်ပင်ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဘားအံမြို့၌ ခရိုင်အဆင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အသိပညာပေးသင်တန်းဖွင့်

ဘားအံ ဒီဇင်ဘာ ၂၁

ကရင်ပြည်နယ် ဘားအံမြို့တွင် အမျိုးသမီးများ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအသိပညာများ အစဉ်နိုးကြားနေစေရန်ရည်ရွယ်၍ ခရိုင်အဆင့် အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အသိပညာပေးသင်တန်းကို ဒီဇင်ဘာ ၁၄ ရက်က ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူးရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာများကို ဘားအံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်၍ ဆက်စပ်ဌာနများမှ သင်တန်းဆရာများက သင်ကြားပို့ချခဲ့ကာ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၃၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

၂၀၂၅ အာရှဖလား ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း စတင်လေ့ကျင့်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၂၅ အာရှဖလား အမျိုးသမီး ဖူဆယ်ခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် ဒီဇင်ဘာ ၁၆ ရက်မှစ၍ စခန်းဝင်လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းသည် အာရှဖလားခြေစစ်ပွဲအတွက် ပြင်ဆင်ချိန် တစ်လဝန်းကျင် ရရှိမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို ပဏာမကစားသမား ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် ထိုင်းနိုင်ငံသား ဘန်လက်ချာယိုဝန်က ကိုင်တွယ်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း လေ့ကျင့်စဉ်။

အာရှဖလား အမျိုးသမီးဖူဆယ်ခြေစစ်ပွဲကို ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ဒုတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သည့် အုပ်စု(D) ပွဲစဉ်များကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် ဗီယက်နမ်၊ တရုတ်(တိုင်ပေ)၊ မကာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်းကို အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ၁၁ ဦး၊ ကစားသမား ၁၉ ဦးဖြင့် ဖွဲ့စည်းထားပြီး အဖွဲ့ခေါင်းဆောင် ဦးနိုင်သောင်းထိုက်၊ အုပ်ချုပ်သူ- ဦးရဲဝင်းထွန်း၊ နည်းပြချုပ် -ဘန်လက်ချာယိုဝန် (ထိုင်း)၊ လက်ထောက်နည်းပြ - ဦးတင်မောင်ဌေး၊ ဒေါ်ဇင်မင်းထွန်း၊ ဂိုးနည်းပြ-ဦးထွန်းထွန်းလတ်၊ လက်ထောက်ဂိုးနည်းပြ-ကစ်တီဖတ် (ထိုင်း)၊ ကြံ့ခိုင်ရေးနည်းပြ-တာဝမ်(ထိုင်း)၊ ဂိုးသမား- ချောစန္ဒီအောင် (Divine)၊ သရဖီအောင် (YRG)၊ ယဉ်ယဉ်မိုးနိုင် (YRG)၊ ကစားသမား-မေသက်ပိုင်၊ စုဝါလွင်၊ မေဇင်ဦး၊ ယမင်းသန့်ဇော်၊ ဝတ်ရည်လွင်၊ သန်းသန်းဝေ၊ ယမင်းလွင်၊ ဆက်နွယ်နီ၊ ဇင်ငြိမ်းချစ်(YRG)၊ ယွန်းမီမီလွင်၊ အေးအေးထွေး၊ နန်းဆိုင်းပရင်၊ နှင်းစန္ဒာလှိုင် (Divine)၊ ခင်မိုးဝေ (Pacific Sun Far)၊ ဂျူမိုးညီ၊ သူဇာလွင် (ကချင်ပြည်နယ်) တို့ ပါဝင်ကြသည်။

မြန်မာအသင်းသည် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်လေ့ကျင့်မည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၂၁

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ညောင်တုန်းမြို့နယ်၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲပြုလုပ်

ညောင်တုန်း ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်၌ ပြည်သူတစ်ရပ်လုံးမှ အားကစားလှုပ်ရှားမှုတွင် ပါဝင်လာစေခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပျော်ရွှင်လာစေရန်နှင့် အားကစားစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေရန်ရည်ရွယ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက် ၅ နာရီက ပြုလုပ်သည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်အတွင်းရှိ ပြည်သူများ စုစုပေါင်းအင်အား ၅၅၀ ခန့်ဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနရှေ့ စုရပ်မှ မြို့တွင်းလမ်းကြောင်းများအတိုင်း မြို့တော်ခန်းမအထိ အားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို ပါဝင်ဆင်နွှဲခဲ့ပြီး သွေးပူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်ဆက်)

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

ဒေါက်တာအောင်ကျော်၊ ပါမောက္ခ(ဌာနမှူး)၊ သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်ပါ အခန်း ၁၁ ခန်းမှ သင်ခန်းစာအားလုံးကို လေ့လာထားရပါမည်။ သင်္ချာပုစ္ဆာများကို ကိုယ်တိုင်စဉ်းစား တွက်ချက်ဖြေဆိုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရပါမည်။ သင်္ချာဘာသာရပ်အတွက် စာမေးပွဲတွင် Non-programmable Calculator ကို အသုံးပြုနိုင်ပါသည်။

သင်္ချာမေးခွန်းလွှာသည် ဖြေဆိုချိန် (၃)နာရီဖြစ်ပြီး Section A၊ Section B၊ Section C နှင့် Section D အပိုင်း ၄ ပိုင်း ပါရှိပါသည်။

Section A မေးခွန်းနံပါတ် 1 မှ 10 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၁ မှတ် ဖြစ်ပါသည်။ တစ်ပုဒ်လျှင် A, B, C, D တို့မှ တစ်ခုရွေးချယ်ရမည့် ဗဟုမိဋ္ဌာန်ပုံစံဖြစ်ပါသည်။

Section B မေးခွန်းနံပါတ် 11 မှ 20 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၂ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို ရေးပြရန်မလိုအပ်ဘဲ အဖြေကိုသာရေးရမည့်ပုံစံဖြစ်ပါသည်။

Section C မေးခွန်းနံပါတ် 21 မှ 30 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၃ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

Section D မေးခွန်းနံပါတ် 31 မှ 38 အထိ ဖြစ်ပါသည်။ တစ်ပုဒ် ၅ မှတ် ဖြစ်ပါသည်။ တွက်ချက်မှု အဆင့်ဆင့်ကို စနစ်တကျရေးပြရန် လိုအပ်ပါသည်။

မေးခွန်းလွှာတွင် အခန်းအားလုံးပါဝင်မည် ဖြစ်ပါသည်။

- အခန်း ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆ တို့မှ ၅၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- အခန်း ၇ (Section 7.5 မပါ)နှင့် အခန်း ၈ (Section 8.2, Section 8.4 မပါ)တို့မှ ၁၅ မှတ် ပါဝင်မည်ဖြစ်ပါသည်။
- Section 7.5, Section 8.2, Section 8.4 နှင့် အခန်း ၉၊ အခန်း ၁၀၊ အခန်း ၁၁ ပါဝင်သော calculus အပိုင်းမှ အမှတ် ၃၀ ပါဝင်မည်ဖြစ်ပါသည်။

မေးခွန်းအားလုံး ဖြေဆိုရမည့် Answer ALL Questions ဖြစ်ပြီး စဉ်းစားတွက်ချက် ဖြေဆိုရမည့် ပုစ္ဆာအမျိုးအစားများ ဖြစ်ပါသည်။ မေးခွန်းလွှာ၏ အခန်းအလိုက် အမှတ်ပေးမှုဖွဲ့စည်းပုံကို ဖော်ပြထားပါသည်။

Chapter	Section A	Section B	Section C	Section D	Total
1	1	2	3	5	11
2	–	–	3	5	8
3 + 4	1	2	3+3	5	14
5	1	2	3	5	11
6	1	2	3	5	11
7.1, 7.2, 7.3, 7.4	1	2	–	5	8
8.1, 8.3	1+1	2	3	–	7
9 + (7.5, 8.2, 8.4)	1	2	3	5	11
10	1	2+2	3	–	8
11	1	2	3	5	11
Total	10	20	30	40	100

ဆက်လက်၍ ပြဋ္ဌာန်းစာအုပ်တွင်ပါဝင်သော အခန်းတစ်ခုချင်းအလိုက် ဆွေးနွေးရှင်းလင်းတင်ပြပါမည်။

Chapter 1 Complex Numbers အခန်းတွင် ပထမဦးစွာ Pure Imaginary Unit i ကို မိတ်ဆက်တင်ပြပါသည်။ ကိန်းစစ် x အတွက် x သည် သုညဖြစ်လျှင် x^2 သည် သုည၊ x သည် သုညမဟုတ်လျှင် x^2 သည် သုညထက်ကြီးသည့်အချက်အရ ညီမျှခြင်း $x^2 = -4$ တွင် ကိန်းစစ် အဖြေမရှိပါ။ အကယ်၍ ကိန်းစစ်မဟုတ်သော ကိန်းအမျိုးအစားတစ်ခု (i ဟုထားပါစို့)ရှိပြီး သိထားပြီး အက္ခရာသင်္ချာ လုပ်ထုံးများအတိုင်း တွက်ချက်နိုင်သည့်အပြင် $i^2 = -1$ ဖြစ်နေပါက $(2i)^2 = 4i^2 = 4(-1) = -4$ နှင့် $(-2i)^2 = 4i^2 = 4(-1) = -4$ ဖြစ်သည့်အတွက် $x^2 = -4$ ညီမျှခြင်းအတွက် $2i$ နှဲ့ $-2i$ အဖြေနှစ်ခု ရှိပါမည်။ ထို့ကြောင့် i နှင့် ကိန်းစစ်တို့တွဲဖက်၍ ကိန်းစစ်စနစ်ကို တိုးချဲ့စဉ်းစားနိုင်ရန်အတွက် Complex number $x + yi$ ကို ကိန်းစစ် x နှင့် y ၏ ordered pair (x, y) အဖြစ် (x, y)တို့၏ Equality နှင့် Operation များဖြစ်သော ပေါင်းခြင်းနှင့် မြှောက်ခြင်းတို့အရ အဓိပ္ပာယ်သတ်မှတ်ပါသည်။ Complex number တို့၏ ပေါင်းနုတ်မြှောက်စားလုပ်ထုံးများ၊ Complex number ၏ Conjugate၊ Absolute Value များကို တင်ပြထားပြီး Complex number တစ်ခု၏ Trigonometric Form ကို ဖော်ပြထားပါသည်။ Trigonometric Form ကို အသုံးပြု၍ တွက်ချက်ခြင်းများနှင့် Complex number တစ်ခု၏ root များရှာပုံကိုလည်း ဖော်ပြထားပါသည်။

Chapter 2 Mathematical Induction အခန်းတွင် ပုစ္ဆာပါပေးထားချက်မှ သဘာဝကိန်း n နှင့် သက်ဆိုင်သော Statement မှန်ကန်ကြောင်းသက်သေပြရာတွင်

- ပထမဦးစွာ n = 1 အတွက် မှန်ကန်ကြောင်း (Initial Step) သက်သေပြရသည်။
- ထို့နောက် Induction Hypothesis ဖြစ်သည့် n = k အတွက် မှန်ကန်သည်ဟုထား၍
- n = k + 1 အတွက် မှန်ကန်ကြောင်း သက်သေပြပြီး

ပေးထားချက် Statement သည် သဘာဝကိန်းအားလုံးအတွက် မှန်ကန်သည်ဟု ကောက်ချက်ချသည်။ သတိပြုရမည့်အချက်မှာ ပုစ္ဆာတွင် သဘာဝကိန်း n သည် ဖော်ပြထားချက် Statement ကို မည်သည့် သဘာဝကိန်းမှစ၍ မှန်ကန်သည့် Statement ဖြစ်သည်ကို သတိပြုရမည်။ ဥပမာ $n \geq 5$ ဟုပေးထားလျှင် 5 အောက်ငယ်သော သဘာဝကိန်းများအတွက် သက်သေပြရန်မလိုပေ။ သဘာဝကိန်း 5 နှင့် ယင်းထက်ကြီးသောကိန်းများအတွက်သာ မှန်ကန်သဖြင့် Initial Step တွင် ပေးထားသော Statement အတွက် မှန်ကန်ကြောင်းကို n = 5 မှစ၍ သက်သေပြရမည်ကို သတိပြုရမည်။

Chapter 3 Analytical Solid Geometry အခန်းတွင် Three Dimensional Space ထဲရှိ Point တစ်ခု၏ Coordinates များ သတ်မှတ်ရေးသားပုံ၊ ပြင်ညီများ (planes) ၏ Equations များနှင့် Coordinates တို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ယင်း Planes များနှင့်ပြိုင်နေသော ပြင်ညီများ၊ ထောင့်မှတ်ကျနေသော မျဉ်းများ၏ Equations နှင့် Directed Values၊ Parallel Lines၊ Skew Lines နှင့် Perpendicular Lines များကိုဖော်ပြထားသည်။ Directed Values များကိုအသုံးပြု၍ Coordinates form of the Line Equation $(x, y, z) = (x_1 + kl, y_1 + km, z_1 + kn)$ရေးသည်။ Directed Values များ သုညနှင့်မတူပါက $\frac{x - x_1}{l} = \frac{y - y_1}{m} = \frac{z - z_1}{n}$ ဟုရေးနိုင်သည်။ Line တစ်ခုထဲပေါ်တွင် မကျရောက်သော အမှတ် သုံးမှတ်ကိုသိလျှင် Plane Equation ကို ရှာနိုင်ပြီး Sphere တစ်ခု၏ Center နှင့် Radius တို့ကိုသိလျှင် ထို Sphere Equation ကို ရှာနိုင်သည်။

Chapter 4 Vector Algebra အခန်းတွင် Three-dimensional Rectangular Coordinate System ရှိ vector များ၏ algebraic operations များ၊ Equal and Parallel vectors များ၊ Unit vector နှင့် Collinear points များပါဝင်သည်။ vector များ၏ အရေးကြီးသော operation များဖြစ်သည့် Scalar Product နှင့် Vector Product များကို နားလည်ထားရမည်။ Scalar Product ဆိုသည်မှာ algebraic နည်းအရဆိုလျှင် သက်ဆိုင်ရာ coordinate တန်ဖိုးများမြှောက်၍ ပေါင်းခြင်းဖြစ်ပြီး geometry နည်းအရဆိုလျှင် vectors နှစ်ခု၏ ပမာဏများနှင့် ယင်းတို့ကြားရှိ ထောင့်၏ cosine အချိုးတို့ မြှောက်ခြင်းနှင့်တူကြသည်။ scalar product ၏ algebraic နှင့် geometry ဂုဏ်သတ္တိများကိုနားလည်မှသာ ပုစ္ဆာများကို တွက်နိုင်မည်ဖြစ်သည်။ Scalar Product သည် Two-dimensional နှင့် Three-dimensional နှစ်ခုစလုံးတွင် တွက်နိုင်သော်လည်း Vector Product သည် Three-dimensional တွင်သာ တွက်နိုင်သည်။ Vector Product ကို သိခြင်းအားဖြင့် အနားပြိုင်စတုဂံ၏ ဧရိယာကိုသိရှိနိုင်ပြီး ထိုမှတစ်ဆင့် တြိဂံတစ်ခု၏ ဧရိယာကိုလည်း ဆက်လက်၍ သိရှိနိုင်သည်။ Vector Product ၏ algebraic နှင့် geometric ဂုဏ်သတ္တိများကိုလည်း သိရှိထားရပါမည်။ ထို့နောက် line တစ်ခု၏ direction vector နှင့် ထို line ပေါ်ရှိ အမှတ်တစ်မှတ်သိလျှင် ထို line ၏ equation ကိုရှာနိုင်သည်။ plane ပေါ်ရှိ ကြိုက်ရာအမှတ်တစ်မှတ်၊ plane နှင့်ဆိုင်သော ကြိုက်ရာမပြိုင်သော vector နှစ်ခုကိုအသုံးပြု၍ plane ညီမျှခြင်း ရှာနိုင်သည်။ ထို့အပြင် Plane တစ်ခု၏ Normal Vector နှင့် Plane ပေါ်ရှိ အမှတ်တစ်မှတ်ကိုသိလျှင် ထို Plane Equation ရှာနိုင်ပါသည်။

Chapter 5 Permutations and Combinations အခန်းတွင် Counting Principle များနှင့် ဆက်စပ်၍ Permutations နှင့် Combinations ဆိုင်ရာတွက်ချက်မှုများကို ပြုလုပ်ရမှာဖြစ်ပါသည်။ Permutation ဆိုသည်မှာ An Ordered Arrangement တစ်ခုကို ဆိုလိုခြင်းဖြစ်ပြီး Combination ဆိုသည်မှာ An Unordered Collection တစ်နည်းအားဖြင့် Choice တစ်ခုပင်ဖြစ်သည်။ ဤအခန်း၌ တွက်ချက်ဖြေရှင်းရာတွင် အသုံးဝင်သည့် $n!$, ${}^nP_r$, ${}^nC_r$ စသည့် Notation များ၏ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ ယင်းတို့၏ ဆက်သွယ်ချက်များနှင့် အသုံးပြုပုံများကို သိရှိရန်လိုပါမည်။ ထို့အပြင် Finite set တစ်ခု၏ အစုပိုင်းအရေအတွက်ကို နည်းလမ်းနှစ်ခုဖြင့်ရှာနိုင်ပုံ၊ ယင်းတို့ကိုအခြေခံ၍ ဖော်ထုတ်ထားသော Binomial coefficient ဆိုင်ရာ ထပ်တူညီချက်နှင့် Counting Problem များဖြေရှင်းရာတွင် အသုံးပြုနိုင်ပုံတို့ကိုလည်း သိရှိရန်လိုသည်။ Miscellaneous Counting Problems အပိုင်း၌ Arrangement များ၏ Pattern (ဥပမာ ပုစ္ဆာ တွက်ရာ၌ Form ဟု သုံးနှုန်းထားပါသည်)များဖော်ထုတ်စဉ်းစားခြင်းကဲ့သို့သော နည်းလမ်းများပါ ပေါင်းစပ်အသုံးပြု၍ Counting problem များကို ဖြေရှင်းရမည်ဖြစ်သည်။ ပုစ္ဆာများကို နည်းမှန်၊ လမ်းမှန်စဉ်းစားဖြေရှင်းတတ်အောင် လေ့ကျင့်ထားမှသာ စာမေးပွဲမေးခွန်းများကို ဖြေဆိုနိုင်ပါလိမ့်မည်။

Chapter 6 Conic Sections အခန်းတွင် ဗဟို (h, k) နှင့် အချင်းဝက် r ရှိသော စက်ဝိုင်း၏ standard equation $(x - h)^2 + (y - k)^2 = r^2$ကိုဖော်ပြထားသည်။ ထို standard equation ကို ဖြန့်ခြင်းအားဖြင့် ရရှိသောညီမျှခြင်းပုံစံ $x^2 + y^2 + 2gx + 2fy + c = 0$ ကို စက်ဝိုင်း၏ general equation ဟုခေါ်သည်။ $x^2 + y^2 + 2gx + 2fy + c = 0$ ကို နှစ်ထပ်ကိန်းတိနည်းအရ $(x + g)^2 + (y + f)^2 = g^2 + f^2 - c$ ဟု standard equation ပုံစံပြင်နိုင်၍ စက်ဝိုင်း၏ဗဟို (–g, –f) နှင့် အချင်းဝက် $\sqrt{g^2 + f^2 - c}$ ရသည်။ ဆက်လက်ပြီး parabola equation များ အကြောင်းကို တင်ပြထားသည်။ $y^2 = 4px$ ၌ axis of symmetry သည် x- axis (horizontal axis, y = 0) ဖြစ်မည်၊ Focus သည် (p,0) အမှတ်ဖြစ်ပြီး directrix သည် x = –p မျဉ်း ဖြစ်သည်။ x ၏ မြှောက်ဖော်ကိန်းသည် အပေါင်းဖြစ်သည့်အတွက် parabola သည် ညာဘက်သို့ ပွင့်နေမည်။ ထိုနည်းတူစွာ $y^2 = -4px$, $x^2 = 4py$ နှင့် $x^2 = -4py$ တို့အတွက်လည်း စဉ်းစားနိုင်သည်။ Translation of Axes ကို အသုံးပြု၍ Translated Parabola များ $(y - k)^2 = 4p(x - h)$, $(y - k)^2 = 4p(x - h)$, $(x - h)^2 = 4p(y - k)$ နှင့် $(x - h)^2 = -4p(y - k)$ အတွက်လည်း စဉ်းစားနိုင်သည်။ Rotation of Axes သုံးရသော ပုစ္ဆာများကို တွက်ရာတွင် တစ်ဆင့်ချင်းစီကို သတိထားတွက်သင့်သည်။

Chapter 7 Trigonometric Functions အခန်းတွင် Trigonometric function ခြောက်မျိုး၏ Sine, Cosine, Tangent, Cotangent, Secant နှင့် Cosecant တို့၏ Graph များကို ဆွဲသားတတ်ရမည်။ Graph ဆွဲသားခြင်းနှင့်ပတ်သက်၍ ပုံစံ (၂) မျိုးဖြင့်မေးနိုင်သည်။ ပထမပုံစံမှာ "From the graph of $y = \sin x$, draw step-by-step transformation graphs to get the graph of $y = 2\sin\frac{\pi}{2}x$." ဖြစ်သည်။ ဖြေဆိုရာတွင် $y = \sin x$ မှစ၍ transformation တစ်ဆင့်ချင်းစီကို ဆွဲသားပေးရမည်ဖြစ်သဖြင့် Graph တစ်ခုထဲတွင် curve သုံးကြောင်း ဆွဲသားရမည်။ နောက်ဆုံးအဖြေဖြစ်သော $y = 2\sin\frac{\pi}{2}x$ တွင် Five key points: maximum point, minimum point နှင့် x-intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ဒုတိယပုံစံမှာ "Draw the graph of $y = 2\sin\frac{\pi}{2}x$." ကဲ့သို့သော မေးခွန်းမျိုးဖြစ်သည်။ ယင်းမေးခွန်းကို ဖြေဆိုရာတွင် Graph ထဲတွင် $y = 2\sin\frac{\pi}{2}x$ ၏ curve တစ်ကြောင်းသာ ဆွဲသားရန်လိုအပ်ပြီး Five key points: maximum point, minimum point နှင့် x-intercepts တို့ ပြည့်စုံစွာပါဝင်ရမည်။ ထို့အပြင် Trigonometric Function နှင့် Inverse Trigonometric Function တို့၏ Domain နှင့် Range တို့ကိုလည်း သိထားရမည့်အပြင် Trigonometric Functions တို့၏ Derivative Formula များကိုလည်း သိထားသင့်ပါသည်။ စာမေးပွဲတွင် Graph စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင် လေ့ကျင့်ထားရန်လိုအပ်သည်။ ပုစ္ဆာများကို မေးခွန်းနားလည်အောင်ဖတ်ပြီးမှ တွက်စေလိုပါသည်။

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

Chapter 8 Logarithmic and Exponential Functions အခန်းတွင် အပိုင်းနှစ်ပိုင်းပါဝင်ပြီး ပထမအပိုင်းတွင် Logarithmic Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်း၊ ဒုတိယအပိုင်းတွင် Exponential Functions များ၏ Graph ကိုဆွဲသားခြင်းနှင့် Differentiate လုပ်ခြင်းတို့ဖြစ်သည်။ ထို့ကြောင့် Logarithm Functions နှင့် Exponential Functions တို့၏ Derivative Formula များကိုလည်း သိထားရပါမည်။ Graph များဆွဲသားရာတွင် Chapter 7 ကဲ့သို့ပင် ပုံစံနှစ်မျိုးမေးနိုင်သဖြင့် ပုစ္ဆာများကို နားလည်အောင်ဖတ်ပြီးမှ ဆွဲသားစေလိုပါသည်။ လိုအပ်သော data များကိုလည်း graph တွင်ပြည့်စုံအောင် ရေးသားရမည့်အပြင် Logarithm Functions နှင့် Exponential Functions တို့၏ Domain, Range နှင့် Asymptote Line များကိုလည်း သိထားရမည်။ စာမေးပွဲတွင် ဂရပ်စာရွက်ပေးမည်မဟုတ်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် စာရွက်အဖြူပေါ်တွင် ရေးဆွဲတတ်အောင်လေ့ကျင့်ထားရန်လိုအပ်သည်ကိုထပ်မံသတိပေးပါသည်။

Chapter 9 Application of Differentiation အခန်းတွင်Tangent Line Equation နှင့် Normal Line Equation များ၊ Critical Points ရှာခြင်း၊ Maximum Point နှင့် Minimum Point တို့ကို First Derivative Test (သို့မဟုတ်) Second Derivative Test သုံး၍ရှာခြင်း၊ Inflection Points ရှာခြင်းဟူသော အချက်များ သိထားရပါမည်။ ပေးထားမည့်ဖန်ရှင်များသည် Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions စသည့် ဖန်ရှင်အစုံဖြစ်နိုင်သဖြင့် ယင်းတို့ကို Differentiate လုပ်တတ်ရန် လိုအပ်ပါသည်။ ထို့အပြင် ဖန်ရှင်၏ Linearization အကြောင်းများကိုလည်း သိထားရပါမည်။

Chapter 10 Methods of Integration အခန်းတွင် သင်ကြားပြီးခဲ့သည့် အခြေခံဖန်ရှင်များဖြစ်သော Algebraic Functions, Trigonometric Functions, Exponential Functions, Logarithmic Functions တို့ကို Integration လုပ်ခြင်း၊ Integration ၏အခြေခံလုပ်ထုံးများဖြစ်သော Rules of Integration များအပြင် Integration Method များဖြစ်သော Substitution Method, Integration by Parts Method, Partial Fraction Method တို့ကိုလည်း သိထားရမည်။ အထူးသဖြင့် ပုစ္ဆာများတွက်ချက်ရာတွင် Integration ပြုလုပ်ပြီးပါက Integration Constant C မကျန်စေရန် သတိပြုရမည်။

Chapter 11 Application of Integration အခန်းတွင် Definite Integration များကို မှန်မှန်ကန်ကန်တွက်တတ်ရပါမည်။ အခန်း (၁၀) တွင် သင်ယူခဲ့ရသော Integration Method များကို မှန်မှန်ကန်ကန်သုံး၍ Lower Limit နှင့် Upper Limit များအစားသွင်းလျှင် သတိထားတွက်ချက်ရမည်။ ဤအခန်းတွင် ပေးထားသော Curve နှင့် x–axis ကြားရှိ ဧရိယာကိုရှာခြင်း၊ ပေးထားသော Curve နှစ်ခုအကြားရှိ ဧရိယာကိုရှာခြင်းတို့အပြင် ထုထည်ရှာနည်းများဖြစ်သော Method of Slicing နှင့် Volume of Revolution တို့ကိုလည်းသိရမည်။

စာမေးပွဲဖြေဆိုရာတွင် အောက်ပါအချက်များကို သတိပြုပါ။

- ဖြေဆိုထားသောအဖြေများကို ပြန်လည်စစ်ဆေးပါ။
- သင်္ချာသင်္ကေတများကို မှန်ကန်စွာ အသုံးပြုပါ။
- ပုစ္ဆာများတွက်ချက်ရာတွင် လိုအပ်သောအဆင့် အရေးကြီးသောအဆင့်များပါပါစေ။
- မေးခွန်းတွင် အသုံးပြုရမည့်တွက်နည်း သတ်မှတ်ပေးထားလျှင် သတ်မှတ်ထားသောတွက်နည်းကိုသာ အသုံးပြုပါ။
- မိမိဖြေဆိုလိုသည့်မေးခွန်းကို မေးခွန်းနံပါတ်တပ်၍ဖြေဆိုပါ။ (မေးခွန်းအစဉ်အတိုင်းဖြေဆိုရန်မလိုပါ။)

သင်္ချာမေးခွန်းနံပါတ်အလိုက် အခန်းပါဝင်မှုများကို အောက်ပါအတိုင်းဖော်ပြထားပါသည်။

<u>Answer ALL Questions.</u> Write your answers in the answer booklet.

Section A (Each question carries 1 mark.)

Choose the correct or the most appropriate answer for each question. Write the letter of the correct or the most appropriate answer.

1. Chapter 1
2. Chapter 3, Chapter 4
3. Chapter 5
4. Chapter 6
5. Chapter 7 Section 7.1, 7.2, 7.3, 7.4
6. Chapter 8 Section 8.1
7. Chapter 8 Section 8.3
8. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
9. Chapter 10
10. Chapter 11

Section B (Each question carries 2 marks.)

<u>Write only the solution of each question.</u> (There is no need to show your working.)

11. Chapter 1
12. Chapter 3, Chapter 4
13. Chapter 5
14. Chapter 6
15. Chapter 7 Section 7.1, 7.2, 7.3, 7.4
16. Chapter 8 Section 8.1, Section 8.3
17. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
18. Chapter 10
19. Chapter 10
20. Chapter 11

Section C (Each question carries 3 marks.)

21. Chapter 1
22. Chapter 2
23. Chapter 3, Chapter 4
24. Chapter 3, Chapter 4
25. Chapter 5
26. Chapter 6
27. Chapter 8 Section 8.1, Section 8.3
28. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
29. Chapter 10
30. Chapter 11

Section D (Each question carries 5 marks.)

31. Chapter 1
32. Chapter 2
33. Chapter 3, Chapter 4
34. Chapter 5
35. Chapter 6
36. Chapter 7 Section 7.1, 7.2, 7.3, 7.4
37. Chapter 9, Chapter 7 Section 7.5, Chapter 8 Section 8.2, 8.4
38. Chapter 11

သင်္ချာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်စဉ်းစားတွက်ချက်ဖြေဆိုနိုင်၍ အလွတ်ကျက်မှတ် ရေးသားဖြေဆိုနေရခြင်းမျိုး ကင်းရှင်းကြပါစေ။

ကျောင်းသား ကျောင်းသူများ မိမိကိုယ်စီကိုယ်စီ ရည်ရွယ်ရာ အောင်မြင်မှုအသီးသီး ရရှိကြပါစေဟု ဆန္ဒပြုအပ်ပါသည်။

ဘီးလင်းမြို့နယ်၌ ကျောင်းအခြေပြု တီဘီရောဂါလူနာရှာဖွေခြင်းနှင့် အသိပညာပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ဘီးလင်း ဒီဇင်ဘာ ၂၁ မွန်ပြည်နယ် ဘီးလင်းမြို့နယ်ရှိ အခြေခံ ပညာကျောင်းများတွင် ကျောင်းအခြေပြု တီဘီရောဂါ လူနာရှာဖွေကုသခြင်းနှင့် အသိပညာပေးခြင်း လုပ်ငန်းများကို

ဘီးလင်းမြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာမျိုးမင်း ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက ယမန်နေ့ နံနက်ပိုင်းက ဘိုးရာဇာရပ်ကွက်ရှိ အ.မ.က (၂) ကျောင်းသို့ သွားရောက်၍ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ တီဘီရောဂါရှာဖွေကုသခြင်းနှင့် အသိပညာပေးခြင်းကို မြို့နယ်ကုသရေးဦးစီးမှူး ဒေါက်တာမျိုးမင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ အိအိကျော်တို့၏ ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများအား စမ်းသပ်စစ်ဆေးခြင်းများပြုလုပ်ကာ သလိပ်စစ်ရန်နှင့် ဓာတ်မှန်ရိုက်စစ်ဆေးရန် လိုအပ်သည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်တီဘီတိုက်ဖျက်ရေးဌာနသို့ လွှဲပြောင်းပေးခဲ့ကြပြီး ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တီဘီရောဂါ ရှာဖွေကုသခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမေဦးခိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကေသီခိုင်နှင့် ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ ခင်မိုးသွယ်တို့က လာရောက်ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

ဘီးလင်း

(ပြန်/ဆက်)

နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၁ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးရွာနိုင်သည်။

မိုး/ဇလ

MSME နှင့် ခရီးသွားလုပ်ငန်း

စည်သူကျော်

ယနေ့ကာလတွင် နိုင်ငံတော်က MSME ဟုခေါ်သော အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများနှင့် ၎င်းတို့၏ ထုတ်ကုန်များကို အထူး အားပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်း ဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် MSME ထုတ်ကုန်ပြပွဲများကို စီစဉ်ကျင်းပ၍ ဖော်ထုတ် မြှင့်တင်ပေးလျက်ရှိသည်ကို တွေ့ရှိရသည်။ အသေး စား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း များကို ချေးငွေများ စိစစ်ထုတ်ချေးပေးခြင်း၊ နည်း ပညာနှင့် ဈေးကွက်ရှာဖွေချိတ်ဆက်ပေးခြင်းများ ကို နိုင်ငံတော်အဆင့်မှသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ အေဂျင်စီများဖွဲ့စည်း၍ အားပေးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွား ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ နှင့် အသေးစား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်း များဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကိုဖွဲ့စည်း ပြီး အဆိုပါကော်မတီနှစ်ခုက ဦးဆောင်၍ အသေး စား၊ အငယ်စားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့ နှင့်လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ စသည့် အဖွဲ့ များကို ဖွဲ့စည်းထားရှိခဲ့ပါသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းထုတ်ကုန်များသည် အောက်ခြေအဆင့် (Grassroot Level)အထိ ထိုးဖောက်ပျံ့နှံ့နိုင်ခြင်း၊ ထိုမှတစ်ဆင့် အခြားသောဒေသများသို့ လွယ်ကူစွာ တင်ပို့ရောင်းချနိုင်ခြင်း၊ ဒေသတစ်ခု၏ အမှတ် တံဆိပ် (Trade Mark) အဖြစ် အောင်မြင်ကျော်ကြား သော ထုတ်ကုန်များဖြစ်လာနိုင်ခြင်း စသည့် အခွင့် အလမ်းများရှိနေသကဲ့သို့ ကျွမ်းကျင်မှုနည်းပါးသော အမျိုးသမီးနှင့်လူငယ်များကို အလုပ်အကိုင်အခွင့် အလမ်းများဖန်တီးပေးနိုင်ခြင်း၊ ဈေးကွက်နှင့် နည်း ပညာဆိုင်ရာ အသိပညာဗဟုသုတများကို ရရှိစေနိုင် ခြင်းတို့ကြောင့် စားသုံးသူနှင့်ထုတ်လုပ်သူသာမက ဒေသခံပြည်သူများကိုပါ အလုပ်အကိုင် အခွင့်အလမ်း များရရှိစေနိုင်သောလုပ်ငန်းစုများပင် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် MSME လုပ်ငန်းများသည် သေးငယ်သော လုပ်ငန်းစုများပင်ဖြစ်လင့်ကစား ဒေသစီးပွားရေး၊ ထိုမှတစ်ဆင့် နိုင်ငံ့စီးပွားရေးကို ထောက်ကန်မြှင့်တင်ပေးနိုင်သော စွမ်းအားစုများပင် ဖြစ်သည်။

ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာ သည်နှင့်အမျှ အခြားသော စီးပွားရေးလုပ်ငန်းစု များနှင့် ခရီးသွားလုပ်ငန်းအကြား ဆက်နွှယ်မှုသည် လည်း ကြီးမားကျယ်ပြန့်လာခဲ့သည်။ ခရီးသွား လုပ်ငန်း၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီး ပေးနိုင်မှုနှင့် ဒေသ၏ဝင်ငွေကို တိုးမြှင့်ပေးနိုင်မှု တို့သည် ခရီးသွားလုပ်ငန်း၏ ထင်သာမြင်သာရှိသော အကျိုးရလဒ်များဖြစ်ပါသည်။ ထို့နောက် အခြေခံ အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များအသက်ဝင်လာခြင်း၊ ဆင်းရဲနွမ်းပါး မှုလျှော့ချရေးနှင့် ပညာရေးအဆင့်အတန်းမြင့်မား လာခြင်းတို့သည် ခရီးသွားလုပ်ငန်း၏ အပြုသဘော ဆောင်သော အကျိုးသက်ရောက်မှုများဖြစ်ပါသည်။

MSME အရောင်းပြခန်းများ။

အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်ကုန်များ၊ လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍတို့သည် အပြန်အလှန်အားဖြင့် ဆက်စပ်လျက် ရှိနေပေသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျ သော နိုင်ငံများ၌ ခရီးသွားလုပ်ငန်းတွင် အသေးစား၊ အငယ်စားလုပ်ငန်းများ အများအပြားဆက်စပ်ပါဝင် လျက်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။ အခန်း အရေအတွက်နည်းပါးသော ဟိုတယ်၊ မိုတယ်၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ အမှတ် တရ ပစ္စည်းအရောင်းဆိုင်များ၊ ဒေသထွက်ကုန်နှင့် လူသုံးကုန်အရောင်းဆိုင်များသည် ခရီးသွားလုပ်ငန်း မှ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်း များ ဖြစ်ကြသည်။

ထင်ရှားသော ခရီးစဉ်ဒေသတစ်ခုလျှင် ၎င်း လုပ်ငန်းအများအပြား တည်ရှိကြသည်ဖြစ်ရာ ရှေးဟောင်းယဉ်ကျေးမှုနှင့် သဘာဝအလှအပများ ပေါကြွယ်ဝလှသော မြန်မာနိုင်ငံ တစ်နံတစ်လျား တွင် MSME လုပ်ငန်းများ၊ ထုတ်ကုန်များသည် ကြီးမားသောလုပ်ငန်းကဏ္ဍ အစုအဝေးကြီးသဖွယ် ဖြစ်နေပေသည်။

ခရီးသွားလုပ်ငန်းနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၏ ဆက်နွှယ်မှု နှင့်သဘောတရားတို့ကို လေ့လာကြည့်ပါက အပြန် အလှန် အကျိုးပြုချိတ်ဆက်နေသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ နည်းပညာရပ်ဆိုင်ရာဝေါဟာရများကို မရင်းနှီးရှိရမည်၊ ကျိုက်ထီးရိုးအပြန်လက်ဆောင်၊ ရန်ကုန်အပြန်လက်ဆောင်၊ အညာအပြန်လက်ဆောင်၊ မန္တလေးဘုရားဖူးအပြန်လက်ဆောင် စသော ရှေး မဆွ ကပင် သုံးနှုန်းခေါ်ဆိုခဲ့သည့် အခေါ်အဝေါ်များ ကို အများကြားဖူးရင်းနှီးပြီးဖြစ်ပါသည်။ ခရီးသွား ဆွေမျိုးမိတ်ဆွေများ၏ ကျေးဇူးကြောင့် အရပ် တစ်ပါးမှ အစားအသောက်နှင့်လူသုံးကုန်ပစ္စည်းများ ကို မြည်းစမ်းသုံးစွဲခွင့်ရ၏။ ကြိုက်နှစ်သက်သော ကြောင့် နောက်လူကြုံရှိတိုင်း မှာရသည်။

အချို့ တွင်ကျယ်လာသော အစားအစာနှင့် လူသုံးကုန်ပစ္စည်းများကို ပေါပေါများများ ဝယ်ခြမ်း လာကာ ပြန်လည်မျှဝေရောင်းချသည်လည်းရှိ၏။ ယင်းသည် ရိုးရှင်း၍ အခြေခံကျသော ခရီးသွား လုပ်ငန်းနှင့်အသေးစား၊ အငယ်စားနှင့် အလတ်စား ထုတ်လုပ်မှုလုပ်ငန်းများ၏ ဆက်နွှယ်မှုဖြစ်ပါသည်။ နောက်ပိုင်းတွင် ခရီးသွားများသည် မိမိရောက်ရှိခဲ့ သော ဒေသ၏ အမှတ်ရစေမည့် အမှတ်တရပစ္စည်း များကို ဝယ်ယူစုဆောင်းမှု၊ တစ်ဆင့် ပြန်လည် လက်ဆောင်ပေးမှုတို့ကြောင့် အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချမှုများ တွင်ကျယ်လာခဲ့သည်။ ၎င်းတို့သည် ခရီးသွားလုပ်ငန်းနှင့်တိုက်ရိုက် ဆက်နွှယ်သော MSME လုပ်ငန်းများ၊ ထုတ်ကုန် များပင် ဖြစ်ကြသည်။

သို့ဖြစ်ရာ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများသည် ကိုယ်တိုင်အသေးစား၊ အငယ်စားနှင့် အလတ်စား လုပ်ငန်းများဖြစ်နိုင်သကဲ့သို့ အသေးစား၊ အငယ်စား နှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကို အထောက်အကူဖြစ်စေသော ကြားခံ (Medium) လုပ်ငန်းစုလည်း ဖြစ်ပါသည်။

ထို့ပြင် MSME လုပ်ငန်းများ၊ ထုတ်ကုန်များ၏ ဈေးကွက်နယ်ပယ် ဖြန့်ကြက်မှုတွင်လည်း ဟိုတယ် နှင့်ခရီးသွားလုပ်ငန်းများသည် အရေးပါလှသည်။ ဟိုတယ်များတွင် ပြည်တွင်းဖြစ် ရိုးရာလက်မှုပစ္စည်း များ၊ ပရိဘောဂများအသုံးပြုခြင်း၊ အလှဆင်ခြင်း၊ ဒေသထွက်အစားအသောက်များဖြင့် တည်ခင်း ဧည့်ခံကျွေးမွေးခြင်း၊ ဒေသထွက်ကုန်များကို ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် ခင်းကျင်း ရောင်းချပေးခြင်းအားဖြင့် MSME လုပ်ငန်းများ၊ ထုတ်ကုန်များကို အားပေးရာရောက်သကဲ့သို့ ဈေးကွက်ရှာဖွေပေးခြင်း အပိုင်းတွင်လည်း တစ်ဖက် တစ်လမ်းမှ အထောက်အကူဖြစ်စေပါသည်။

ထိရှလွယ်သော ခရီးသွားလုပ်ငန်း၏ သဘော သဘာဝအရ အကြောင်းတစ်စုံတစ်ရာ (ဥပမာ- သဘာဝဘေးကျရောက်ခြင်း၊ ခရီးစဉ်ဒေသ၏ ပုံရိပ်ကျဆင်းခြင်း) တို့ကြောင့် ခရီးစဉ်ဒေသတစ်ခု၏ ခရီးသွားဧည့်သည်ဝင်ရောက်မှုကျဆင်းသွားပါက ခရီးသွားလုပ်ငန်းကို အမှီသဟဲပြုနေသော MSME လုပ်ငန်းများ၏ ထုတ်လုပ်ရောင်းချမှုသည်လည်း ကျဆင်းသွားမည်ဖြစ်သည်။ သို့သော် ယနေ့အချိန် အခါတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်များသည် ခရီးသွားလုပ်ငန်း၏ ဈေးကွက်မြှင့်တင်ပေးမှုကို ကျော်လွန်၍ မြန်မာနိုင်ငံတစ်နံတစ်လျား ဖြန့်ကြက် ရောက်ရှိနိုင်ပြီဖြစ်ပါသည်။ ကုန်တိုက်ကြီးများ၊ ဈေးဝယ်စင်တာကြီးများတွင်သာမက လက်လီ လက်ကား ဖြန့်ဖြူးရောင်းချသူများ၏ ဈေးကွက် အတွင်း ရောက်ရှိလာနိုင်ပြီဖြစ်သည်။

ပုဂံပုံးရည်ကြီးကို ပုဂံဘုရားဖူးသွားသူများထံ မှာယူစရာမလိုတော့။ လွယ်လင့်တကူ ဝယ်ယူ စားသုံးနိုင်သည်။ ထုပ်ပိုးမှုများ သပ်ရပ်ကောင်းမွန် လာသည်။ သက်ဆိုင်ရာဌာနများ၏ ကြီးကြပ် လမ်းညွှန်မှုကြောင့် ထုတ်ကုန်များတွင် ထုတ်လုပ် သည့် ရက်စွဲ၊ သက်တမ်းကုန်ဆုံးသည့် ရက်စွဲ၊ မှတ်ပုံတင်အမှတ်တံဆိပ်တို့ ပါဝင်လာသည်။ စားသုံး သူ၏ ထုတ်ကုန်အပေါ် ယုံကြည်မှုကိုရရှိလာသည်။ သို့သော် ထုတ်ကုန်တစ်ခု၊ အမှတ်တံဆိပ်တစ်ခု သည် ရေရှည်တည်တံ့အောင်မြင်ဖို့ အရေးကြီးသည် ကို အားလုံးသိပြီးဖြစ်ပါလိမ့်မည်။ ဤနေရာတွင် ယှဉ်ပြိုင်နိုင်စွမ်း (Competitiveness) ကို ထည့်သွင်း စဉ်းစားရန်လိုအပ်မည်ဖြစ်သည်။

ထုတ်ကုန်တစ်ခု ရေရှည်တည်တံ့ရေးအတွက် ယှဉ်ပြိုင်နိုင်စွမ်းဆိုင်ရာ အချက်အလက်များကို လေ့လာကြည့်ရာတွင် အောက်ပါအချက်လေးချက် သည် အဓိကကျသည်ကို နေရာတော်တော်များများ တွင် လေ့လာတွေ့ရှိရသည်-

၁။ ဈေးကွက်အသိအမြင်၊
၂။ ထုတ်လုပ်နိုင်စွမ်းအား၊
၃။ ဈေးနှုန်း၊ အရည်အသွေးနှင့်တင်ပို့နိုင်မှု၊
၄။ ဈေးကွက်တွင် ဝင်ဆံ့နိုင်မှု၊

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွား ရေးလုပ်ငန်းများသည် ပင်ကိုသဘာဝအားဖြင့် လုပ်ငန်းအငယ်များဖြစ်ခြင်းကြောင့် လုပ်ငန်းစုကြီး များကဲ့သို့ ဈေးကွက်အသိအမြင်နှင့် ဝင်ဆံ့နိုင်မှုတို့ တွင် အားနည်းမှုရှိနိုင်ပါသည်။ ထို့ကြောင့်ပင် ယနေ့ နိုင်ငံတော်က အသေးစား၊အငယ်စားနှင့် အလတ် စား စီးပွားရေးလုပ်ငန်းများ၊ ထုတ်ကုန်များကို နေပြည်တော်ကောင်စီနှင့်တိုင်းဒေသကြီး၊ ပြည်နယ် အလိုက် ပြပွဲများပြုလုပ်၍ ဈေးကွက်ရရှိစေရေး၊ ဈေးကွက်အသိအမြင်နှင့် ဈေးကွက်ဝင်ဆံ့နိုင်မှု အားကောင်းလာစေရေးအတွက် ဆောင်ရွက်ပေး လျက်ရှိခြင်းဖြစ်သည်။

ထို့နောက် ထုတ်လုပ်နိုင်စွမ်းအားအပိုင်းဖြစ် သည်။ ဈေးကွက်ရရှိလာပါက ကုန်ထုတ်လုပ်ငန်း တစ်ခုသည် ဈေးကွက်ကတောင်းဆိုသည့် ပမာဏ ကို သတ်မှတ်အချိန်ကာလအတွင်း ထုတ်လုပ်ပေး နိုင်ရန် လိုအပ်လာမည်ဖြစ်သည်။ ယင်းအတွက် နိုင်ငံတော်မှ ကုန်ထုတ်လုပ်မှုတိုးချဲ့ဆောင်ရွက် နိုင်ရန် ချေးငွေများထုတ်ချေးပေးခြင်း အပါအဝင် လိုအပ်သည့် နည်းပညာနှင့်ငွေကြေးပံ့ပိုးမှုများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

အရည်အသွေးအပိုင်းသည် MSME လုပ်ငန်း များ၏ အဓိကစိန်ခေါ်မှုအပိုင်းဖြစ်သည်ဟု စာရေးသူ အနေဖြင့် ရှုမြင်မိသည်။ ကောင်းမွန်သော အရည် အသွေးကို တစ်သမတ်တည်း ပိုင်ဆိုင်ထားရှိရန် အရေးကြီးသည်။ လက်ရှိအချိန်တွင် ဈေးကွက်အသိ အမြင်အားကောင်းလာသော MSME လုပ်ငန်းများ သည် မိမိတို့၏ထုတ်ကုန်များ အရည်အသွေး ကောင်းမွန်ရေးနှင့်ရေရှည်ထိန်းသိမ်းထားနိုင်ရေး ကို အားထုတ်ကြိုးပမ်းလာကြသည်ကိုလည်း ဝမ်းမြောက်စရာတွေ့မြင်လာရသည်။

သို့ဖြစ်ရာ ခရီးသွားများ၏ ယနေ့အိမ်အပြန် လက်ဆောင်သည် မူလအရည်အသွေးမပျက် ထုပ်ပိုး မှုကောင်းသော မျက်နှာပန်းလှစရာ အိမ်အပြန် လက်ဆောင်များ ဖြစ်လာပေမည်။ လက်ဆောင် မဝယ်ဖြစ်ခဲ့သော် မပူပါနှင့်စာရှုသူ။ နီးစပ်ရာ ဈေးကွက်မှ ဝယ်ယူ၍ အိမ်အပြန်လက်ဆောင်အဖြစ် ဝမ်းမြောက်ဝမ်းသာ ပေးနိုင်ပါလိမ့်မည်ဖြစ်ကြောင်း ပါခင်ဗျား။ ။

❝ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားသော စီးပွားရေးလုပ်ငန်းစုများနှင့် ခရီးသွားလုပ်ငန်းအကြား ဆက်နွှယ်မှုသည် လည်း ကြီးမားကျယ်ပြန့်လာခဲ့သည်။ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုနှင့် ဒေသ၏ဝင်ငွေကို တိုးမြှင့်ပေး နိုင်မှုတို့သည် ခရီးသွားလုပ်ငန်း၏ ထင်သာမြင်သာရှိသော အကျိုးရလဒ်များဖြစ်ပါသည်။ ထို့နောက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်လာခြင်း၊ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားလာခြင်း၊ ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းစဉ်များ အသက်ဝင်လာခြင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် ပညာရေးအဆင့်အတန်းမြင့်မားလာခြင်းတို့သည် ခရီးသွားလုပ်ငန်း၏ အပြုသဘော ဆောင်သော အကျိုးသက်ရောက်မှုများဖြစ် ❞

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကြီး (၉၃) ကြိမ်မြောက် ဘုရားဖြူစာတော်ပြန်ပွဲ ဖြေဆို

ရန်ကုန် ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟ အသင်းကြီးမှ သာသနာတော်ထွန်းကား ပြန့်ပွားရေးအတွက် ရည်ရွယ်၍ ကျင်းပသည့် (၉၃)ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ဒီဇင်ဘာ ၂၀ ရက်က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်တွင် တတိယနေ့ ဆက်လက်ဖြေဆိုလျက်ရှိသည်။

အဆိုပါ စာတော်ပြန်ပွဲ ပထမနေ့နှင့် ဒုတိယနေ့တွင် စာချတန်းလေးပါး၊ အကြီးတန်း ၁၁ ပါးနှင့် အလတ်တန်း ၂၄ ပါး ဖြေဆိုတော်မူပြီး တတိယနေ့တွင် စာဖြေဆို စာရင်းပေးသွင်းဦးရေ စာချတန်း သုံးပါးနှင့် အငယ်တန်း ၁၃၅ ပါး ဖြေဆိုလျက်ရှိသည်။

ရန်ကုန်တိုင်း ဒေသကြီးလုံးဆိုင်ရာဝိနယာနုဂ္ဂဟအသင်းကြီးမှ ကြီးမှူးကျင်းပသည့် (၉၃)ကြိမ်မြောက် ဘုရားဖြူဝိနည်း စာတော်ပြန်ပွဲကို ဒီဇင်ဘာ ၁၈ ရက်မှ ၂၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးလုံးဆိုင်ရာဝိနယာနုဂ္ဂဟအသင်းကြီးမှ တာဝန်ရှိသူများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ အလှူရှင်များက ရက်အလိုက် ဆွမ်း၊ ဘောဇဉ်၊ ဝတ္ထုငွေနှင့် အအေးများ ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။

ဟန်စုယဉ်

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အလုပ်ခွင်ထိခိုက်မှု အကျိုးခံစားခွင့် ထုတ်ပေး

ရန်ကုန် ဒီဇင်ဘာ ၂၁

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေကြေးအကျိုးခံစား

ခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင်အကျုံးဝင်မှတ်ပုံတင်ထားသော MAY FAIR(Myanmar) Industry Co.,Ltd မှ အာမခံအလုပ်သမား ဒေါ်မိုးမိုးဌေး၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် အမြဲတမ်းလုပ်အားဆုံးရှုံးမှု ၅၀ ရာခိုင်နှုန်း ခုနစ်နှစ်စာအတွက် ငွေလုံးငွေရင်းအကျိုးခံစားခွင့် ငွေကျပ် ၄၂၃၃၆၀၀ ကို ကာယကံရှင်ထံသို့ ရုံးခွဲတာဝန်ခံ၊ နယ်မြေတာဝန်ခံ၊ အလုပ်ဌာနမှ တာဝန်ရှိသူများနှင့် WCC အဖွဲ့ဝင်များရှေ့၌ ဒုတိယညွှန်ကြားရေးမှူးက လက်ဝယ်ပေးအပ်ကြောင်း သိရသည်။

နေမျိုးအောင်

ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၁

တိုင်းဒေသကြီးအဆင့် ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်းလုပ်ငန်း စီမံချက်ညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦး စီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ ရက်က ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်မင်းထွန်းက ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားမှုအရ ကျောင်းအခြေပြု တီဘီရောဂါ တိုက်ဖျက်ရေးလုပ်ငန်း စီမံချက်နှင့်ပတ်သက်၍ ပြောကြားသည်။

ထို့နောက် ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနီနီလှိုင်က တိုင်းဒေသကြီးအတွင်း တီဘီရောဂါဖြစ်ပွားမှုနှင့် ကျောင်းအခြေပြု တီဘီရောဂါကွင်းဆင်းရှာဖွေခြင်း လုပ်ငန်းစီမံချက်ပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် မိတ်ဖက်ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ တာဝန်ရှိသူများက သိလိုသည်များကိုမေးမြန်းဆွေးနွေးကြရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဒုတိယတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတို့က ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

သက်ထက်

နွေစပါးမျိုးစေ့ချကိရိယာဖြင့် ရက်(၉၀) စပါးစိုက်ပျိုးပြသခြင်း ကွင်းသရုပ်ပြ

ဒလ ဒီဇင်ဘာ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးမျိုးစေ့ချကိရိယာဖြင့် ရက်(၉၀) စပါးစိုက်ပျိုးပြသခြင်းကို ဒီဇင်ဘာ ၂၀ ရက်က သမ္ဘာန်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၄) ဇရိယာငါးကေရှိ တောင်သူဦးနေဝင်းပိုင်၏ လယ်ယာမြေပေါ်၌ ပြုလုပ်သည်။

စပါးမျိုးစေ့ချကိရိယာကို အသုံးပြုခြင်းဖြင့် စပါးမျိုးစေ့ အကုန်သက်သာခြင်း၊ အလုပ်သမားစရိတ်သက်သာခြင်း၊ အပင်များအတန်းလိုက်ဖြစ်၍ လေဝင်လေထွက်ကောင်းပြီး ပေါင်းမြက်ရှင်းရန်လွယ်ကူခြင်း၊ အောင်မြင်ဖြစ်ထွန်းသော စပါးပင်များရရှိခြင်း၊ တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် လုပ်သားလိုအပ်ချက်အနည်းဆုံးအစားထိုးစိုက်ပျိုး ဆောင်ရွက်နိုင်မည်ဖြစ်သည်။ **အေးမြမိုး (ပြန်/ဆက်)**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်

ပုသိမ် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းခြင်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၈ ရက်က အမှတ် (၁၃) ရပ်ကွက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးပညာသင်တန်းကျောင်း(ပုသိမ်)၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးအလုပ်သမားပပျောက်ရေးကော်မတီအတွင်းရေးမှူး ဒေါ်ဝေဝေဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးပညာသင်ကျောင်း(ပုသိမ်) ကျောင်းအုပ်ကြီး ဦးသူရနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြဆရာများ၊ သင်တန်းသား ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၁၈ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်အထိ သင်ကြားမည်ဖြစ်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

ရမည်းသင်းမြို့၌ ကောက်ရိုးထုံးစက်ဖြင့် သရုပ်ပြ

ရမည်းသင်း ဒီဇင်ဘာ ၂၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အမှတ်(၂၈) စက်မှုလယ်ယာစခန်းမှ ကောက်ရိုးထုံးစက်ဖြင့် သရုပ်ပြပွဲကို ဒီဇင်ဘာ ၂၀ ရက်က သင်ပန်းကုန်းကျေးရွာ ကွင်းအမှတ်(၁၁၉၆) ရှိ တောင်သူ ဦးညွန့်၏ လယ်ယာမြေ၌ ပြုလုပ်သည်။

သရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးသီဟဇော်နှင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။ ထို့နောက် အမှတ်(၂၈) စက်မှုလယ်ယာစခန်း ရမည်းသင်းမြို့မှ ကောက်ရိုးထုံးစက်ဖြင့် သရုပ်ပြသပွဲပြုလုပ်ရာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြကြောင်း သိရသည်။ **မြတ်နိုးသူ**

ဒေးဒရဲမြို့နယ်၌ ငါးသားပေါက်များ ပေးအပ်

ဒေးဒရဲ ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အင်းသားကြီးများအား ငါးသားပေါက်များပေးအပ်ခြင်းကို ဒီဇင်ဘာ ၂၀ ရက်က မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းဟန်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ခုနှစ် အင်းလုပ်ငန်း ရာသီအတွက် မြို့နယ်အတွင်းရှိ အင်းချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်နိုင်ရေး အင်းလုပ်သားကြီးများလက်ဝယ်သို့ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၇၇၀၀၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **သိဒ္ဓိအောင်**

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲ ဧက ၉၉၁၀ စိုက်ပျိုးပြီးစီး

ပွင့်ဖြူ ဒီဇင်ဘာ ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲသီးနှံ ဧက ၉၉၁၀ အထိ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံ ၂၁၈၄၃ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ကုလားပဲ ဧက ၉၉၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားနပ်ရိက္ခာဖူလုံစေဖို့နဲ့ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ကုလားပဲ ၂၁၈၄၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့အထိ ဧက ၉၉၁၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ကုလားပဲသီးနှံ စိုက်ပျိုးရေးနဲ့ ပတ်သက်ပြီး လျာထားစိုက်ဧက ပြည့်မီအောင်၊ အထွက်နှုန်းများ တိုးတက်အောင်၊ အရည်အသွေးကောင်းတဲ့သီးနှံတွေ ထွက်ရှိအောင် တောင်သူတွေကို ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့၊ ပိုးမွှားရောဂါ မကျရောက်အောင် ဆောင်ရွက်ကြဖို့ စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးတာတွေကို ကွင်းဆင်းဆောင်ရွက်နေပါတယ်" ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပွင့်ဖြူမြို့နယ်၌ ကုလားပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေးနှင့် အရည်အသွေးကောင်းသော သီးနှံများထွက်ရှိရေးအတွက် ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး စသည့်အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြော

ဘားအံ ဒီဇင်ဘာ ၂၁

ကရင်ပြည်နယ် ဘားအံတက္ကသိုလ်၌ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်က ဘားအံတက္ကသိုလ် ငုရွှေဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာစကားပြောကြားပြီး ကရင်ပြည်နယ် တရားရေးဦးစီးမှူးရုံးမှ ခရိုင်တရားသူကြီး ဦးမောင်မောင်သက်လွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သော ဥပဒေများအကြောင်း၊ အမှတ်(၁၀) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ(ကရင်)မှ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးဟန်မွေးက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ဆောင်ရန်၊ ရှောင်ရန်များ၊ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်ရာတွင် လိုက်နာရန်အချက်များ အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ရာ ဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက

သိရှိလိုသည်များ ပြန်လည်မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျောင်းအခြေပြု တီဘီရောဂါနှင့် ကျောင်းကျန်းမာရေးကွင်းဆင်းဆောင်ရွက်

ကလော ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကြီးကြပ်ညွှန်ကြားမှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အခြေခံပညာကျောင်းများကို ကျောင်းအခြေပြု တီဘီရောဂါရှာဖွေရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၀ ရက်က ဟဲဟိုးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် ကလောမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခိုင်စုစုညိမ်းက ဦးဆောင်၍ အခြေခံကျန်းမာရေးဝန်ထမ်းများက ကလောမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား တီဘီရောဂါလက္ခဏာများ၊ တီဘီရောဂါနှင့်ပတ်သက်သော ကာကွယ်ရေးနည်းလမ်းများ၊ တီဘီရောဂါကို ဆောလျင်စွာရှာဖွေစစ်ဆေးခြင်း၏ ရရှိမည့် အရေးပါပုံတို့ကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကျောင်းအခြေပြုတီဘီရောဂါ ကွင်းဆင်းရှာဖွေရေးလုပ်ငန်းများကို ကလောမြို့နယ်ရှိ အခြေခံပညာကျောင်း ၂၀၀ အား ဒီဇင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (တတိယ)ဆယ်ရက်ပတ်အတွက် တောင်သူများအတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

မိုးရွာသွန်းနိုင်မှုအခြေအနေ

မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

အမြင့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၆ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

အနိမ့်ဆုံးအပူချိန်အခြေအနေ

ချင်းပြည်နယ်တွင် ၃၃ ဒီဂရီဖာရင်ဟိုက်ခန့်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄၄ ဒီဂရီဖာရင်ဟိုက်မှ ၅၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်းနှင့်တောင်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ၅၅ ဒီဂရီဖာရင်ဟိုက်မှ ၆၄ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၆၅ ဒီဂရီဖာရင်ဟိုက်မှ ၇၄ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

လေထုစိုထိုင်းဆအခြေအနေ

မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၆၂ ရာခိုင်နှုန်းမှ ၇၁ ရာခိုင်နှုန်းအတွင်းနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၂ ရာခိုင်နှုန်းမှ ၈၁ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း) တို့တွင် ၈၂ ရာခိုင်နှုန်းမှ ၉၂ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်သည်။

ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၁၈ မီလီမီတာမှ ၂၇ မီလီမီတာအတွင်း၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂၈ မီလီမီတာမှ ၃၇မီလီမီတာအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၃၈ မီလီမီတာမှ ၄၇ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

မြေဆီလွှာအောင်းရေအခြေအနေ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (စိုစွတ်) အခြေအနေနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မော်ဘီမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဒီဇင်ဘာ ၂၁

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံပြည်သူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်လှည့်ဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအုပ်စု ကြာကန်ကျေးရွာရှိ ဒေသခံပြည်သူ ၁၅၁ ဦးတို့ကို အဆိုပါကျေးရွာရှိ သင်တန်းကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ပြည်ကြီးပျော်ဘွယ် အနောက်ရပ်ကွက်ရှိ သံဃာတော် ၁၃၈ ပါးနှင့် ဒေသခံပြည်သူ ၄၁ ဦးတို့ကို အဆိုပါ ရပ်ကွက်ရှိ ပတ္တမြားကျောင်းတိုက်၌လည်းကောင်း လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မအူပင်မြို့၌ ဒီဇင်ဘာလလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မအူပင် ဒီဇင်ဘာ ၂၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ပြည်သူတစ်ရပ်လုံး ကျန်းမာကြံ့ခိုင်စေရန်နှင့် အားကစားစိတ်ဓာတ်များ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်၍ ဒီဇင်ဘာလ လူထုအားကစား လှုပ်ရှားမှု စုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက်က စုရပ်ဖြစ်သော တိုးရွှေဝါခန်းမရှေ့၌ ကျင်းပသည်။

စုပေါင်း လမ်းလျှောက်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့်အဖွဲ့ဝင်များ၊ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဌေးဌေးမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ မြို့ပေါ်ရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ တိုးရွှေဝါခန်းမရှေ့မှ ကမ်းနားလမ်း၊ ဆယ်လမ်း၊ မင်းလမ်းမှတစ်ဆင့် ပြည်သူ့အားကစားကွင်းကြီးသို့ စုပေါင်း လမ်းလျှောက်ခဲ့ကြပြီး အားကစားကွင်းအတွင်း စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပျော်ရွှင်စွာပြုလုပ်ကြသည်။

ယင်းနောက် မီတာ (၂၀၀) ကျား၊ မ အပြေး ပြိုင်ပွဲများ၊ ဂိုးကျဉ်းကန်သွင်း ပြိုင်ပွဲများ ပြုလုပ်ခဲ့ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ခရိုင်အားကစားနှင့် ကာယပညာ ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်(၁) ဗိုလ်မှူး သက်ဇော်ထွန်းတို့က ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အောင်မြင့်မြတ်(ပြန်/ဆက်)

တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၁၈၀၆၄၅)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၃၆၆/၆) တံခွန်တိုင်အဝိုင်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၉၅၀၀၄)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sung Long Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေးဘူတာကြီး၌ ရန်ကုန်-မန္တလေး အဆန်ရထား ပါဆယ်(၁)ရထားတွဲပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၀၁၇၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၉၂၆၄၉ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သာမညမှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Higer Mini Bus တစ်စီး၊ Nissan Caravan တစ်

မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ပဲခူးခရိုင် ပဲခူးမြို့နယ်၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၄ ဒသမ ၃၂၇ တန်၊ သစ်မာ ၀ ဒသမ ၃၈၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၆၉၉၉၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၆၉၉၉၂ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ထန်းတပင်မြို့နယ် အမှတ် (၅) လမ်းမကြီးအနီး၌ လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သန်လျင်မြို့နယ် သီလဝါလမ်းနှင့် အမှတ်(၆) လမ်းထောင့်၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၅၂၁တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Lite Ace မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၀၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၅၈၀၀၀ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရဲသာယာယီယာဉ်စစ်ကွင်း၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၅၈၂၀၃) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၈ လုံးအတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆ မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၀၃၁၀၈၈)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၃၃၈၉၂၉၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၈ မှု ၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၉၈၀၉၉၃၂ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် အခြေခံကျပြီး လက်တွေ့ကျကျဆောင်ရွက်ရသူများဖြစ်သည့်အတွက် အလေးအနက်ထားဆောင်ရွက်ကြရန်လို

ဘားအံ ဒီဇင်ဘာ ၂၁

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်မြန်ဆန်စေရေး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယမန်နေ့က လှိုင်းဘွဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ လှိုင်းဘွဲမြို့နယ်အတွင်းရှိ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများသည် အခြေခံကျပြီး လက်တွေ့ကျကျဆောင်ရွက်ရသူများဖြစ်သည့်အတွက် အရေးကြီးရာ အလေးအနက်ထား ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေနိုင်

ရေးနှင့် လူတိုင်းအနည်းဆုံး အလယ်တန်းအဆင့် အောင်ရန်လိုသည့်အတွက် ပညာရေးကို အားပေးမြှင့်တင်ကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေး၊ လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းဆောင်ရွက်ပေးစေလိုကြောင်း၊ စားရေရိက္ခာဖူလုံ ပိုလျှံရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြေလွတ်မြေလပ်မကျန် သီးထပ်သီးညှပ်များဖြင့် စိုက်ပျိုးမွေးမြူလုပ်ကိုင်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လှိုင်းဘွဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များဖြစ်သော ကုန်ထုတ်လမ်းတံတား၊ ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ စိုက်ပျိုးရေရရှိရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

Asean Cup အုပ်စု (B) တွင် မြန်မာအသင်း အုပ်စုမှထွက်ရပြီး ဗီယက်နမ်နှင့် ဖိလစ်ပိုင် ဆီမီးဖိုင်နယ်တက်ရောက်

ရန်ကုန် ဒီဇင်ဘာ ၂၁

၂၀၂၄ Asean Cup ပြိုင်ပွဲအုပ်စု (B) နောက်ဆုံးနေ့ကို ဒီဇင်ဘာ ၂၁ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲက တစ်ချိန်တည်း ယှဉ်ပြိုင်ကစားရာ မြန်မာအသင်း အဝေးကွင်း၌ အရေးနိမ့်ပြီး အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဗီယက်နမ်နိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဗီယက်နမ်အသင်းက မြန်မာအသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အဝေးကွင်းတွင် နာမည်ကြီး ဗီယက်နမ်အသင်းကို အရေးနိမ့်သဖြင့် အုပ်စုမှထွက်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ဂိုးမရှိသရေ ကစားနိုင်ပြီးမှ ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်ပေးလိုက်ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများ ပြုလုပ်လာပြီး ပြည့်ဖြိုးသူ (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ လတ်ဝေဘုန်း၊ စိုးမိုးကျော်၊ သီဟထက်အောင်၊ ဥက္ကာနိုင်၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ သီဟဇော်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်းတို့ကို အသုံးပြုခဲ့သည်။ ဗီယက်နမ်အသင်းသည် ပွဲစကတည်းက မြန်မာအသင်းဘက်သို့ ဖိအားပေးနိုင်ခဲ့ပြီး ဘရာဇီးမွေးစားနိုင်ငံသား ရာဖေးလ်ဆင်ကို မထိန်းနိုင်သဖြင့် အခွင့်အရေးများ ပေးခဲ့ရသည်။ ပထမပိုင်းတွင် ဗီယက်နမ်အသင်း အဆုံးသတ် မသေချာသဖြင့် ဂိုးမရသော်လည်း ဒုတိယပိုင်းတွင် ဂိုးများ ဆက်တိုက်သွင်းယူနိုင်ခဲ့သည်။ မြန်မာအသင်း ခံစစ်အားနည်းမှုနှင့် ကစားအားကျလာမှုကို အခွင့်ကောင်းယူကာ ၄၈ မိနစ်တွင် ဗီဟောင်ဗူ၊ ၅၅၊ ၉၀ မိနစ်တွင် ရာဖေးလ်ဆင်၊ ၇၄ မိနစ်တွင် ငုယင်ကွမ်ဟိုင်နှင့် ၉၀+၂ မိနစ်တွင် ငုယင်သီလင်တို့က သွင်းယူသည်။

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပသည့်ပွဲတွင် ဖိလစ်ပိုင်အသင်းက အိမ်ရှင် အင်ဒိုနီးရှားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။ ဖိလစ်ပိုင်အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ၆၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ခရစ္စတန်ဆန်က သွင်းယူသည်။ အုပ်စု (B) ပွဲစဉ်များ အပြီးတွင် ဗီယက်နမ်အသင်းက ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ ဖိလစ်ပိုင်အသင်းက ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး လေးမှတ်စီရရှိသည့် အင်ဒိုနီးရှားနှင့် မြန်မာ၊ နှစ်မှတ်ရရှိသည့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ထိုင်းနှင့် ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် စင်ကာပူအသင်း တွေ့ဆုံမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ-MFF

မူဆယ်မြို့ မီနီမာရသွန်အပြေးပြိုင်ပွဲ ဒေသခံပြည်သူ ၂၅၀၀ ကျော် ပါဝင်ယှဉ်ပြိုင်

မူဆယ် ဒီဇင်ဘာ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မင်္ဂလာမူဆယ်လမ်းမကြီး ရွှေလီမြစ်ဘေး မြို့ပတ်လမ်း၌ မီနီမာရသွန်(4km/13Km/18km) အပြေးပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီက ပြုလုပ်သည်။

ဦးစွာ မီနီမာရသွန်ပြိုင်ပွဲ (4km/13Km/18km) အားကစားသမားများအတွက် စည်းကမ်းချက်များနှင့် ပြေးလမ်းကြောင်းဆောင်ရွက်ထားရှိမှုအခြေအနေများကို မြို့နယ်အားကစားမှူး ဦးမြင့်ထွေးက ရှင်းလင်းပြောကြားသည်။ ထို့နောက် မူဆယ်မြို့ အထက(၁)၊ အထက(၃)ကျောင်းသား ကျောင်းသားသူများက Zumba, Finance Dance အကများဖြင့် ဧည့်ခံဖျော်ဖြေသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးက မီနီမာရသွန်အပြေးပြိုင်ပွဲ ဂုဏ်ပြုကြိုဆိုအမှာစကား ပြောကြားသည်။ မူဆယ်မြို့၌ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုတွင် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ မီနီမာရသွန်အပြေးပြိုင်ပွဲပြုလုပ်ခြင်းဖြစ်ကြောင်း အပြေးပြိုင်ပွဲတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ကိုယ်ပိုင်ကျောင်း

များမှ ကျောင်းသား ကျောင်းသူများ၊ GYM အားကစားခန်းမများမှ အားကစားသမားများ၊ ကိုယ်လက်ကျန်းမာကြံ့ခိုင်ရေး နှင့် စိတ်ပျော်ရွှင်မှုရရှိရေး ပါဝင်အပြေးပြိုင်ကြသည်။

ထို့နောက် မီနီမာရသွန် အပြေးပြိုင်ပွဲဝင် အားကစားသမားများအား ရပ်မိရပ်ဖ ဦးကိန်မိုင်က သေနတ်ဖောက်၍ တာလွှတ်ပေးသည်။

တစ်ဆက်တည်း မီနီမာရသွန်အပြေးပြိုင်ပွဲဆုချီးမြှင့်ပွဲကို ကျင်းပရာ ဌာနဆိုင်ရာ(4Km) အပျော်တမ်းပြိုင်ပွဲ(အမျိုးသား) (အမျိုးသမီး) (၁မှ၇) အထိပန်းဝင်သူများ၊ (4Km) အပျော်တမ်းပြိုင်ပွဲ(၁မှ ၇၀)အထိ ပန်းဝင်သူများ၊ (13Km)(အမျိုးသား)(အမျိုးသမီး) အပြေးပြိုင်ပွဲဝင် (၁မှ၅၀)အထိ ပန်းဝင်သူများ၊ (18Km)(အမျိုးသား)(အမျိုးသမီး) အပြေးပြိုင်ပွဲဝင် (၁မှ ၅၀)အထိ ပန်းဝင်သူများကို တာဝန်ရှိသူများက ဆုချီးမြှင့်သည်။ မီနီမာရသွန်ပြိုင်ပွဲတွင် ပြိုင်ပွဲအလိုက် ဒေသခံတိုင်းရင်းသားပေါင်းစုံ ၂၈၃၀ ဝင်ရောက်အပြေးပြိုင်ကြပြီး အပျော်တမ်းပြိုင်ပွဲ (4Km)တွင် ၁၀၀၀ ရှိပြီး ပထမဆုကို မောင်ဟိန်းဝေအောင်ကလည်းကောင်း၊ ဒုတိယဆုကို မောင်ဟန်မင်းနိုင်ကလည်းကောင်း၊ တတိယဆုကို မောင်မျိုးခန့်ကိုက ရရှိပြီး တစ်ဝက်ပြိုင်ပွဲ (13Km) တွင် ၁၂၀၀ ဝင်ရောက်အပြေးပြိုင်ကြပြီး ပထမဆုကို စိုင်းဆိုင်ဟန်လှိုင်က လည်းကောင်း၊ ဒုတိယဆုကို မောင်ကောင်းခန့်ဇော်ကလည်းကောင်း၊ တတိယဆုကို မောင်စိုင်းလောဝ်ခေးကလည်းကောင်း၊ အပြည့်ပြိုင်ပွဲ (18Km)တွင် ၆၃၀ အပြေးပြိုင်ကြပြီး ပထမဆုကို မောင်မိုင်းထွန်းဦးကလည်းကောင်း၊ ဒုတိယဆုကို မောင်ဇော်ခိုင်ကလည်းကောင်း၊ တတိယဆုကို မောင်ဖီးလစ်ကလည်းကောင်းရရှိကြပြီး နယ်စပ်ဒေသ မူဆယ်မြို့၌ အေးချမ်းသာယာလျက်ရှိကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

စက်ရုံလွှင့်ထုတ်၊ လေညစ်ပုပ်တောတွင်းသစ်ပင်၊ အကုန်စုပ်တို့တွေရှုသွင်း၊ လေသန့်ရှင်းမချင်းရမှာ၊ တောကသာ

ABL APP is now AVAILABLE in both MM and ENG versions!

အသိပေးကြော်ငြာခြင်း

၁။ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၁၀၇-က/ငွေဆင်မြောက်ရပ်)၊ ဦးပိုင်အမှတ် (၂၉-ဃ)၊ မြေ ဧရိယာ(၀.၁၁၀)ဧကရှိမြေနေရာသည် မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၅-၃-၂၀၁၆)ရက်စွဲပါအမှုတွဲအမှတ် (၁၂၁/မဆ/၂၀၁၆)ဖြင့် ဒေါ်နန်းရွှေစိန် အမည်ဖြင့် (၁၅-၃-၂၀၁၆) မှ (၁၄-၃-၂၀၂၆)ထိ (၁၀)နှစ် မြေငှားဂရန်ချထားပေးခြင်း၊ မူဆယ်မြို့နယ်တရားရုံး၏ (၁၅-၃-၂၀၁၇)ရက်စွဲပါကျမ်းကျိန်အမှတ် (၈၅/၂၀၁၇)ဖြင့် ဦးစိုင်းကျော်ဦးသည် ဒေါ်နန်းရွှေစိန်၏ တရားဝင်ခင်ပွန်းဖြစ်ကြောင်းနှင့် ဒေါ်နန်းရွှေစိန် ကွယ်လွန်သွားပြီးဖြစ်သည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်ဆိုထားခြင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၄-၈-၂၀၁၇)ရက်စွဲပါစာချုပ်အမှတ် (၁၀၃/၂၀၁၇)ဖြင့် ဦးစိုင်းကျော်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေငြာစာချုပ်ချုပ်ဆိုထားသည့် မြေနေရာအား ဦးစိုင်းကျော်ဦးမှ မြေငှားဂရန်အမည်ပြောင်းချထားပေးပါရန် လျှောက်ထားတင်ပြလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၁၀၇-က/ငွေဆင်မြောက်ရပ်)၊ ဦးပိုင်အမှတ် (၂၉-ဃ)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်ကို ဦးစိုင်းကျော်ဦး (၁၃/မဆတ(နိုင်)၀၀၀၅၂၀) အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့်ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ မူဆယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကန့်ကွက်မည့်သူမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မူဆယ်မြို့
ဖုန်း-၀၈၂-၅၀၅၂၁

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်(၈/ဘုရင့်နောင်)၊ ဦးပိုင်အမှတ် (၁၆က၊ ၁၆ဆ)၊ဧရိယာ ၀ ဒသမ ၁၀၆ ဧကရှိ ဦးထိုက် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်၊ ဧရိယာ ၀ ဒသမ ၁၀၆ ဧကအနက်မှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုထားသည့် ဦးပိုင်အမှတ် (၁၆ဆ)၊ ဧရိယာ ၀ ဒသမ ၀၆၅ ဧကအား မြေငှားစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ် (၂၅၇/၂၀၁၂)၊ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် (၂၃/၂၀၁၂)၊ နိုင်ငံသားစိစစ်ရေးကတ်၊အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဦးသက်လွင်(ဘ)ဦးစိန်လှိုင် ၉/လဝန(နိုင်)၀၅၁၇၄၂ နှင့် ဒေါ်သန်းသန်းနွယ်(ဘ)ဦးထွန်းမြင့် ၇/မလန(နိုင်) ၀၆၃၂၈၄တို့မှ ဦးပိုင်ခွဲမြေငှားစာချုပ်သက်တမ်းတိုးအမည်ပြောင်း လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟန်နိုင် ၇/အတန(နိုင်)၁၀၁၁၀၃သည် ၄-၁၀-၂၀၂၀ ရက်တွင် "ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာရပ်ကွက်၊ ဥဿာနှင့်ဆိုရှယ်လစ်လမ်းမတန်း၊ ဥဿာ (၁၂) လမ်းနှင့် (၁၃)လမ်းကြားရှိ အိမ်အမှတ် - ၁၀၆၇ ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်"တို့အား ရောင်းသူများဖြစ်သည့် ဦးတင်မောင်အေး-ဒေါ်လှလှနွဲ့တို့ထံမှ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အိမ်ခြံမြေအား ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းကသာ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်းတို့ကို မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ကျွန်ုပ်၏မိတ်ဆွေမှ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

ဦးသီဟန်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝင်းလဲ့ထွန်း (LL.B., LLM)
အထက်တန်းရှေ့နေ (စဉ် - ၄၅၄၁၂)
ဖုန်း-၀၉-၄၂၀၀၁၇၉၆၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/ဒက္ခိဏသီရိရပ်)၊ မြေကွက်အမှတ် (ဒ-၁၂၀၁)၊ မြေဧရိယာ(၀.၃၃၀)ဧကရှိ ဦးအုန်းသန်း(ဘ)ဦးခင်မောင် ၁၄/ဟသတ(နိုင်)၀၅၉၀၄၂ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးအုန်းသန်းမှ ဦးထွန်းထွန်းလတ်(ဘ)ဦးဘိုဘို ၉/မနမ(နိုင်)၁၁၂၃၉၁ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 8C/5077, KZL Light Truck ယာဉ်အမည်ပေါက်သူ ဦးမြင့်အုန်း ၂/လကန(နိုင်)၀၄၅၅၄၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ လွိုင်ကော်

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 72W/38347, Honda Alpha 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မိုးမိုးကျော် ၂/လကန(နိုင်)၁၁၁၄၉၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ လွိုင်ကော်

အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်တွင်နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ မစန္ဒာလင်း (၁၂/မရက(ပြု)၀၀၀၆၅၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။

မစန္ဒာလင်း (၁၂/မရက(ပြု)၀၀၀၆၅၀)နှင့် ကိုမျိုးမြင့်အောင် (၁၂/မဂတ(နိုင်)၁၂၇၀၅၀)တို့သည် (၂၃-၈-၂၀၂၀) ပြည့်နှစ်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး ယခုအခါ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း မတိုက်ဆိုင်တော့၍ ကွာရှင်းပြတ်စဲရန် နှစ်ဖက်သဘောတူညီသဖြင့် (၁၉-၁၂-၂၀၂၄) ရက်တွင် အသိသက်သေလူကြီးမိဘများရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်အား လက်မှတ်ရေးထိုးချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ မစန္ဒာလင်းနှင့် ကိုမျိုးမြင့်အောင်တို့သည် တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ကိုယ်ရေးကိုယ်တာဟူသမျှကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေရီကျော် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၉၄)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ Ph: 09-773850889

ကန့်ကွက်နိုင်ပါကြောင်း

တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ရောင်းချသော ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ(၁)၊ အခန်းအမှတ် B-444. တိုက်ခန်းအား ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးစံဟိန်း (ဘ) ဦးပန်းချင် ၁၀/ရမန(နိုင်)၀၄၂၉၆၅မှ တော်ဝင်မိသားစု ဆောက်လုပ်ရေးကုမ္ပဏီတွင် အမည်ပေါက်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ယင်းတိုက်ခန်းနှင့် ပတ်သက်သည့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများအနက်မှ တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီမှ ပေးအပ်သည့် **"မုဒိတာအိမ်ရာ(၁)တိုက်ခန်းပိုင်ရှင်အသိအမှတ်ပြုလွှာ"** ကတ်ပြားမှာပျောက်ဆုံးသွားပါသဖြင့်တော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင်မိတ္တူမှန်ပြန်လည်ထုတ်ယူရန်လျှောက်ထားမှုအပေါ်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁)လအတွင်းတော်ဝင်မိသားစုဆောက်လုပ်ရေးကုမ္ပဏီတွင်လည်းကောင်း ကျွန်ုပ်ထံ တွင်လည်းကောင်း စာရွက်စာတမ်း(မူရင်း)အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကေရီကျော် (LL.B),(D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၉၄)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၃၈၅၀၈၈၉

အများသိစေရန်ကြော်ငြာခြင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၈၊ မြေကွက်အမှတ် ၁၅၆၊ ဧရိယာ ၀ ဒသမ ၀၅၆ ဧက၊ မြေကွက်တည်နေရာ အမှတ်(၁၅၆)၊ ဆရာခြုံလမ်း၊ (၅၈) ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးအောင်သိန်း (ခ) ချီကော့အင် (KTDA-၀၀၅၅၀၄) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဦးအောင်သိန်း (ခ) ချီကော့အင် (KTDA-၀၀၅၅၀၄) ၁၂/ကတတ (နိုင်) ၀၃၀၁၄၄ မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်နှင့် အဆိုပါမြေကွက်၏ ဂရန်မူရင်းမှာ အိမ်အပြောင်းအရွှေ့ကြောင့် ရှာဖွေမတွေ့တော့ဘဲ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း၊ အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း မရှိကြောင်းနှင့် ပြဿနာပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကျမ်းကျန်လွှာ အမှတ်-၁၁၁၈/၂၀၂၄ (၈-၈-၂၀၂၄)တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် သတင်းစာကြော်ငြာပြီး ကန့်ကွက်သူမရှိပါသဖြင့် ဂရန်မိတ္တူလျှောက်ထားခြင်းကိုခွင့်ပြုပြီးဖြစ်ပါ၍ မြို့မြေစာရင်းတွင် အမှုတွဲအမှတ်.ဒဂဆက(ပန်းပညာ)၅၈၁/၂၀၀၂အရ ၁၉-၂-၂၀၀၃ရက်တွင် ထုတ်ပေး ခဲ့သော နှစ် (၆၀) မြေငှားစာချုပ်ဂရန်မူရင်းအား ရုံးတွင်းအမိန့်ဖြင့် ပယ်ဖျက်ပြီးဖြစ်ကြောင်းနှင့် ဂရန်မိတ္တူထုတ်ပေးမည် ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၈-စီရပ်ကွက်၊ ကျွန်းရွှေမြိုင် (၈)လမ်း၊ အမှတ် (၆၂၀)၊ အကျယ်အဝန်းပေ (၄၀x၆၀)ပေ ဦးမြစိုး (၁၂/ဗဟန(နိုင်) ၀၀၉၄၇၇)၊ ဒေါ်ချိုချိုဝင်း (၁၂/ဗဟန(နိုင်)၀၇၈၉၇၆) နှစ်ဦး ပူးတွဲအမည်ပေါက်နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်အနက်မှ ဦးမြစိုးပိုင်ဆိုင်သော တရားဝင်မခွဲစိတ်ရသေးသော (၂၀ပေx၆၀ပေ) မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ် (ရေ/မီးအပါအဝင် မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့်အားလုံး) ကို ဦးမြစိုးမှ ဂရန်ခွဲစိတ်ခြင်းလုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဝယ်ယူသူ အမည်ပေါက်ရရှိသည်အထိ လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ခံကတိပြုသည့်အပြင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြစိုးထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သဇင်သိမ့်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L) အထက်တန်းရှေ့နေ (စဉ်-၅၂၀၇၃)
အမှတ်(၇၉၅/ခ)၊ လေးကျွန်းဇမ္ဗူလမ်း၊ (၅၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉ ၄၅၆၁၃၃၄၄၆

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

ဖောင်းကြွပျောက်

ယာဉ်အမှတ် 5H/1571 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

ကညန (လားရှိုး)၊ တွဲဖက်ပြည်နယ်ရုံး

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3C/3382 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန(ရွာသာကြီး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1M/2689 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 64W/89888 Honda Click-125 ယာဉ်လက်ဝယ်ရှိသူ 34 Shwe Mandalar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2W/68238 Jialing JL90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ပိုင် ၅/တဆန(နိုင်) ၀၄၉၇၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့

ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက (သစ်ရာကောက်) Grade-9 မှ မောင်အောင်ကိုကိုထက် ၏ ဖခင် ဦးမင်းမင်းထွန်း ၏ အမည်မှန်မှာ ဦးမင်းမင်း ၈/မသန(နိုင်)၀၁၁၈၅၃ ဖြစ်ပါကြောင်း။

ဦးမင်းမင်း

စာအုပ်စာပေ
လူ့မိတ်ဆွေ

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 73W/86349, Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်မွန်စိုး ၂/ဖရဆ(နိုင်) ၀၁၉၈၈၀က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ လွိုင်ကော်

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၁ယ/၄၂၈၉ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးလွင် ၁၀/မဒန(နိုင်)၀၂၄၇၄၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၆ယ/၇၄၀၇၇ ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ထွေး ၁၀/မဒန(နိုင်)၀၂၄၉၇၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀/ရွှေပေါက်ကံ၊ ကျန်စစ်သားလမ်း၊ မြေကွက်အမှတ်-၅၈၊ အလျားပေ ၄၀xအနံပေ ၆၀ ရှိသည့်အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်မျက်နှာမူလျှင် လက်ဝဲဘက်အခြမ်း အိမ်+မီးမီတာအပါအလျား ၂၀ပေxအနံ ၆၀ပေရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံအဆိုပြုသူ ဦးထွန်းဝင်း(ဘ)ဦးကြီးမောင် (၅/ဘတလ(နိုင်)၀၁၃၆၂၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေသည် အဆိုပါမြေကွက်အား အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ ရက်အတွင်း လူကိုယ်တိုင်ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သန္တာမြင့်ဝင်း (LL.B, DBL, DML)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၈)
ဖုန်း-၀၉-၂၅၀၅၂၈၆၁၆

ကန့်ကွက်နိုင်ပါသည်။

နေပြည်တော်၊ (ယခင်) ပျဉ်းမနားမြို့နယ်၊ (ယခု) ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၂- ပေါင်းလောင်း/၂ လူနေရပ်ကွက်အမှတ်- (ယခင်) ရွာကောက်၊ (ယခု) အောင်သာယာ၊ မြေကွက်အမှတ်- ၃၀၁၈၊ ဧရိယာ- ၀. ၁၁၀ ဧက (၆၀ ပေ × ၈၀ ပေ၊ ၄၈၀၀ စတုရန်းပေ) ရှိ ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ ခရာဝါလမ်း၊ အမှတ်- ၃၀၁၈ ဟုခေါ်တွင်သော နှစ် (၃၀) မြေငှားဂရန်မြေကွက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၌ အမည်ပေါက်၍ တစ်ဦးတည်းတရားဝင်လက်ရှိလုံးဝပိုင်ဆိုင်သူ ဒေါ်တင်မြင့် (၁၄/မအပ (နိုင်) ၀၀၄၂၄၂) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား၊ မူရင်းစာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်တုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ ညွှန်ကြားချက်အရ
ဒေါ်ခင်ချောသူ (LL.B., LL.M., M.Res.)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၈၁၂)
အမှတ်- ၁၅/F၊ ဓမ္မစေတီလမ်းနှင့် မဟာဗောဓိလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၇၈၈၉၉၉၈၀၆၊ ၀၉-၂၅၃၀၉၉၁၃၅။

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ အင်း၀(၅)လမ်း၊ မြေကွက်အမှတ်(၄၆၉)ဟု ခေါ်တွင်သော မြေပေါ်တွင် မြေရှင်များဖြစ်ကြသော (၁)ဦးကျော်ကျော် (၂)ဒေါ်အေးအေးမော် နှင့် ကန်ထရိုက်တာ ဦးလှဝင်းထွဋ်တို့ အခန်းပေး အခန်းယူဆောက်လုပ် ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက် တိုက်ခန်းများအနက် (၅)လွှာ(ခြေရင်းခန်း)၊အကျယ်အဝန်း (၁၉ပေ x ၅၄ပေ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသော (၁)ဦးအောင်ဇော်မိုး (၁၂/တမန(နိုင်)၀၂၀၃၁၀)နှင့် (၂)ဒေါ်မိမိခိုင် (၁၂/ဥကတ(နိုင်)၁၄၄၁၀၀)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သော ဒေါ်မိုးမြတ်မြတ်မင်း (၇/လပတ (နိုင်)၁၅၁၇၇၁)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံ သောတရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာ ပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့် အညီ အပြီးအပိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မိုးမြတ်မြတ်မင်း ၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဥမ္မာမြင့် (LL.B,D.B. L) — **ဒေါ်မြတ်နိုးခင်(LL.B)**
တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂) — **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**
အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက် အမှတ် (၆)၊ ပင်းယလမ်း၊ မြေကွက်အမှတ်(၇၁၁) ဟုခေါ်တွင်သော မြေချပါမစ်တွင် ဦးကြည်(KYN-၀၁၇၀၈၁) အမည်ပေါက် အလျား (၄၀)ပေ x အနံ (၆၀)ပေ ၊ ဧရိယာ (၂၄၀၀)စတုရန်းပေ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ရခြင်းမရှိသေးသော မြေကွက်၏ (ပါမစ်မူရင်းခြမ်း) (အမှတ်- ၇/၇၁၀နှင့် ကပ်လျက်ဘက်ခြမ်း) အလျား (၂၀)ပေ x အနံ (၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ရေ/မီးအစရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား စာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်ထွန်း (၁၂/မအန(နိုင်)၀၀၀၁၆၅)ထံမှ ကျွန်ုပ်တို့ ၏မိတ်ဆွေဖြစ်သော ဒေါ်ဖြူဖြူထွန်း(၉/ပသက(နိုင်) ၀၀၄၉၂၉) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသောတရားဝင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဖြူဖြူထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ဥမ္မာမြင့် (LLB,D.B.L) — **ဒေါ်မြတ်နိုးခင်(LL.B)**
တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂) — **အထက်တန်းရှေ့နေ၊ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**
အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

ပျောက်ဆုံးကြောင်း

ကလောမြို့နေ (ဘ)ဦးခိုင်ဦး၏သမီး မအေးမီခိုင် ၁၃/ ကလန(နိုင်)၁၆၆၂၃၈၏ နိုင်ငံကူးလက်မှတ် အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၆၆၉၀၅၇၅၈

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး ၁၄)၊ ညောင်နီကျေးရွာ၊ ကွင်း / အကွက်အမှတ်နှင့် အမည်(ပြင်)၊ ဦးပိုင်အမှတ် (N/၁၉၃)၊ မြေဧရိယာ(၄၀x၆၀)ပေ၊ အကွက်အမှတ်(A-5/ခ)(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးနေဝင်းလတ် ၉/မမန(နိုင်)၀၀၀၀၈၂ထံမှကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဦးသူရိန်ထွဋ် ၁၂/သဃက(နိုင်)၁၅၆၅၆၅သည် (အရပ်ကတိစာချုပ်)ဖြင့် ငွေအပြေအကြေပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့်ပတ်သတ်ပြီး ပေါင်နှံခြင်း၊ ပေးကမ်းခြင်း အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မပြုလုပ်ပါရန်နှင့် ထိုကဲ့သို့ပြုလုပ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ — **လွှဲအပ်ညွှန်ကြားချက်အရ**
ဦးသူရိန်ထွဋ် — **ဦးနေမျိုးဇော် (LL.B, D.B.L)**
၁၂/သဃက(နိုင်)၁၅၆၅၆၅ — တရားလွှတ်တော်ရှေ့နေ
ရပ်ကွက်ကြီး (၁)၊ ယူဂိုစလပ်၊ ပြင်ဦးလွင်မြို့

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 38W/91375, Suzuki Smash-112,M/C အား စစ်တွေမြို့ မောလိပ်ရပ်ကွက်နေ ဦးသန်းကျော်ဌေး ၁၁/စတန(နိုင်)၀၇၁၀၀၆ က ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ပြည်နယ်ရုံး(စစ်တွေ)

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"ရွှေ လာဘ်မြိုး-၁"** အမည်ရှိ မြိတ်ခရိုင်သံခွံကုန်တင်ရေယာဉ် (ရေယာဉ်မှတ်ပုံတင်အမှတ်၊ (CMDS/0004/23) ရေယာဉ်၏ တန်ချိန် - ၄၃.၀၀ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဒေါ်အိအိဝေ(၆/မမန(နိုင်)၁၄၅၃၀၈)အမည်မှ ဒေါ်လှအေး (၁၀/ခဆန(နိုင်)၀၇၁၄၂၃) အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားခြင်း

ယာဉ်အမှတ် 80W/78334, Honda Wave-110,M/C အား စစ်တွေမြို့ ကျောင်းကြီးလမ်းရပ်ကွက်နေ ဦးလင်းအောင်ဖြိုး ၁၁/စတန(နိုင်)၀၈၅၈၉၁ က ကမ-၃ ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ ပြည်နယ်ရုံး(စစ်တွေ)**

ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"ငွေဇင်အောင်"** အမည်ရှိ မြိတ်ခရိုင်ကုန်တင်ရေယာဉ် (ရေယာဉ်မှတ်ပုံတင် အမှတ်၊ (CMD/0020/22) ရေယာဉ်၏ တန်ချိန် - ၁၆.၀၀ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးမျိုးဆန်း(၆/ကစန(နိုင်)၀၈၂၂၁၇) အမည်မှ ဦးမင်းနိုင်စိုး (၆/ကစန(နိုင်)၀၅၁၇၉၉) အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင် အမည်ပြောင်းလဲရန် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့ သို့လိပ်မူ၍ ရက် ပေါင်း(၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက် ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါ သည်။

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်
၂၀ ၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၄၉

ဦးရင်ရိန်ကျင့် (ခ) **နှင့်** ဦးမျိုးဦး
ဦးထွန်းဝေ
တရားလို — **တရားပြိုင်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၆၃လမ်း၊ ၂၀-၂၁လမ်းကြား၊ အနိပ်တော်ရပ်ကွက်နေ ဦးမျိုးဦး(ဘ)ဦးဖူးတင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးမျိုးဦး သင့်အပေါ်၌ တရားလို ဦးရင်ရိန်ကျင့်(ခ)ဦးထွန်းဝေက ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၅၂)၊ ဦးပိုင်အမှတ်(၅၄+၅၅)၊ ဧရိယာ(၀.၁၁၀၂)ဧကရှိ ဦးမျိုးဦးအမည်ပေါက်ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၄ရက်(၁၃၈၆ခုနှစ်၊ နတ်တော်လဆုတ် ၉ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင်အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(မိုးနိုင်ချမ်း)
တွဲဖက်မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀)
ပုသိမ်ကြီးမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၆

ဦးသိန်းလွင် **နှင့်** ဗိုလ်မှူး ခင်မောင်ရီ
တရားလို — **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောအရှေ့ရပ်ကွက်နေ ဗိုလ်မှူး ခင်မောင်ရီ (ဘ) ဦးဘရင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးသိန်းလွင်က "ကတိပဋိညာဉ်အတိုင်း တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ရက် (၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နိုင်ထက်အောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
ပုသိမ်ကြီးမြို့နယ်တရားရုံး

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး ဦးမောင်မောင်သွင် ၇/ကတခ(နိုင်)၀၅၁၇၁၄ ၏ ဖခင်အမည် ဦးသိန်းဟန်နှင့် ဦးသိန်းဟံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမြို့နယ်၊ မူလွန် သဲကုန်းမှ ကျောင်းအုပ်ဆရာကြီး စောအပု ၇/ကကန(နိုင်)၀၁၁၆၃၈ ၏ ဖခင်အမည် ဦးမောင်ကျော့နှင့် ဦးကျော့ဖိုးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ်(၁၇၄)၊ အထူးရာကြီးကွင်း၊ ဦးပိုင်မှတ်(၁၁)၊ မြေဧရိယာ ၁ဒသမ ၈၃ဧကအား မြိတ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၏ (၂၆-၄-၂၀၂၄)ရက်စွဲပါစာအမှတ် ၉၉၉/၁/၄-၁၁/ခစဖ(မြိတ်) အရ ဦးဘွန်တီ အမည်ဖြင့် ယာယီမြေနေရာချထားပေးခဲ့ပါသည်။ အဆိုပါမြေနေရာအား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးဘွန်တီး ၆/ကသန(နိုင်)၀၀၅၃၂၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့

ထားဝယ်တက္ကသိုလ်
(၂၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ကြေညာချက်

ထားဝယ်တက္ကသိုလ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလနှင့် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သော စီးပွားရေးဥပဒေပညာဒီပလိုမာ၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ၂၀၂၄ ခုနှစ်၊ မတ်လနှင့် စက်တင်ဘာလတွင် ကျင်းပခဲ့သော မဟာဒုတိယနှစ်၊ တတိယနှစ်ဂုဏ်ထူးတန်း၊ ပဥ္စမနှစ်(ဥပဒေ)၊ စတုတ္ထနှစ် စာမေးပွဲဖြေဆိုအောင်မြင်ပြီးသူများနှင့် ထားဝယ်တက္ကသိုလ် (အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ် ပဥ္စမနှစ်(ဥပဒေ)နှင့် စတုတ္ထနှစ် စာမေးပွဲဖြေဆို အောင်မြင်ပြီးသူများသည် (၂၁) ကြိမ်မြောက် ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်ကြသည်။

ဘွဲ့နှင်းသဘင်ကြေး	-	ကျပ်(၁၅၀၀၀)
အဝေးရောက်ဘွဲ့ကြေး	-	ကျပ်(၁၀၀၀၀)
လျှောက်လွှာလက်ခံမည့်ရက်	-	(၂၃-၁၂-၂၀၂၄ ရက် မှ ၁၇-၁-၂၀၂၅ရက်)

မှတ်ချက်(၁) လျှောက်ထားသူများသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသော (၂ x ၁ ½) လက်မအရွယ် ဓာတ်ပုံ (၃) ပုံ ပူးတွဲ၍လျှောက်ထားရမည်။

(၂) ဓာတ်ပုံ (၄)ပုံသည် မြန်မာဝတ်စုံ/တိုင်းရင်းသားဝတ်စုံ/အနောက်တိုင်းဝတ်စုံ(အမျိုးသားများသာ)ဖြင့် ရိုက်ကူးရမည်ဖြစ်ပြီး နားရွက်ပေါ်လွင်ရမည်။

(၃) အခြားသောပညာသင်နှစ်များတွင် ဘွဲ့စာမေးပွဲအောင်မြင်ခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။

(၄) ဘွဲ့နှင်းသဘင်လျှောက်လွှာကို ကိုယ်တိုင်လာရောက်တင်သွင်းသူများသည် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကျောင်းသားမှတ်ပုံတင်ကတ်ပြား မိတ္တူတို့ကိုပူးတွဲတင်ပြ၍ ထားဝယ်တက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်းဌာနတွင် တင်ပြလျှောက်ထားရမည်။

(၅) ဘွဲ့ကြေးများကို ကိုယ်တိုင်ပေးသွင်းလိုသူများသည် ထားဝယ်တက္ကသိုလ် ငွေလက်ခံဌာနသို့ ပေးသွင်းနိုင်ပါသည်။

(၆) ထားဝယ်မြို့နယ်မှ စာတိုက်ငွေပို့လွှာဖြင့် ဘွဲ့နှင်းသဘင်ကြေး ပေးသွင်းခြင်းကို လုံးဝခွင့်မပြုပါ။

(၇) အသေးစိတ်အချက်အလက်များကို ထားဝယ်တက္ကသိုလ် သင်တန်းရေးရာဌာနတွင် ရုံးချိန်အတွင်းစုံစမ်း နိုင်ပါသည်။

(၂၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အစီအစဉ်

ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်ရက်(နံနက်ပိုင်း) ၃၁-၁-၂၀၂၅ရက်
(သောကြာနေ့)
နံနက်(၉:၀၀)နာရီ
(မွန်းလွဲပိုင်း) ၃၁-၁-၂၀၂၅ရက် (သောကြာနေ့)
မွန်းလွဲ (၂:၀၀)နာရီ
ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက်(နံနက်ပိုင်း) ၂-၂-၂၀၂၅ရက်
(တနင်္ဂနွေနေ့)
နံနက်(၉:၀၀)နာရီ
(မွန်းလွဲပိုင်း) ၂-၂-၂၀၂၅ရက် (တနင်္ဂနွေနေ့)
မွန်းလွဲ(၂:၀၀)နာရီ

(ကျော်စိုး)
ဌာနမှူး၊ သင်တန်းရေးရာဌာန
ထားဝယ်တက္ကသိုလ်

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၁၀၇၀၁, Honda Wave 110, m/c ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူနိုင် ၁၄/ ငပတ(နိုင်) ၂၀၃၁၄၀ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)

မော်တော်ယာဉ်ဖောင်းကြွ နံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် GG/4385, Toyota PROBOX NCP 51, STATION WAGON(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်း ၁၂/ သဃက(နိုင်)၁၃၉၂၁၉ က မော်တော်ယာဉ် ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ပြည်နယ်ရုံး(ဘားအံ)

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ အထက(ကံသာကြီး) Grade-11 တွင် ပညာသင်ကြားနေသော မနန်းကေခိုင်၏ ဖခင်အမည်မှန်မှာ ဦးစန်း ၈/ ပဖန(နိုင်)၀၁၀၇၉၅ ဖြစ်ပါကြောင်း။ **ဦးစန်း**

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ အထက(ခွဲ) ငါးဆယ်ပေး Grade-5 မှ မခင်တွယ်တာ၏ မိခင်အမည်မှန်မှာ ဒေါ်ခိုင်ခင်ဦး ၇/ပတန(နိုင်)၁၄၆၂၀၀ ဖြစ်ပါကြောင်း။ **ဒေါ်ခိုင်ခင်ဦး**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 18U/1483, Spero 200,3/W ယာဉ်လက်ဝယ်ရှိသူ Pole Stat Line Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညနခရိုင်ရုံး(မကွေး)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/85587, Honda-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မင်းဘူး)

စာအုပ်စာပေ လှူမိတ်ဆွေ

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အမရပူရမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၃

ဒေါ်စုစုကျော် နှင့် ဒေါ်ခင်နှင်းထွေး(၎င်း၏အထူးကိုယ်စားလှယ်စာရသူဦးရီလှိုင်)
တရားလို တရားပြိုင်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အကွက်အမှတ်(၀၀-၃၇)၊ ဦးပိုင်အမှတ်(၃၅)(ယခုနေရပ်လိပ်စာမသိ) ဒေါ်ခင်နှင်းထွေး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရီလှိုင်)သိစေရမည်။

တရားပြိုင် ဒေါ်ခင်နှင်းထွေး(၎င်း၏ အထူးကိုယ်စားလှယ်စာရသူ ဦးရီလှိုင်) သင့်အပေါ်၌ တရားလို ဒေါ်စုစုကျော်က မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အကွက် အမှတ်(၀၀-၃၇)၊ ဦးပိုင်အမှတ်(၃၅)၊ ဧရိယာ(၀.၀၅၅၁)ကေရှိ ဒေါ်ခင်နှင်းထွေး အမည်ပေါက်ဂရန် မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလဆန်း ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြိုးမင်းကျော်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
အမရပူရမြို့နယ်တရားရုံး

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ပဋ္ဌနဂိုရ် အုပ်စု၊ ကူးသန်းကျေးရွာနေ(ဘ)ဦးဝင်းစိုး ၈/မကန(နိုင်)၁၉၁၆၃၆ ၏သား မောင်ပူစူးအား မောင်ရှင်းသန့်လင်းဟု ပြောင်းလဲခေါ်ပါရန်။

တစ်ဦးတည်းဖြစ်ကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရေချိုကျေးရွာအုပ်စုလေးတိုင်စဉ်ကျေးရွာနေ မောင်ဉာဏ်ထက်အောင် ၉/မထလ(နိုင်) ၃၆၄၀၁၄ ၏ ဖခင် ဦးဇော်ထူး(ခ)ဦးကျော်ဇောသည် အမည် နှစ်မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 74W/3782, New Zhineng-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီလာဝင်း ၉/ညဥန(နိုင်)၁၇၈၁၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး(မင်းဘူး)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇စယ/၁၈၆၄၁, Honda Wave-Alpha-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motor Bike Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းရုံး(မကွေး)

(၂၂-၆-၂၀၂၄) နှင့် (၁၃-၈-၂၀၂၄) ရက်စွဲပါ နှစ်ဦးသဘောတူသော မြေအရောင်းအဝယ်စရန်ပေး ကတိစာချုပ် ပျက်ပြယ်သွားပြီဖြစ်ကြောင်း ဦးအောင်အောင်၊ ဦးဇော်ဝင်းလွင်နှင့် အများသိစေရန် ကြေညာခြင်း

ဒေါ်နှင်းနွယ်ဝင်း ပိုင်ဆိုင်သည့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာကွင်း/အကွက်အမှတ်(၇၁၀/လက်ပံကုန်းကွင်း) ဦးပိုင်အမှတ်(၉၆+၉၇+၉၈)၊ ဧရိယာ(၁၄.၈၁)ကေ အကျယ်အဝန်းရှိသော ယာမြေကွက်ကို (၂၂-၆-၂၀၂၄) နှင့် (၁၃-၈-၂၀၂၄)ရက်တို့တွင် နှစ်ဦးသဘောတူ ယာမြေအရောင်းအဝယ် စရန်ပေးကတိစာချုပ်များ ချုပ်ဆိုကာ စရန်ငွေအဖြစ် သိန်း(၂၀၀၀)တိတိအား ပေးအပ်ခဲ့ပြီး ကျန်ငွေအားလုံးကို (၂၃-၉-၂၀၂၄)ရက်တွင် အပြေအကြေ ပေးချေရန် သတ်မှတ်ရက်တွင် ဝယ်ယူသူဘက်မှ ပျက်ကွက်ပါက ပေးအပ်ထားသော စရန်ငွေကို အဆုံးခံမည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပြီး ရောင်းသူက ပျက်ကွက်ပါက ရယူထားသော စရန်ငွေ၏ (၂)ဆကို ပြန်လည်ပေးလျော်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ကြပြီး စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့ ချုပ်ဆိုပြီးနောက်ပိုင်း စာရွက်စာတမ်းမူရင်းပိုင်ဆိုင်မှု ကိုင်ဆောင်ထားခြင်းမရှိသူ ဦးဇော်ခိုင်ဆိုသူမှ သတင်းစာတွင် ကန့်ကွက်လာသည့်အပေါ် ဖြေရှင်းရန်အတွက် ကျန်ငွေပေးချေရန် သတ်မှတ်သည့်ရက်တွင် ရောင်းသူ ဝယ်သူနှစ်ဦးသဘောတူစွာဖြင့် ပေးချေရန်ရက်အား နောက်ဆုတ်ခဲ့ပါသည်။ ထိုသို့ ဒေါ်နှင်းနွယ်ဝင်းမှ မြန်မာ့အလင်းသတင်းစာတွင် အရောင်းအဝယ်ပြုလုပ်ထားသည့် ယာမြေကွက်အား အရောင်းအဝယ် ဆက်လက်ပြုလုပ်မည်ဖြစ်၍ (၁၇-၁၁-၂၀၂၄) ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်မှုမူရင်း စာရွက်စာတမ်းများ ကိုင်ဆောင်ပြီး ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခဲ့ရာ မည်သူတစ်ဦးတစ်ယောက်မျှ ကန့်ကွက်ခဲ့ခြင်းမရှိခဲ့သောကြောင့် ဝယ်ယူသူများ ဘက်သို့ (၅-၁၂-၂၀၂၄)ရက်နောက်ဆုံးထားပြီး အရောင်းအဝယ် ဆက်လက်လုပ်ဆောင်ရန် အကြောင်းကြားစာပေးပို့ခဲ့ပြီး(၅-၁၂-၂၀၂၄)ရက်တွင် ကျွဲနွားထောက် အုပ်ချုပ်ရေးမှူးရှေ့တွင် ကန့်ကွက်သူ ဦးဇော်ခိုင်နှင့် ဝယ်ယူသူတို့အပါအဝင်ဖြေရှင်းခဲ့ပြီးဖြစ်သော်လည်း ဝယ်ယူသူတို့မှ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆိုခဲ့ခြင်း မရှိခဲ့သောကြောင့် စရန်ပေးချေထားသော ငွေများအားလုံး ဝယ်ယူသူတို့မှ ဆုံးရှုံးသွားပြီဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ထို့ကြောင့် (၂၂-၆-၂၀၂၄)နှင့် (၁၃-၈-၂၀၂၄)ရက်စွဲပါ စရန်ပေးကတိစာချုပ်များမှာ ပျက်ပြယ်သွားပြီဖြစ်သည့်အတွက် အထက်ဖော်ပြပါယာမြေကွက်သည် ဦးအောင်အောင်၊ ဦးဇော်ဝင်းလွင်တို့နှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် မည်သည့်ဆောင်ရွက်မှုကိုမဆို ဒေါ်နှင်းနွယ်ဝင်းမှ လုံးဝခွင့်မပြုပါကြောင်းနှင့် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းနွယ်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အိအိအိမ့်ကျော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၄၃၈)
ဖုန်း-၀၉-၇၉၇၅၈၆၅၉၄

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မဟာအောင်မြေခရိုင်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၅၄

ဒေါ်ပပအေး နှင့် ၁။ဦးခင်မောင်နိုင်ဦး
၂။ ဒေါ်ယဉ်မျိုးခိုင်
တရားလို တရားပြိုင်များ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျန်စစ်သားလမ်း၊ ၇၀x၇၁ လမ်းကြားနေ ၁။ ဦးခင်မောင်နိုင်ဦး ၊ ၂။ ဒေါ်ယဉ်မျိုးခိုင် (အတူနေလင်မယား) (ယခုနေရပ်လိပ်စာမသိသူ)တို့ အားသိစေရမည်။

သင့်အပေါ်၌ တရားလို က ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃ရက် (၁၃၈၆ခုနှစ်၊ ပြာသိုလဆန်း ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဇင်မျိုးသန့်)
ဒုတိယခရိုင်တရားသူကြီး(၄)
မဟာအောင်မြေခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အမရပူရမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂

ဒေါ်စုစုကျော် နှင့် ဦးအောင်စိုးဦး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရီလှိုင်)
တရားလို တရားပြိုင်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အကွက်အမှတ်(၀၀-၃၇)၊ ဦးပိုင်အမှတ်(၃၄)(ယခုနေရပ်လိပ်စာမသိ) ဦးအောင်စိုးဦး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရီလှိုင်)သိစေရမည်။

တရားပြိုင်ဦးအောင်စိုးဦး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဦးရီလှိုင်) သင့်အပေါ်၌ တရားလို ဒေါ်စုစုကျော်က မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာ၊ အကွက်အမှတ်(၀၀-၃၇)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀.၀၅၅၁)ကေရှိ ဦးအောင်စိုးဦးအမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက် ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်(၁၃၈၆ခုနှစ်၊ ပြာသိုလဆန်း ၂ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ် လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဖြိုးမင်းကျော်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
အမရပူရမြို့နယ်တရားရုံး

မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ အထက-ညောင်အိုင်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် G-11 ၌ ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၈၇၀) မောင်စစ်ပိုင်ထွန်း၊ G-11 ၌ ပညာသင်ကြားနေသော ကျောင်းဝင်အ မှတ် (၈၇၁) မောင်စစ်နိုင်ထွန်းနှင့် G-11 ၌ ပညာသင်ကြားနေသော ကျောင်းဝင်အမှတ်(၈၉၅) မစုစန္ဒီထွန်းတို့၏ မိခင်အမည်မှန်မှာ ဒေါ်ခင်လေးနွယ် ၁၄/ကကန(နိုင်)၀၉၆၀၀၇ ဖြစ်ပါကြောင်း။ **ဒေါ်ခင်လေးနွယ်**

ကန့်ကွက်နိုင်ပါကြောင်း

ပခုက္ကူမြို့၊ အမှတ်(၁၅)ရပ်ကွက်၊ (၁၉)လမ်း၊ ကွင်းအမှတ်(၃၄၄)၊ မကျီးသမျှားတောင်၊ မြေကွက်အမှတ်(G-၄၈)၊ ဧရိယာ(၀.၀၂၈)မြေကွက်မှာ ဦးမောင်းအမည်ဖြင့် ထုတ်ပေးထားသော မြေပေးမိန့်စာ ရွက်စာတမ်းများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါမြေကွက်ကို ဦးမောင်းထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သည့် ဦးဝဏ္ဏဆွေမှ (၂-၃-၂၀၂၀)ရက်တွင် ဝယ်ယူပိုင်ဆိုင် ခဲ့ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးဝဏ္ဏဆွေအနေဖြင့် အဆိုပါမြေကွက်ကို ဂရန်အမည်ပေါက်လျှောက်ထားမှုအပေါ်ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်လိုသူမရှိပါက ဂရန်လျှောက်ထားမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားမှုအရ
ဦးစိန်ဝင်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၈၈)
ငါးကြင်းလမ်း၊ အမှတ် (၁၂)ရပ်ကွက်၊ ပခုက္ကူမြို့၊
ဖုန်း-၀၉-၉၇၄၅၈၁၁၀၆

ငြင်းချက်ထုတ်ရန်ဆင့်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တန့်ယန်းခရိုင်တရားရုံး
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဒေါ်အေးနွဲ့ နှင့် ဒေါ်ခင်အေးမြင့်
(တရားလို) (တရားပြိုင်)

တန့်ယန်းမြို့၊ အုပ်စု(၁)၊ ရပ်ကွက်(၁)နေ ဒေါ်ခင်အေးမြင့် (ယခုနေလိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်အေးနွဲ့က မြေကွက်အားမှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေရှေ့ရပ်နှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်(၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သိန်းဦး)
ခရိုင်တရားသူကြီး
တန့်ယန်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဲတော(၃) ကျော်ဇော်လှိုင်ရပ်ကွက်ရှိ အနောက်ဘက်တွင် ဦးလှိုင်အေး၊ အ ရှေ့ဘက်တွင် ဦးလှိုင်အေး၊ မြောက်ဘက်တွင် လမ်းမကြီးကြားရှိ မြေဧရိယာ (၁၅x၆၀)ပေပေါ်တွင် ဦးကြာဘော် ၉/ဝတန (နိုင်)၀၄၀၁၂၂မှ အဆောက်အအုံ ဆောက်လုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

ဦးကြာဘော် ဖုန်း-၀၉-၄၀၂၇၃၁၅၃၉

(၂၉-၁၁- ၂၀၂၄)ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ ဒေါ်စိုးလဲ့စန္ဒီ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်လဲ့လဲ့လှိုင်(တရားလွှတ်တော်ရှေ့နေ)မှ ကြေညာခဲ့သော "ဦးမျိုးမြင့်၊ ဒေါ်အေးမီထွန်းနှင့် အများသိစေရန်ကြေညာချက်" နှင့်ပတ်သက်ပြီး ဒေါ်စိုးလဲ့စန္ဒီနှင့် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးမြင့်(၁၂/တမန(နိုင်)၀၀၁၀၈၂)နှင့် ဒေါ်အေးမီထွန်း (၁၂/သဃက(နိုင်) ၀၀၄၆၇၀)တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးမီထွန်းမှ လူကြီးမင်းဒေါ်စိုးလဲ့စန္ဒီပိုင်ဆိုင်သည်ဆိုသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၉)၊ ရွှေပဒေသာလမ်း၊ မြေကွက်အမှတ်(၈၇၃/က)(၂၀x၆၀)ပေ၊ (၁၂၀၀)စတုရန်းပေရှိ ဦးခင်မောင်အေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့အား (၄-၆-၂၀၂၄)ရက်စွဲပါ စရန်ပေး ကတိစာချုပ်ချုပ်ဆိုပြီး အရောင်းအဝယ်ပြုလုပ်သည့် ကာလတန်ဖိုးငွေကျပ် သိန်း(၂၉၈၀)အနက်မှ ပထမအရစ် စရန်ငွေကျပ်သိန်း(၈၀)တိတိကိုလည်းကောင်း၊ (၂၃-၆-၂၀၂၄)ရက်တွင် ဒုတိယအရစ် စရန်ငွေကျပ်သိန်း(၆၀၀)ကိုလည်းကောင်း အသီးသီးပေးချေခဲ့ပြီး အရောင်းအဝယ်ကို (Home loan) အိမ်ရာချေးငွေစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း၊ ဘဏ်ချေးငွေရရှိသည့်ရက်တွင် အပြီးသတ်ငွေပေးချေကြရန်နှင့်အရောင်းမြေပုံမြေရာဇဝင်ရရှိပြီး ခန့်မှန်း(၄၅)ရက်ပြည့်မြောက်သည့်ရက်တွင် ပေးချေကြရန်လည်း ထည့်သွင်းဖော်ပြထားသော်လည်း လူကြီးမင်း ဒေါ်စိုးလဲ့စန္ဒီမှ ဖော်ပြထားသကဲ့သို့ ၎င်းအနေဖြင့် မြေပုံ၊ မြေရာဇဝင်ထုတ်ယူပေးနိုင်ခြင်းမရှိ၍ ကျွန်ုပ်၏မိတ်ဆွေများကသာ ကြိုးစားထုတ်ယူပေးခဲ့ရခြင်းသာ ဖြစ်ပါသည်။

